# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ပန်ဆင်သူအကျိုးကိုဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၅ ရက် ၂၀၁၉ ခုနှစ်၊ မတ် ၁၀ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၅၈)၊ အမှတ် (၁၆၁)


## ယနေ့ မာတိကာ


ရွှေတိဂုံစေတီတော် မြတ်ကြီးတွင် ရွှေစင်ပြားသက်န်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပ စာမျက်နှာ » ၃

ထွန်းဖောင်ဒေးရှင်း စာပေဆု (၂၀၁၈) ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ စာမျက်နှာ » ၁၀



ရုရှားနိုင်ငံ၏ အက်စ် ၄၀၀ ဒုံးကျည်စနစ်ကို တူရကီ ဝယ်ယူမည်ဆိုပါက အမေရိကန်နှင့် တူရကီကြား အကြီးအကျယ် ရိုက်ခတ်မှုများ ဖြစ်လာမည် စာမျက်နှာ » ၁၄




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ Nong Khai ခရိုင်ရှိ ထိုင်း- လာအို နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်စခန်းတွင် တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။

ဓာတ်ပုံ- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ထိုင်း - လာအို နှစ်နိုင်ငံနယ်စပ်ဖြတ်ကျော်စခန်းသို့ သွားရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် မတ် ၉**

ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် General Ponpipat Benyasri ၏ ဖိတ်ကြားချက်အရ ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပတ္တရားမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး Udon Thani ခရိုင်ရှိ ထိုင်းဘုရင့်တပ်မတော်လေတပ် Win 23 ဌာနချုပ်သို့ ရောက်ရှိကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား လေတပ်စခန်းဌာနချုပ်မှူး Group Capatain Chanawee Klinmalee နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ထိုင်းဘုရင့်လေတပ်ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် Wat Pa Baan Tat ဘုရားကျောင်းသို့ ရောက်ရှိကြပြီး ကျောင်းထိုင်ဆရာတော် LUANGTASOODJAI TANTAMANOCHAYA အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆




မြန်မာ့အလင်း

# အလျှင်အမြန်ဆောင်ရွက်ရမည့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု

လေတိုက်တိုင်းမှာ အမှိုက်များ လွင့်ပျံနေသည်။ မြို့အဝင်အထွက်များမှာ၊ အဝေးပြေးလမ်းမကြီးများဘေးတစ်လျှောက်မှာ၊ ရထားလမ်းများ၏ ဝဲယာမှာ၊ မြို့များ၊ ရွာများအနီးက မြစ်ကမ်းပါးများဆီမှာ၊ လူအများ သောင်းနှင့် သိန်းနှင့်ချီ၍ လာရောက်ကြသည့် ဘုရားပုထိုးများနှင့် တောတောင်များဆီမှာ၊ ပင်လယ်ကမ်းခြေ အပန်းဖြေနေရာများမှာ စသည်စသည်ဖြင့် နေရာတကာမှာ အကျည်းတန်စွာ တွေ့ရသည်။ အမှိုက်ကို စွန့်ပစ်ချင်သလို စွန့်ပစ်ခြင်းသည် စည်းကမ်းမဲ့ခြင်းဖြစ်ကြောင်း၊ ရှက်စဖွယ်လုပ်ရပ်ဖြစ်ကြောင်း၊ အများကို ထိခိုက်စေသည့်အတွက် မလုပ်အပ်ကြောင်း၊ နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ကျဆင်းစေကြောင်း စသည့် နီတိကျင့်ဝတ်တို့ကို နားမလည်၊ လေ့ကျင့်သင်ကြားခဲ့ရခြင်းကလည်း မရှိခဲ့သလောက်နီးနီး စသည်တို့ကြောင့် အမှိုက်ပြဿနာက နိုင်ငံအနှံ့ ဒေသအသီးသီးမှာ ယခုလို ပေါ်ပေါက်နေရခြင်းဖြစ်သည်။

၂၀၁၂ ခုနှစ် ကမ္ဘာ့ဘဏ်၏ ခန့်မှန်းချက်တစ်ခုအရ မြန်မာနိုင်ငံတွင် အမှိုက်တန်ချိန် ၅၆၁၆ တန်ကို နေ့စဉ် စွန့်ပစ်နေပြီး ၂၀၂၅ ခုနှစ်တွင် ၂၁၀၁၂ တန်အထိ ဖြစ်လာမည်ဟူ၍ ခန့်မှန်းထားသည်။ နေ့စဉ် အမှိုက်စွန့်ပစ်မှု၏ ၅၅ ရာခိုင်နှုန်းကို အဓိကမြို့ကြီးသုံးမြို့က စွန့်ပစ်နေခြင်းဖြစ်ပြီး ရန်ကုန်တွင် နေ့စဉ်အမှိုက်တန်ချိန် ၁၉၈၁ နှင့် မန္တလေးတွင် ၉၅၅ တန်၊ နေပြည်တော်တွင် တန် ၁၆၀ စွန့်ပစ်ခဲ့သည်ဟု ဆိုသည်။ ဤသည်မှာ လွန်ခဲ့သည့် ခုနှစ်နှစ်ကာလက ခန့်မှန်းချက်ဖြစ်ရာ လက်ရှိအခြေအနေတွင် သည့်ထက်ပိုနေလောက်ပြီဟု ခန့်မှန်းရသည်။ လွန်ခဲ့သည့် နှစ်အနည်းငယ်က ရန်ကုန်တွင် အမှိုက်စွန့်ပစ်ခြင်းနှင့် စပ်လျဉ်း၍ ရှေ့ပြေးစီမံချက်တစ်ခု စမ်းသပ်အကောင်အထည်ဖော်ခဲ့ရာ အရောင်ခွဲခြားထားသည့် အမှိုက်ပုံး သုံးပုံးထဲသို့ သတ္တုနှင့် ဖန်မှန်စွန့်ပစ်ပစ္စည်းများ၊ ပလတ်စတစ် စွန့်ပစ်ပစ္စည်းများနှင့် ပုပ်သိုးဆွေးမြည့်သွားမည့် အော်ဂဲနစ်အမှိုက်များကို ခွဲခြားစွန့်ပစ်စေခြင်း ဖြစ်သည်။ ယင်းစနစ်တွင် အမှိုက်စွန့်ပစ်သူတို့၏ ပူးပေါင်းပါဝင်မှုက အပြည့်အဝ လိုအပ်သည်။ အဓိကအကျဆုံးအချက်မှာ စည်းကမ်းကိုလိုက်နာခြင်း တစ်နည်းအားဖြင့် လူတိုင်းကိုယ်စီ မိမိကိုယ်ကိုယ် တာဝန်ယူကြခြင်းပင် ဖြစ်သည်။

နိုင်ငံနှင့်အဝန်းတွင် နေ့စဉ်နှင့်အမျှ တန်ချိန်ပေါင်း ထောင်နှင့်ချီ၍ ထွက်နေသည့် နေအိမ်အမှိုက်များ၊ စက်ရုံအလုပ်ရုံအမှိုက်များ၊ ဆေးရုံဆေးခန်းအမှိုက်များ၊ စွန့်ပစ်ရေဆိုးများ စသည်တို့ကို လိုက်လံသိမ်းဆည်းခြင်း၊ သိမ်းဆည်းအမှိုက်များကို စွန့်ပစ်နေရာများဆီသို့ သယ်ဆောင်ခြင်း၊ သတ်မှတ်နေရာများ၌ စွန့်ပစ်ခြင်း၊ စုပုံခြင်း၊ တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ တစ်နည်းနည်းဖြင့် အသုံးချခြင်း စသည်တို့အတွက် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကို အမျိုးသားအဆင့်အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်သည်။

လတ်တလောအားဖြင့်မူ **3R activities** ဟုဆိုသော **(Reduce, Reuse, Recycle)** ကို ကျင့်သုံးရန် ပညာရှင်တို့က အကြံပြုထားသည်။ ပလတ်စတစ်တစ်ခါသုံး အသုံးအဆောင်များကို လျှော့ချသုံးစွဲရန်၊ တစ်ကြိမ်မက အသုံးပြုရန်နှင့် စွန့်ပစ်ပစ္စည်းများကို ကုန်ကြမ်းအဖြစ်သုံး၍ အခြားပစ္စည်းများ ပြန်လည်ထုတ်လုပ်ရန်ဖြစ်သည်။ ယခုအခါ ကျေးလက်ဒေသများတွင် အမှိုက်ကင်းစင်စံပြကျေးရွာများ သတ်မှတ်လှုပ်ရှားလာသကဲ့သို့ မြို့ကြီးများနှင့် တက္ကသိုလ်ကျောင်းများမှ လူငယ်လူရွယ် အဖွဲ့အစည်းများ၏ အမှိုက်ကင်းစင်ရေး၊ သန့်ရှင်းရေးလှုပ်ရှားမှုများ၊ အသိပညာပေးရေး ဆောင်ရွက်မှုများကို စိတ်ဆန္ဒအလျောက် တက်တက်ကြွကြွ ဆောင်ရွက်လာကြသည်များကိုလည်း တွေ့ရသည်။

အမှိုက်ကို စည်းမဲ့ကမ်းမဲ့ ပရမ်းပတာ စွန့်ပစ်မှုများအပေါ် ရှက်တတ်လာကြပြီး မိမိနေထိုင်ရာပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်လှပရေး ဆောင်ရွက်မှုများအပေါ် ဂုဏ်ယူလာကြခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ ထွန်းကားပြန့်ပွားလာသည်နှင့်အမျှ အကျည်းတန်အမှိုက်များ ပါးလျားကင်းစင်လာမည်ဖြစ်ပါကြောင်း။ ။

## ၂၀၁၉ ခုနှစ်၊ (၇၄) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ် ကာကွယ်စောင့်ရှောက်ရေးတို့ကို အဓိကထား ဆောင်ရွက်ရေး။

( ခ ) သမိုင်းကြောင်းအရ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် စဉ်ဆက်မပြတ် ခံယူလုပ်ဆောင်ရေး။

( ဂ ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုအဖြစ် တည်ဆောက်ရာတွင် မဖြစ်မနေ လိုအပ်သော ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဒို့တာဝန်အရေးသုံးပါးကို အခြေခံသော ငြိမ်းချမ်းရေးမူဝါဒ (၆) ရပ်ဖြင့် တပ်မတော်မှ ခိုင်ခိုင်မာမာဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပိုင်နက်နယ်မြေနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်စောင့်ရှောက်နိုင်မည့် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

## ငါးလုပ်ငန်းကဏ္ဍ အဂတိမှုအသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ နေပြည်တော်၌ ကျင်းပ

**နေပြည်တော် မတ် ၉**

ငါးလုပ်ငန်းကဏ္ဍ အဂတိမှုအသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၇ ရက်က နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ငါးမွေးမြူရေးလုပ်ငန်းသည် ငါးစားသုံးခြင်း၊ ငါးအခြေခံထွက်ကုန်များ အပါအဝင် အစားအစာအာဟာရ ဖူလုံရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖော်ဆောင်ပေးလျက်ရှိကြောင်း၊ အရည်အသွေးပြည့်ဝသည့် ငါးနှင့်ရေထွက်ပစ္စည်းများ ပြည်ပသို့တင်ပို့ရာတွင် ရင်ဆိုင်ရသည့် စိန်ခေါ်မှုများ ကျော်လွှားနိုင်ရေး၊ ငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးရေးတို့အတွက် အခြေခံအဆောက်အအုံများနှင့် ကောင်းမွန်သော စီမံခန့်ခွဲမှုများ တိုးတက်ဆောင်ရွက်ရန် လိုအပ်လျက်ရှိသကဲ့သို့ ငါးလုပ်ငန်းဆိုင်ရာ တားဆီးကာကွယ်မှုများတွင် အဟန့်အတားများဖြစ်ပေါ်နိုင်သည့် အဂတိမှုများ ကင်းရှင်းရေးသည် အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

ပင်လယ်သမုဒ္ဒရာ အရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ရေရှည် တည်တံ့စွာ အသုံးချနိုင်ရန်၊ တာဝန်ယူမှုရှိသော စီမံခန့်ခွဲမှုအလေ့အထများ လုပ်ဆောင်ရန်၊ အများပြည်သူဆိုင်ရာ အရင်းအမြစ်များကို မှားယွင်းစွာစီမံခန့်ခွဲမှုမှ ကာကွယ်နိုင်ရန်၊ ငါးလုပ်ငန်းဆိုင်ရာ ဥပဒေများနှင့် တားဆီးကာကွယ်မှုများ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိသည့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာန၊ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုခင်းဆိုင်ရာ ကုလသမဂ္ဂရုံးအဖွဲ့ (UNODC) နှင့် နော်ဝေနိုင်ငံမှ ပညာရှင်များ ပူးပေါင်း၍ ငါးလုပ်ငန်းကဏ္ဍ အဂတိမှု အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲ ကျင်းပမည်

**နေပြည်တော် မတ် ၉**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ချင်းပြည်နယ် အစိုးရအဖွဲ့၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတို့ ပူးပေါင်း၍ ချင်းပြည်နယ် ရင်းနှီးမြှုပ်နှံမှုနှင့် ဒေသထွက်ကုန်ပြပွဲကို ရန်ကုန်မြို့ရှိ Myanmar Convention Center ၌ မတ် ၁၆ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ချင်းပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနှင့် အလားအလာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ ဟိုတယ်နှင့်ခရီးသွားလာရေးကဏ္ဍ၊ လျှပ်စစ်စွမ်းအင်ကဏ္ဍနှင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့ကို တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြမည်ဖြစ်ပြီး တိုက်ရိုက်မေးမြန်း ရှင်းလင်းပြောကြားနိုင်မည့် အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်ကာ အသေးစိတ်သိရှိလိုပါက ချင်းပြည်နယ် ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ရင်းနှီးမြှုပ်နှံမှုကော်မတီ ခရိုင်စုပေါင်းရုံး ဖုန်း၊ ဖက်စ်-၀၇၀-၂၁၃၂၃၊ E.mail-dica.chin@gmail.com နှင့် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သစ္စာလမ်း အမှတ်(၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဖုန်း ၀၁-၆၅၈၁၃၂၊ ဖက်စ် ၀၁-၆၅၈၁၄၃၊ E.mail-dica.ip.mm@gmail.com တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိတ္ထီလာတက္ကသိုလ် လမ်းလျှောက် ရေသဘင်ပွဲ ဒုတိယအကြိမ် ကျင်းပမည်

**မိတ္ထီလာ မတ် ၉-** မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ လမ်းလျှောက်ရေသဘင်ပွဲတော်ကို မတ်လ ၂၇ ရက်တွင် အဆိုပါ တက္ကသိုလ်ကျောင်းဝင်းအတွင်း၌ ရေကစားမဏ္ဍပ်များ၊ ဘာသာရပ်အလိုက် စတုဒိသာမဏ္ဍပ်များ တည်ဆောက်၍ ကျင်းပသွားမည်ဖြစ်သည်။ ယင်းပွဲတော်တွင် ယိမ်းအကများဖြင့် ညှော့ခံဖြေဖျော်သွားမည့်အပြင် နိုင်ငံကျော်အဆိုတော်များဖြစ်သည့် ထက်ယံ၊ အိုအေစစ်တို့ကလည်း ပါဝင်အားဖြည့်သီဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**




## မချမ်းဘောမြို့၌ စားသောက်ကုန်နှင့် လူသုံးကုန် ပစ္စည်းထုတ်လုပ်နည်း သင်တန်းဆင်း

**မချမ်းဘော မတ် ၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူး၍ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းထုတ်လုပ်နည်း သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့က မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည်သိမ်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းသားသင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များပေးအပ်ခဲ့သည်။ ယင်းသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀ တို့ကို ဖျော်ရည်ပြုလုပ်နည်းနှင့် ယိုထုတ် လုပ်နည်း ၁၁ မျိုးကို သုံးပတ်ကြာ သင်ကြားပို့ချပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဖုန်ကန်(ပူတာအို)**

# ပြဒါးရည်ဖြင့် စီမံပူဇော်ထားသည့် ပဋ္ဌမံပြဒါးရှင် ကိုးနဝင်းဓာတုစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့် အထက်အစိတ်အပိုင်းများ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ရင်ငွေ့လှုံ့ပူဇော်

**ရန်ကုန် မတ် ၉**

မော်လမြိုင်မြို့ဖားအောက်ရိုးဂိုးကျေးရွာ သာမညစကြာ်တောင်တွင် ပြဒါးရည်တန် ၂၀၊ ပိဿာ ၁၃၀၀၀ ဖြင့် စီမံပူဇော်ကာ တည်ထားကိုးကွယ်မည့် ဆုတောင်းပြည့်စကြာအေး မိုးပျံ့ပဋ္ဌမံပြဒါးရှင် ကိုးနဝင်းဓာတုစေတီတော်မြတ်ကြီး၏ ရတနာစိန်ဖူးတော်အပါအဝင် အထက်အစိတ်အပိုင်းများဖြစ်ကြသည့် ကြာမောက်ကြာလန်၊ ငှက်ပျောဖူး၊ ထီးတော်နှင့် ရပ်တော်မူ လေးဆူတို့အား လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ငွေ့လှုံ့ပူဇော်ခြင်းမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်အောင်မြေနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော သံဃာတော် အရှင်သူမြတ်များနှင့် ဩ့ပရိသတ်အပေါင်းက ရင်ငွေ့လှုံ့ပူဇော်မည့် ရတနာစိန်ဖူးတော်၊ ကြာမောက်ကြာလန်၊ ငှက်ပျောဖူးနှင့် ထီးတော်တို့အား ရင်ပြင်တော်တစ်ပတ်လှည့်လည် အပူဇော်ခံသည်။

ဆက်လက်၍ အထက်ပစ္စယံရှိ ပတ္တမြားမျက်ရှင်၌ ရင်ငွေ့လှုံ့အနေကဇာတင်ကြပြီး သာမညတောင်ဆရာတော်ကြီး မဟာကမ္မဋ္ဌာနာစရိယ တစ်ဘဝသာသနာ ဘဒ္ဒန္တသောဘန မထေရ်မြတ်နှင့် ခမည်းတော် မယ်တော်မိသားစုက ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေပြားကပ်လှူရန် ကျပ် ၁၀၈ သိန်းတန်ဖိုးရှိ ရွှေစင် ၁၃ ကျပ်သားကိုပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ ဆရာတော်နှင့် သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

“ဒီပြဒါးစေတီလို စေတီမျိုးဟာ မြန်မာနိုင်ငံမှာလည်း မရှိသေးဘူး၊ ကမ္ဘာမှာလည်းမရှိလို့ ကမ္ဘာ့အံ့ဖွယ်ကြီးဖြစ်လာမယ်။ ရွှေငွေရတနာကဲ့သို့ ရွှေဖြစ်အောင် ပေးစွမ်းနိုင်သော၊ ရွှေဖျိုလည်းဖြစ်သော၊ လောကီအစွမ်းသတ္တိနှင့်လည်းပြည့်စုံသောပြဒါးရှင်များသည် လောကီရတနာထိုက်ကြောင်းနဲ့ ထိုလောကီရတနာပြဒါးရှင်များဖြင့် ဘုရားတရားသံဃာ လောကုတ္တရာရတနာများကိုပူဇော်ရခြင်းသည် လွန်စွာမြင့်မြတ်တယ်” ဟု ဗန်းမော်ဆရာတော်ကြီးက မိန့်တော်မူသည်။



ပဋ္ဌမံပြဒါးရှင် ကိုးနဝင်းဓာတုစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်နှင့် အထက်အစိတ်အပိုင်းများ ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ရင်ငွေ့လှုံ့ပူဇော်စဉ်။

အဆိုပါ ပြဒါးရှင် ကိုးနဝင်းဓာတုစေတီတော်၏ ကြာမောက်ကြာလန်၊ ငှက်ပျောဖူး၊ ထီးတော်နှင့် ရပ်တော်မူလေးဆူတို့ ရင်ငွေ့လှုံ့ပူဇော်ခြင်းကို မတ် ၁၂ ရက်ထိ ပြုလုပ်မည်ဖြစ်ပြီး မတ် ၃၁ ရက်တွင် ထီးတော်တင်လှူမည်ဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ပြဒါးရည် ငါးတန်ဖြင့် စီမံပူဇော်မည့် နဂါးရုံဘုရား၊ ဓမ္မစကြာမုဒြာဆင်းတုတော်နှင့် မိုးကုတ်ဆရာတော်ကြီး၏ ပြဒါးရှင်ရုပ်ပွားတော်များအားလည်းကောင်း၊ ပြဒါးတန်ရာပေါင်းများစွာဖြင့် ပိဋကတ်သုံးပုံ နိကာယ်ငါးရပ် ပါဠိတော်အုပ် ၄၀ ရှိ ဘုရားဟော ပါဠိတော်များအားလည်းကောင်း ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း၊ ဓာတ်ပုံ - ဇော်မင်းလတ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရွှေစင်ပြားသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပ



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဇနီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆက်ကပ်လှူဒါန်းမည့် ရွှေပြားသင်္ကန်းတော်များကို မင်္ဂလာရထားပျံပေါ်သို့ ပင့်ဆောင်ပူဇော်စဉ်။ သတင်းစဉ်

**ရန်ကုန် မတ် ၉**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့မှ ဝန်ထမ်းမိသားစုများက ရွှေပြားသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရွှေတိဂုံစေတီတော် ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်ရီ၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဇနီး ဒေါ်သစ်သစ်အောင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်း၊ သာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ စက်မှုဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်မြတ်ကြီးအား ကပ်လှူပူဇော်မည့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက လှူဒါန်းသည့်ခြောက်ကျပ်သား ရွှေပြားသင်္ကန်း သုံးချပ်၊ စက်မှုဝန်ကြီးဌာနက လှူဒါန်းသည့် ခြောက်ကျပ်သားရွှေပြားသင်္ကန်းသုံးချပ်တို့အား စက်မှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ဇနီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးဝင်းနိုင်ထံ ပေးအပ်လှူဒါန်းပြီး ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ဆရာတော်၊ သံဃာတော်များအား စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိပုဂ္ဂိုလ်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး အနုမောဒနာတရားနာယူ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကာ တက်ရောက်လာကြသူများက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆက်ကပ်လှူဒါန်းမည့် ရွှေပြားသင်္ကန်းတော်များကို မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်ခဲ့ကြသည်။

**သတင်းစဉ်**

# မြောင်းမြမြို့နယ်ရှိ မြတိဂုံစေတီတော်၏ ရွှေထီးတော်အား ဉာဏ်တော်ကိုးပေဖြင့် ပြင်ဆင်တင်လှူမည်

**မြောင်းမြ မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြစိမ်းရောင်တောင်တော်ပေါ်ရှိ မြတိဂုံစေတီတော်မြတ်ကြီး ရွှေထီးတော်အား ဉာဏ်တော် ကိုးပေအမြင့်ဖြင့် ပြန်လည်တင်လှူပူဇော်သွားမည် ဖြစ်ကြောင်း ယမန်နေ့က မြစိမ်းရောင်သာသနာ့နယ်မြေ၌ ကျင်းပသော မြို့နယ်သံဃနာယက ဆရာတော်ကြီးများနှင့် ဩဝါဒခံယူပွဲမှ သိရသည်။

မြတိဂုံစေတီတော်မြတ်ကြီးမှ စိန်ဖူးတော်၊ ငှက်မြတ်နားတော် အဟောင်းတို့ကို ယခင်လက မြို့နယ်သံဃနာယကဆရာတော်ကြီးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဇေယျနှင့် မြစိမ်းတောင် သာသနာ့အကျိုးတော်ဆောင်များက စေတီတော်ကြီးမှ ဖြုတ်ယူပင့်ဆောင်ကာ စိန်ဖူးတော်အတွင်း ဌာပနာသည့် ရွှေငွေရတနာပစ္စည်းများကို ဌာနဆိုင်ရာများက စနစ်တကျစာရင်းဇယားပြုလုပ်မှတ်တမ်းထားရှိပြီး မြစိမ်းတောင် အာရုံခံတန်ဆောင်းအတွင်း၌ အများပြည်သူ ဖူးမြော်နိုင်ရန် ထားရှိသွားမည်ဖြစ်ပြီး ယခုအခါဉာဏ်တော်အမြင့် ခုနစ်ပေရှိ ရွှေထီးတော်ကြီးမှာ ရွှေရောင်အဆင်းများ ပျက်ပြယ်ကာဆိုင်းကြိုးများပြတ်နေခြင်း၊ မဏ္ဍိုင်အနည်းငယ်တိမ်းစောင်းနေခြင်းကြောင့် အသစ်လဲလှယ်ရန်လိုအပ်သဖြင့် မြို့နယ်သံဃနာယက ဆရာတော်ကြီးများနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြစိမ်းရောင်တောင်တော် သာသနာ့အကျိုးတော်ဆောင်များ တွေ့ဆုံညှိနှိုင်းဆုံးဖြတ်ချက်အရ လက်ရှိရွှေထီးတော်ကို ဖြုတ်ချပြင်ဆင်၍ ဉာဏ်တော်အမြင့်ကိုးပေရှိ ရွှေထီးတော်အဖြစ် ပြန်လည်အသစ် ပြင်ဆင်ကာ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့နှင့်အတူ ပြန်လည်တင်လှူပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

မြတိဂုံ စေတီတော်မြတ်ကြီးကို မြစိမ်းရောင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တဣဿရိယ ဘဝနတ်ထံပျံ့လွန်တော်မမူမီ တည်ထားပြီးစီး၍ ရွှေထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ အသစ်တင်လှူပူဇော်ထားရှိခဲ့ခြင်းဖြစ်ကာ ယခုအခါ စိန်ဖူးတော်၊ ငှက်မြတ်နားတော် အသစ်နှင့် ရွှေထီးတော် ရွှေသင်္ကန်းကပ်လှူခြင်း၊ စေတီတော်လုံးတော်ပြည့် ရွှေဆေးသင်္ကန်းကပ်လှူခြင်းကို မြစိမ်းတောင်ဆရာတော်ကြီး၏ တပည့်ဒါယိကာမ ဒေါ်ညွန့်ယဉ်ဝင်း၊ အောက်ပုဂံကုမ္ပဏီ ရန်ကုန်မြို့က မတည်လှူဒါန်းပြီး မြစိမ်းတောင် ဆရာတော်ကြီး၏ မွေးနေ့အမီ ၂၀၁၉ ခုနှစ် မေလအတွင်း တင်လှူပူဇော်သွားမည်ဖြစ်ကြောင်း မြစိမ်းရောင် သာသနာ့အကျိုးတော်ဆောင် အဖွဲ့ဝင် ဦးကျော်နိုင်၏ ပြောပြချက်အရ သိရသည်။

**အောင်မင်း (မြောင်းမြ)**

# ကမ္ဘာလှည့်ခရီးသည်များ မြန်မာနိုင်ငံအတွင်းသို့ ပိုမိုဝင်ရောက်

**နေပြည်တော် မတ် ၉**

မြန်မာနိုင်ငံအတွင်းသို့ နိုင်ငံခြားသားများ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အပြည်ပြည်ဆိုင်ရာနယ်စပ် ဝင်/ထွက်ပေါက်များမှ ပြည်ဝင်ဗီဇာ (ကမ္ဘာလှည့်) နှင့်ပြည်ဝင်ဗီဇာ(လုပ်ငန်း)တို့ဖြင့် ဝင်ရောက်လျက်ရှိရာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကမ္ဘာလှည့်အနေဖြင့် ၁၀၀၁၄၅ ဦး၊ လုပ်ငန်းအနေဖြင့် ၂၃၉၄၉ ဦး ဝင်ရောက်ခဲ့ကြောင်း အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ သိရသည်။

အလားတူ ယခင်နှစ်ဖေဖော်ဝါရီလက ကမ္ဘာလှည့်အနေဖြင့် ၅၇၄၅၀ နှင့်လုပ်ငန်းအနေဖြင့် ၁၈၅၈၀ ဦးဝင်ရောက်ခဲ့၍ ယခုနှစ်ဖေဖော်ဝါရီလတွင် ယခင်နှစ်ဖေဖော်ဝါရီလထက် နိုင်ငံခြားသား ၄၈၀၆၃ ဦး ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

ထို့အတူ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ကမ္ဘာလှည့်အနေဖြင့် ၄၈၀၄၉၀ နှင့် လုပ်ငန်းအနေဖြင့် ၂၁၈၇၆၂ ဦးဝင်ရောက်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဧပြီလမှ ဖေဖော်ဝါရီလအထိ ကမ္ဘာလှည့်အနေဖြင့် ၅၈၃၅၉ ဦးနှင့် လုပ်ငန်းအနေဖြင့် ၂၂၇၀၄၇ ဦး ဝင်ရောက်ခဲ့သည်။ သို့ပါ၍ ၂၀၁၇-၂၀၁၈ ခုနှစ်ထက် ၂၀၁၈-၂၀၁၉ ခုနှစ်တွင် နိုင်ငံခြားသားဝင်ရောက်မှု ၁၁၆၁၅၄ ဦး ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်လူမော်**

# တောင်နဝင်းပင်မရေလှောင်တမံ ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုလုပ်ငန်းစဉ်များ မတ် ၃၁ ရက် အပြီးသတ်နိုင်ရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ ကွင်းဆင်းဆောင်ရွက်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ တောင်နဝင်းပင်မရေလှောင်တမံ ကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် မတ် ၉**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ် တောင်နဝင်း ပင်မရေလှောင်တမံ ထိပ်ပြင်အပေါ်ပိုင်းရှိ အက်ကြောင်းဖြစ်ပေါ်နေမှုနှင့်စပ်လျဉ်း၍ ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် လုပ်ငန်းဆောင်ရွက်နေမှုများကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းတို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ရေလှောင်တမံရှင်းလင်းဆောင်ဌ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က တမံထိပ်ပြင်အပေါ်ပိုင်းရှိ အက်ကြောင်းဖြစ်ပေါ်ခဲ့မှုအပေါ် ဌာနမှ အင်ဂျင်နီယာပညာရှင်များ၊ ဂျပန်နိုင်ငံ Sanyu အတိုင်ပင်ခံပညာရှင်များ၊ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီမှ အင်ဂျင်နီယာပညာရှင်များ၏ ကွင်းဆင်းစစ်ဆေးခဲ့မှုနှင့် သုံးသပ်ချက်များ၊ အက်ကြောင်းအတွင်းသို့ ဓာတုဗေဒဆေးရည်ဖြစ်သည့် Fluorecent Dye ဖြည့်သွင်းပြီးနောက် ဘူမိရူပဗေဒဆိုင်ရာနည်းပညာဖြင့် ပုံရိပ်ဖမ်းကာ အက်ကြောင်းဖြစ်ပေါ်မှုပုံစံနှင့် အတိမ်အနက်ကို တိုင်းတာစစ်ဆေးခြင်း၊ စမ်းသပ်လွန်တွင်းများတူးဖော်၍ မြေသိပ်သည်းဆ စစ်ဆေးခြင်းဆောင်ရွက်နေမှုများ၊ တမံကိုယ်ထည်၏နောက်ဘက်မှ မြေသားပိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

**ကြိုတင်စီမံထားကြရန် လိုအပ်**

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မိုးရာသီမရောက်မီ အပြီးဆောင်ရွက်ရန်နှင့် မတ် ၃၁ ရက်နောက်ဆုံးထား၍ လုပ်ငန်းများလက်စသပ်နိုင်ရေး စီမံဆောင်ရွက်ကြရန်၊ လက်ရှိစိစစ်ချက်အရ စိုးရိမ်ဖွယ်အခြေအနေ မတွေ့ရှိရသော်လည်း ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှု စောင့်ကြည့်ကာလ ထားရှိဆောင်ရွက်ရေးအတွက် လာမည့်မိုးရာသီတွင် ရေသိုလှောင်မှုပမာဏကို ထက်ဝက်လျှော့ချသိုလှောင်ရန်နှင့် ယင်းအခြေအနေအရ ရေသောက်ဧရိယာ လျော့နည်းနိုင်မှုကို ဒေသခံတောင်သူများအား ကြိုတင်အသိပေးထားရန်၊ စိုက်ပျိုးထုတ်လုပ်မှု လျော့ကျမသွားစေရန် နှမ်းစပါးအစား ရေအနည်းလိုသီးနှံများ အစားထိုးစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများက ဝိုင်းဝန်းဆောင်ရွက်ပေးနိုင်ရေး ကြိုတင်စီမံထားကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် တမံပြုပြင်မှုနှင့် တမံဝန်းကျင် မွမ်းမံမှုများတွင် လိုအပ်သလိုအသုံးပြုနိုင်ရန် မဟာမြိုင်ဆရာတော်က ပေးပို့လှူဒါန်းသည့် ဘိလပ်မြေအိတ် ၁၀၀၀ ကို ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လက်ခံရယူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တမံထိပ်ပြင်အပေါ်ပိုင်းရှိ အက်ကြောင်းအတွင်းသို့ ဘိလပ်မြေ၊ မြေဖယောင်း (Bentonite)၊ စီလီကွန်နန်းမျှင်များ (Micro Silicon Fiber) နှင့် နာနိုနည်းပညာသုံး ဓာတုဗေဒပစ္စည်း များ(Nano Grout Chemical) ရောစပ်၍ ထည့်သွင်းခြင်းဆောင်ရွက်နေမှု၊ အက်ကြောင်းတွေ့ရှိမှုအပေါ်မှုတည်၍ အပေါ်မြေသားဖယ်ရှားခြင်း၊ တမံ၏အောက်ခံအုတ်မြစ် အားဖြည့်ခြင်းအတွက် ဘိလပ်မြေသရွတ်မှုတ်သွင်းခြင်းနှင့် တမံကိုယ်ထည်၏ နောက်ဘက်မှ မြေသားပိုးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

**စိုက်ပျိုးရေဖူလုံစွာရရှိရေးကို အကျိုးပြု**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ တောင်နဝင်းပင်မရေလှောင်တမံသည် ၁၉၉၅ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သည့် မြေသားတမံအမျိုးအစားဖြစ်ကာ စိစစ်ပြီး ဆည်ရေသောက်ဧရိယာ ၅၇၂၅၈ ဧကအပေါ် မိုးစပါး၊ နွေစပါး၊ ကြံနှင့် အခြားသီးနှံများ စိုက်ပျိုးရေဖူလုံစွာရရှိရေးကို အကျိုးပြုလျက်ရှိသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် တမံထိပ်မျက်နှာပြင် အပေါ်ယံအပိုင်း၌ အက်ကြောင်းဖြစ်ပေါ်ရခြင်းအပေါ် ရေလှောင်တမံတည်ရှိရာ ပေါက်ခေါင်းမြို့ အနီးပတ်ဝန်းကျင်ကိုဗဟိုပြု၍ မြေငလျင်လေးကြိမ်လှုပ်ခတ်ခဲ့မှုကြောင့် တမံအောက်ခြေ အုတ်မြစ်ကျောက်သားတွင် လှုပ်ရှားမှုဖြစ်ပေါ်ခဲ့သဖြင့် တမံထိပ်မျက်နှာပြင် အပေါ်ယံအပိုင်း၌ အက်ကြောင်းဖြစ်ပေါ်ရခြင်း ဖြစ်နိုင်ကြောင်း ပြည်တွင်းပြည်ပ ပညာရှင်များက သုံးသပ်ခဲ့ပြီး အဆိုပါပညာရှင်များ၏ အကြံပြုချက်များကိုရယူကာ ရေလှောင်တမံကြံ့ခိုင်မှုနှင့် ဘေးကင်းလုံခြုံမှုအတွက်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်၍ မိုးမကျမီ လုပ်ငန်းများပြီးစီးရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်အပြင် ရေလှောင်တမံ၏ ကြံ့ခိုင်မှုစောင့်ကြည့်ကာလအတွင်း ရေသိုလှောင်မှုနှင့် ရေပေးဝေမှုကို ထိန်းညှိဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒသမအကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့အခမ်းအနား ပင်းတယမြို့နယ်၌ ကျင်းပ




ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် ဒသမအကြိမ်မြောက် တောင်ရိုးအမျိုးသားနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ပင်းတယ မတ် ၉**

ဒသမအကြိမ်မြောက် တောင်ရိုး အမျိုးသားနေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် ပင်းတယမြို့နယ် တည်ပင်ကျေးရွာ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် တောင်ရိုးအမျိုးသားအလံတော်ကို အလေးပြုကြပြီး တောင်ရိုးတမဲ ယဉ်ကျေးမှုအက၊ နောင်လွယ်ရိုးရာ စည်တိုဆိုင်းအကတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ကြသည်။

**အခွင့်အရေးများ အမိအရဆုပ်ကိုင်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က မိမိတို့၏ စကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းအစဉ်အလာများကို မပျောက်မပျက် ကာကွယ်ထိန်းသိမ်းရမည်မှာ သက်ဆိုင်ရာ လူမျိုးတိုင်း၏ မွေးရာပါတာဝန်တစ်ရပ်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့် လိုအပ်သည့် အကာအကွယ်ပေးခြင်းနှင့် ပံ့ပိုးကူညီသည့် အခန်းကဏ္ဍမှသာ အဓိကပါဝင်သွားမည်ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေတို့တွင် တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့် မဆန့်ကျင်လျှင် မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းပါရှိသဖြင့် တောင်ရိုးတိုင်းရင်းသားများအနေဖြင့် ဥပဒေပါ အခွင့်အရေးများကို အမိအရဆုပ်ကိုင် အသုံးချတတ်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရက ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးလုပ်ငန်းကို အထူးဦးစားပေး၍ တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိရာတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံကို (၃)ကြိမ်တိုင်တိုင် ကျင်းပခဲ့ပြီး တိုင်းရင်းသားပြည်သူများ လိုလားလျက်ရှိသည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ထူထောင်နိုင်ရန်အတွက် ပြည်သူများ၏ဆန္ဒနှင့်အညီ လိုအပ်သည့် အခြေခံမှုများကို ညှိနှိုင်းဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲနိုင်ရန်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားအခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ခြင်း၊ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် လူမှုစီးပွားဘဝတိုးတက်စေရေး ဆောင်ရွက်ခြင်းတို့ကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် တိုင်းရင်းသားလူမျိုးများ၏ နေ့ထူးနေ့မြတ်အခမ်းအနားများကို လွတ်လပ်စွာကျင်းပခွင့်ရရှိရေး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့်ချိတ်ဆက်ပြီး လိုအပ်သည့် ထောက်ပံ့ရန်ပုံငွေရရှိရေးကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ တောင်ရိုးတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအနေဖြင့် တစ်တပ်တစ်အား ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးက အလှူငွေများ ပေးအပ်ရာ တောင်ရိုးစာပေနှင့် ယဉ်ကျေးမှုကော်မတီက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ကျေးဇူးတင်စကား ပြောကြား**

ထို့နောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းက အမှာစကားပြောကြားပြီး အလှူငွေများပေးအပ်ကာ တောင်ရိုးစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းရွှေနှင့် အမျိုးသားနေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌတို့က ကျေးဇူးတင်စကား ပြောကြားကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌတို့သည် တောင်ရိုးစာပေနှင့် ယဉ်ကျေးမှုပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကာ စာအောင်တောင်ရိုးတိုင်းရင်းသား သံဃာတော်များအား ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း(၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသထားမှုအား ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၉**

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသမည့် ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများကို တင်ဒါစနစ်တို့ဖြင့် ရောင်းချမည့်အစီအစဉ်များ၊ ရတနာကုန်သည်များ ကြည့်ရှုဝယ်ယူနိုင်ရေးအတွက် ဆောင်ရွက်ထားသည့် အစီအစဉ်များကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် ယနေ့ နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးရာ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် ကျောက်အတွဲဝယ်ယူမည့် ရတနာကုန်သည်များက အလေးထားလိုက်နာဆောင်ရွက်ကြရေး ကြပ်မတ်ပေးရန်လိုကြောင်း၊ ဈေးကွက်အရ ဝယ်လိုအားနှင့် ရောင်းလိုအားကို ချင့်ချိန်၍ ဈေးကောင်းရရှိရေး ထိန်းချုပ်ရောင်းချနိုင်ရန်လိုကြောင်း၊ နောင်တွင် ကျောက်မျက်ရတနာအရိုင်းများအပြင် အချောထည်လက်ဝတ်ရတနာများကို ပိုမိုထုတ်လုပ်တင်ပြရောင်းချနိုင်ရေး စီမံဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

၂၀၁၉ ခုနှစ် (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပုလဲအတွဲပေါင်း ၂၇၄ တွဲ၊ ကျောက်မျက်အတွဲပေါင်း ၅၀၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၆၉၇၄ တွဲ တင်ပြရောင်းချမည်ဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဩစတြေးလျနိုင်ငံ၊ အမေရိကန်နိုင်ငံတို့မှ ပြည်ပရတနာကုန်သည် ၂၆၈၇ ဦး၊ ပြည်တွင်းရတနာကုန်သည် ၉၄၁ ဦး တက်ရောက်ကြည့်ရှုဝယ်ယူကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း (၅၆)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသမည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။

# ရန်ကုန်တိုင်းဒေသကြီး၏ ဓာတ်အားတိုးတက်သုံးစွဲမှုများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်မှုအပိုင်းအပြင် ဓာတ်အားဖြန့်ဖြူးခြင်းအပိုင်းများကို တိုးချဲ့ပြုပြင်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် မတ် ၉**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၂၃၀ ကေဗွီ ဝါးတရာပင်မဓာတ်အားခွဲရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အလုံမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ၂၃၀ ကေဗွီ အလုံပင်မဓာတ်အားခွဲရုံသို့ရောက်ရှိရာ အစည်းအဝေးခန်းမတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား တိုးတက်သုံးစွဲလာမည့် အခြေအနေအပေါ် ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ အမြဲတမ်းအတွင်းဝန် ဦးတင်မောင်ဦး၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ၊ ဦးစီးဌာန/ လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဓာတ်အားခွဲရုံမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်မှုအနေဖြင့် ယနေ့ အချိန်တွင် ၃၅၈၆ မဂ္ဂါဝပ်ခန့် ထုတ်လုပ်ပေးလျက်ရှိပြီး ရန်ကုန်တိုင်းဒေသကြီး၏ အမြင့်ဆုံးဓာတ်အားသုံးစွဲမှုမှာ (၁၅၄၈ ဒသမ ၂၃)မဂ္ဂါဝပ်ခန့်ရှိ၍ တစ်နိုင်ငံလုံး၏ ထက်ဝက်နီးပါးသုံးစွဲလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်ကဏ္ဍသည် မိမိတို့ဝန်ကြီးဌာနအတွက် အဓိကကျပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ နှစ်စဉ် ၁၅ ရာခိုင်နှုန်း တိုးတက်နေသည့်အတွက် အဆိုပါ ဓာတ်အားတိုးတက်သုံးစွဲမှုများကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်မှုအပိုင်းအပြင် ဓာတ်အားဖြန့်ဖြူးခြင်းအပိုင်းများကိုလည်း တိုးချဲ့ပြုပြင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဓာတ်အားသုံးစွဲမှုတိုးမြင့်လာသည်နှင့်အမျှ နွေရာသီ ဓာတ်အားပြတ်တောက်မှု မဖြစ်ပေါ်စေရေးအတွက် ဓာတ်အားခွဲရုံများ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါကြောင်း၊ သက်တမ်းကြာမြင့်နေပြီဖြစ်သော ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများအား အဆင့်မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဝန်အားပြည့်နေသော ဓာတ်အားလိုင်းများအား အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေး၊ ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းရေး၊ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှု လျော့နည်းစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့အတွက် အလေးအနက်ထား ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပင်မဓာတ်အားခွဲရုံမှူးများက မိမိတို့ ဓာတ်အားခွဲရုံအလိုက် ဓာတ်အားလိုင်းများ၊ ထရန်စဖော်မာတပ်ဆင်အင်အားနှင့် ဓာတ်အားသုံးစွဲမှုအခြေအနေ၊ ဝန်အားတိုးတက်လာမှုအတွက် ဆက်လက်တိုးချဲ့ဆောင်ရွက်ရန် လိုအပ်မည့်အစီအမံများအား ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးက လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်မှုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားပေးစက်ရုံများအား အဆင့်မြှင့်တင် ပြုပြင်မွမ်းမံခြင်း၊ လှော်ကား၊ အလုံ၊ ရွာမ၊ သာကေတ စက်ရုံများရှိ ပင်မထရန်စဖော်မာများ အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေမှုအခြေအနေများအား လည်းကောင်း၊ ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အထွေထွေမန်နေဂျာက ရန်ကုန်တိုင်းဒေသကြီးအတွင်း လက်ရှိဓာတ်အားသုံးစွဲမှုနှင့် တိုးတက်သုံးစွဲလာမည့်အခြေအနေ၊ System Improvement အဖြစ် ဆောင်ရွက်မည့် အခြေအနေနှင့် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ တိုးချဲ့ဆောင်ရွက်မည့် အခြေအနေတို့အား လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များအပေါ် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဖြည့်စွက်ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၂၃၀ ကေဗွီ ပင်မဓာတ်အားခွဲရုံတစ်ရုံတွင် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေးစဉ်။

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မှိုစိုက်ပျိုးရေးသင်တန်းဖွင့်

**တပ်ကုန်း မတ် ၉**

နေပြည်တော်ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု မှိုစိုက်ပျိုးရေးသင်တန်း အမှတ်စဉ်(၂/ ၂၀၁၉) သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ်လ ဒုတိယပတ်က အဆိုပါဦးစီးဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နေခြည်ဇာဝေက သင်တန်းဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မင်းဦးက ကောက်ရိုးမှိုစီးပွားဖြစ်စိုက်နည်းနှင့် မိသားစုအပိုဝင်ငွေရရှိရေးအကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သုံးရက်ကြာဖွင့်လှစ်မည်ဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းတင့်၊ မှိုစိုက်ပျိုးရေးနည်းပြများဖြစ်သည့် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဇော်မင်းဦး၊ ဒုလက်ထောက်ဦးစီးမှူး ဒေါ်သွယ်သွယ်ခိုင်၊ ဒုလက်ထောက်ဦးစီးမှူး ဒေါ်သန္တာကိုတို့က ကျေးရွာ ရှစ်ရွာမှ ကျေးလက်နေ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၀ကို မြေပြင်စိုက်ကျင်း၌ လက်တွေ့စိုက်ပျိုးနည်းများ သင်ကြားပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# အချိန်ပြည့်စောင့်ကြည့်ရမည့် ဝက်သက်ရောဂါ

**မေယု - မျိုးအောင် (MANA)**



> “ဝက်သက်ရောဂါသည် ဝက်သက်ရောဂါ ကာကွယ်ဆေး မထိုးထားသော ကလေးငယ်များတွင် ဝက်သက်နှင့် နောက်ဆက်တွဲရောဂါများ ဖြစ်ပွားနိုင်သည့် အန္တရာယ်အများဆုံးဖြစ်ပြီး ဝက်သက်ရောဂါ မဖြစ်ဖူးသူများတွင်လည်း ကာကွယ်ဆေးမထိုးပါက ဖြစ်ပွားနိုင်သည်။ ကာကွယ်ဆေးကို ကလေးအသက် ကိုးလတွင် ပထမအကြိမ်၊ အသက်တစ်နှစ်ခွဲတွင် ဒုတိယအကြိမ် နှစ်ကြိမ် ထိုးနှံပေးခြင်းဖြင့် ကာကွယ်နိုင်”

ဝက်သက်ရောဂါသည် ချောင်းဆိုးခြင်း၊ နှာချေခြင်းမှတစ်ဆင့် အဓိက ကူးစက်တတ်ပြီး နှာခေါင်းနှင့် လည်ချောင်းတို့မှ ထွက်ရှိသော အရည်များကို ထိတွေ့မိခြင်း၊ လူနာနှင့် အနီးကပ်ထိတွေ့နေထိုင်ခြင်းတို့မှတစ်ဆင့် ကူးစက်ပြန့်ပွားနိုင်သည်။

မြန်မာနိုင်ငံ၌ ပြီးခဲ့သည့် ၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များတွင် တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်တွင် အသက် ၁၈ နှစ်မှ ၂၀ ခန့် အသက်အုပ်စုများ၌ ဝက်သက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှု ၁၅ ကြိမ်ရှိခဲ့ပြီး နယ်စပ်ဒေသ ကာကွယ်ဆေးထိုးနှံမှု အားနည်းခဲ့သော ဒေသများ၌ ဖြစ်ပွားသေဆုံးမှုများပင်ရှိခဲ့ကြောင်း သိရသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်အတွင်းက မြန်မာနိုင်ငံတွင် ဝက်သက်နှင့် ဂျိုက်သိုးရောဂါ ကပ်ရောဂါအသွင် ဖြစ်နိုင်ခြေရှိခြင်းကြောင့် ရောဂါကာကွယ်ဆေးများကို တစ်နိုင်ငံလုံး၌ အစုလိုက် တစ်ပြိုင်နက် ထိုးနှံပေးခဲ့သည်။

**ဝက်သက်ကာကွယ်ဆေး ထိုးနှံ**

ကာကွယ်ဆေးကို ကျောင်းအခြေပြုနှင့် ပြည်သူလူထုအခြေပြုကာကွယ်ဆေးထိုးအစီအစဉ်နှင့် နှစ်ရပ်ခွဲ၍ ထိုးနှံပေးခဲ့ပြီး ကျောင်းအခြေပြုကာကွယ်ဆေးထိုးအစီအစဉ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၉ရက်နှင့် ၂၇ ရက်အထိ အသက် ငါးနှစ်မှ ၁၅ နှစ်အကြား ကလေးငယ်များတွင် ထိုးနှံပေးခဲ့သည်။ ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုး အစီအစဉ်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ အသက်ကိုးလမှ ငါးနှစ်အကြား ကလေးငယ်များနှင့် ပထမအကြိမ်တွင် ဆေးထိုးရန် ကျန်ရှိသောကလေးများအားလုံးကို ထိုးနှံပေးခဲ့သည်။

ကျောင်းအခြေပြုကာကွယ်ဆေးထိုး အစီအစဉ်တွင် အစိုးရ၊ ပုဂ္ဂလိက၊ ဘုန်းတော်ကြီးသင်စာသင်ကျောင်းများတွင် တက်ရောက်နေသော (ကျောင်းအပ်စာရင်းသွင်းထားသော) မူလတန်း၊ အလယ်တန်း၊ အထက်တန်းများမှ ကျောင်းသားများအနက် အသက် ၁၅ နှစ်မကျော်သော (၁၅ နှစ်တင်းတင်းပြည့်သူ အပါအဝင်) ကျောင်းသူကျောင်းသားများကို ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီး ပြည်သူလူထုအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်တွင် လူထုအတွင်းရှိ အသက်ကိုးလမှ ၁၅ နှစ်အထိ ကျောင်းမနေသောကလေးများနှင့် ကျောင်းအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်တွင် ကာကွယ်ဆေးမထိုးလိုက်ရဘဲ ကျန်ခဲ့သော ကလေးများကို အစုလိုက် ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးရှိ ဝက်သက်ရောဂါအဖြစ်များသော မြို့နယ်ခုနစ်မြို့နယ်၌ ဖေဖော်ဝါရီ ၁၇ ရက်တွင် အသက် ကိုးလမှ ၁၅ နှစ်အရွယ်ကလေးများကို ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံပေးမည် ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ သိရသည်။

ဝက်သက်ရောဂါ အဖြစ်များသည့် မြို့နယ်များဖြစ်သည့် လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ အင်းစိန်မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တို့ရှိ ကျန်းမာရေးဌာနများနှင့် ရပ်ကွက်အတွင်း စုရပ်နေရာများ၌ ကာကွယ်ဆေးထိုးပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်နိုင်ဦးက ဖေဖော်ဝါရီ ၁၁ ရက်တွင် ပြောသည်။

၂၀၁၆ ခုနှစ်က လှိုင်သာယာမြို့နယ်တွင် ဝက်သက်ရောဂါ အစုလိုက်ဖြစ်ပွားခဲ့သည့်အတွက်ကြောင့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် တွံတေးမြို့နယ်၊ အင်းစိန်မြို့နယ်၊ ကြည့်မြင်တိုင်မြို့နယ်၊ လှိုင်သာယာမြို့နယ်နှင့် သာကေတမြို့နယ်တို့ ပါဝင်သည့် ငါးမြို့နယ်၌ ကာကွယ်ဆေးအထူးစီမံချက်အနေဖြင့် ထိုးနှံပေးခဲ့သည်။

**ဝက်သက်ရောဂါဖြစ်ပေါ်ပုံ**

ဝက်သက်ရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပြီး အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်မြန်သော ရောဂါဖြစ်ကြောင်း သိရသည်။

“ဝက်သက်ကာကွယ်ဆေးက ပုံမှန်လည်းထိုးပေးနေတာဖြစ်တယ်။ အဖြစ်များတဲ့ ခုနစ်မြို့နယ်မှာ အပိုဆောင်းထပ်တိုးတာ ဖြစ်တယ်။ ကလေးအမေနဲ့ အုပ်ထိန်းသူတွေက ကျန်းမာရေးဝန်ထမ်းတွေ ထိုးပေးနေတဲ့အချိန်မှာ လိုလိုချင်ချင်နဲ့ ကလေးတွေကို ကာကွယ်ဆေး လာရောက်ထိုးနှံဖို့ လိုပါတယ်။ လိုလိုချင်ချင်နဲ့ ကာကွယ်ဆေးလာထိုးကြပါ” ဟု ၎င်းက ပြောသည်။

တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ယခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာတွင် ကာကွယ်ဆေးထိုးပေးသွားမည်ဖြစ်ပြီး ဝက်သက်ရောဂါဖြစ်ပွားမှုမှာ ၂၀၁၈ ခုနှစ် တစ်နှစ်လုံးတွင် ၁၂၇၆ ဦး ရှိနေပြီဖြစ်ကြောင်း သိရသည်။

အဓိကအားဖြင့် ယခင်ထိုးနှံစဉ်က ခာတ်မတည့်မှုမျိုး၊ ကျန်းမာရေးမကောင်းသော ကလေးများကိုသာ ကာကွယ်ဆေးထိုးပေးမည်မဟုတ်ဘဲ ကျန်သည့်ကလေးများ ကာကွယ်ဆေးထိုးနှံနိုင်ကြောင်း ဒေါက်တာအောင်နိုင်ဦးက ပြောသည်။

၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်းကလည်း နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဝက်သက်ရောဂါအစုလိုက်ဖြစ်ပွားခဲ့ပြီး ကျန်းမာရေးဌာနက ရက်ပိုင်းအတွင်း ကာကွယ်ဆေးထိုးခြင်းကို အရေးပေါ်အစီအစဉ်ဖြင့် လုပ်ဆောင်ခဲ့ရသည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်များရှိ ကျေးရွာများတွင် ဝက်သက်ရောဂါ အစုလိုက်ဖြစ်ပွားခဲ့ခြင်းကြောင့် လူသေဆုံးမှုများပင်ရှိခဲ့သည်ဟု သိရသည်။

**ဝက်သက်ရောဂါပပျောက်ရေး**

နာဂဒေသအပါအဝင် ကာကွယ်ဆေးလွှမ်းခြုံမှုရာခိုင်နှုန်းနည်းသည့် ကချင်၊ ကယား၊ ရခိုင်ပြည်နယ်၊ ‘ဝ’ နှင့် ကိုးကန့်ဒေသများတွင် ကာကွယ်ဆေးများ ထိုးနှံရန် ‘အထူးကာကွယ်ဆေးထိုးစီမံချက်’ ကို လုပ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ဝက်သက်ရောဂါပပျောက်ရေးနှင့် မွေးရာပါဂျိုက်သိုးရောဂါ လက္ခဏာထိန်းချုပ်ရေးတို့ကို လာမည့် ၂၀၂၀ ပြည့်နှစ်တွင် အပြီးတိုင်လုပ်ဆောင်ရန် ချမှတ်ထားပြီး ယင်းစီမံချက်ကို ယူနီဆက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ယူအင်န်၊ အမေရိကန်ကြက်ခြေနီနှင့် ရောဂါထိန်းချုပ်ကာကွယ်ရေး အမေရိကန်စင်တာများက ဦးဆောင်လုပ်ဆောင်လျက်ရှိသည်ဟု သိရသည်။

ဝက်သက်ရောဂါသည် ဝက်သက်ရောဂါ ကာကွယ်ဆေး မထိုးထားသော ကလေးငယ်များတွင် ဝက်သက်နှင့် နောက်ဆက်တွဲရောဂါများ ဖြစ်ပွားနိုင်သည့် အန္တရာယ်အများဆုံးဖြစ်ပြီး ဝက်သက်ရောဂါ မဖြစ်ဖူးသူများတွင်လည်း ကာကွယ်ဆေး မထိုးပါက ဖြစ်ပွားနိုင်သည်။ ကာကွယ်ဆေးကို ကလေးအသက် ကိုးလတွင် ပထမအကြိမ်၊ အသက်တစ်နှစ်ခွဲတွင် ဒုတိယအကြိမ် နှစ်ကြိမ်ထိုးနှံပေးခြင်းဖြင့် ကာကွယ်နိုင်ပေသည်။

မြန်မာနိုင်ငံတွင် တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းကို ၁၉၇၈ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ကလေးငယ်များအတွက် ဘီ၊ စီ၊ ဂျီ ကာကွယ်ဆေး၊ ဆုံဆို့ကြက်ညှာမေးခိုင်ရောဂါကာကွယ်ဆေးနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် မေးခိုင်ရောဂါ ကာကွယ်ဆေးတို့ဖြင့် စတင်ခဲ့သည်။

ပိုလီယိုအစက်ချကာကွယ်ဆေးနှင့် ဝက်သက်ရောဂါ ကာကွယ်ဆေး ပထမအကြိမ်ထိုးနှံခြင်းကို ၁၉၈၇ ခုနှစ်တွင် တိုးချဲ့ထည့်သွင်းခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် ဝက်သက်ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထိုးနှံခြင်းကို ဆက်လက်တိုးချဲ့ထည့်သွင်းခဲ့သည်။

၂၀၀၂ ခုနှစ်မှစ၍ ၂၀၀၄ ခုနှစ်အထိ သုံးကြိမ်ခွဲပြီး မြန်မာတစ်နိုင်ငံလုံး၌ အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခြင်း၊ ၂၀၀၇ ခုနှစ်တွင် သုံးကြိမ်ခွဲပြီး မြန်မာတစ်နိုင်ငံလုံး၌ အစုလိုက်ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးခြင်း၊ ၂၀၀၈ ခုနှစ်တွင် သဘာဝဘေးအန္တရာယ် (နာဂစ်မုန်တိုင်း) ကျရောက်သော ဒေသများတွင် အရေးပေါ် ဝက်သက်ရောဂါကာကွယ်ဆေးထိုးပေးခြင်းတို့ကြောင့် ဝက်သက်ရောဂါဖြစ်ပွားမှု ဝက်သက်ရောဂါ၏ နောက်ဆက်တွဲဖြစ်ရပ်များနှင့် ရောဂါကြောင့်သေဆုံးမှုများလည်း သိသိသာသာ ကျဆင်းခဲ့သည်။

**ကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံသင့်**

ယခုနှစ်အတွင်း မြန်မာနိုင်ငံ ဆေးသုတေသနညီလာခံတွင် တင်သွင်းခဲ့သည့် သုတေသနစာတမ်းတစ်စောင်အရ မြန်မာနိုင်ငံရှိ အသက် ၁၂ လမှ ၂၃ လကြားအရွယ် ကလေးငယ်များ၏ ၄၅ ရာခိုင်နှုန်းကျော်မှာ ကာကွယ်ဆေးအကြိမ်ပြည့် မထိုးနှံကြောင်း ဖော်ပြထားသည်။

ယင်းသုတေသနစာတမ်းမှာ မြန်မာနိုင်ငံရှိ အသက် ၁၂ လမှ ၂၃ လကြားအရွယ် ကလေးများတွင် ကာကွယ်ဆေးအပြည့် မထိုးခြင်း သို့မဟုတ် လုံးဝမထိုးခြင်းအား လွှမ်းမိုးသောအချက်များကို မြန်မာ့လူဦးရေနှင့် ကျန်းမာရေးဆိုင်ရာ အစီရင်ခံစာ (၂၀၁၅-၂၀၁၆) အပေါ် အခြေခံ၍ နောက်ဆက်တွဲ လေ့လာသည့် သုတေသနစာတမ်းဖြစ်သည်။ သုတေသနတွင် ကလေးငယ် ၈၅၂ ဦး၏ ကာကွယ်ဆေးထိုးခြင်း အခြေအနေနှင့် အိမ်ထောင်စု၊ မိခင်၊ ကလေးနှင့် သက်ဆိုင်သော အချက်အလက်များ၏ ဆက်စပ်မှုကို အဆင့်များခွဲခြား၍ လေ့လာခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် အသက် ၁၂ လမှ ၂၃ လကြားအရွယ် ကလေးများ၏ ၄၅ ဒသမ ၂ ရာခိုင်နှုန်းသည် ကာကွယ်ဆေး အပြည့် မထိုးကြောင်း သို့မဟုတ် လုံးဝမထိုးကြောင်း တွေ့ရှိခဲ့ရပြီး ကာကွယ်ဆေးမထိုးခြင်းသည် မြို့ပြ၌ ၃၂ ဒသမ ၅ ရာခိုင်နှုန်း၊ ကျေးလက်၌ ၄၉ ဒသမ ၆ ရာခိုင်နှုန်း ရှိသည်ဟု ဖော်ပြထားသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနက် ဧရာဝတီတိုင်းဒေသကြီးတွင် ကာကွယ်ဆေးမထိုးသူ ၆၆ ရာခိုင်နှုန်းကျော်ဖြင့် အများဆုံးဖြစ်ကြောင်း ဖော်ပြထားသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေးထိုးရန် ပျက်ကွက်ခဲ့သည့် ကလေးငယ်များအတွက် ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးအစီအစဉ်ကို တစ်နိုင်ငံလုံးရှိ ခုတင် ၁၀၀ ဆံ့နှင့် အထက် ပြည်သူ့ဆေးရုံ ၉၀ ကျော်တွင် လုပ်ဆောင်ပေးလျက်ရှိသည်။

ဆေးရုံအခြေပြုကာကွယ်ဆေးထိုးခြင်းအစီအစဉ်သည် ပြည်သူလူထုက ကာကွယ်ဆေးကို ပိုမိုလက်လှမ်းမီစေရန်နှင့် ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆောင်ရွက်ပေးရန် အမြဲအသင့်ရှိစေရန် ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ပြီး အကြောင်းကြောင်းကြောင့် ကာကွယ်ဆေးအပြည့်အဝမရရှိခဲ့သည့် ကလေးများကို ကာကွယ်ဆေးအားလုံး အကြိမ်ပြည့် အပြည့်အဝ ရရှိနိုင်စေရန် ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်သည်။

**အပိုဆောင်း ထိုးနှံသွားမည်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ ဒဂုံဆိပ်ကမ်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ မင်္ဂလာဒုံမြို့နယ်များတွင် ဝက်သက်ရောဂါ ကပ်အသွင်ဖြစ်ပွားမှုရှိနေခြင်းကြောင့် ကျန်းမာရေးဌာနက ယင်းမြို့နယ်များတွင် နေထိုင်သည့် အသက်ကိုးလမှ ၁၅ နှစ်အတွင်း ကလေးငယ်ခြောက်သိန်းနီးပါးကို ဝက်သက်ရောဂါကာကွယ်ဆေး အပိုဆောင်း ထိုးနှံသွားမည်ဖြစ်သည်။

“အခုဝက်သက်ဖြစ်တဲ့ ကလေးတွေက ကာကွယ်ဆေး အကြိမ်ပြည့် မထိုးထားတဲ့ ကလေးတွေဖြစ်ပါတယ်။ တချို့မြို့နယ်တွေက ပုံမှန်ကာကွယ်ဆေးထိုး အစီအစဉ်တွေမှာလည်း ၉၀ ရာခိုင်နှုန်း မကျော်ဘူး။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်ကဆို ၈၅ ရာခိုင်နှုန်းတောင် မရောက်ခဲ့တာမျိုးတွေ ရှိခဲ့တယ်။ ကာကွယ်ဆေးလွှမ်းခြုံမှုအားနည်းခဲ့တဲ့ နေရာတွေမှာ အဓိကဖြစ်ပွားတာပါ။ ရန်ကုန်မှာလိုပဲ ရှမ်းနဲ့ ကရင်ပြည်နယ်မှာလည်း ဖြစ်ပွားမှုရှိနေတယ်။ ရန်ကုန်မှာ ကာကွယ်ဆေးထိုးပြီး ရောဂါဖြစ်ပွားမှု အခြေအနေအရ ရှမ်းနဲ့ကရင်ပြည်နယ်ကိုလည်း ကာကွယ်ဆေးတွေ ဆက်ထိုးပေးသွားဖို့ရှိပါတယ်” ဟု တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ စီမံချက် မန်နေဂျာ ဒေါက်တာ ထားထားလင်းက ပြောသည်။

**ကာကွယ်ဆေးမထိုးနှံရသေးသည့် ကလေးများရှိနေ**

ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ဝက်သက်ရောဂါ အပါအဝင် ကာကွယ်ဆေးဖြင့် ကာကွယ်နိုင်သော ရောဂါများ နေရာကွက်ကျားဖြစ်ပွားမှု စနစ်တကျ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ပိုမိုအားဖြည့် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ယခုနှစ်ဒီဇင်ဘာလတွင် ဆောင်ရွက်ရန် စီစဉ်ထားသည့် နိုင်ငံတစ်ဝန်းလုံး အစုလိုက် ဝက်သက်ရောဂါကာကွယ်ဆေးထိုးလုပ်ငန်း မဆောင်ရွက်မီ လတ်တလော ဝက်သက်ရောဂါအဖြစ်များသည့် မြို့နယ်များတွင် ဝက်သက်ရောဂါကူးစက်ပြန့်ပွားမှုထိန်းချုပ်နိုင်ရန် Outbreak Response Immunization အနေဖြင့် ဝက်သက်ရောဂါကာကွယ်ဆေးထိုးနှံခြင်းကို အမြန်ဆုံးစီစဉ် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင်ရှိသော ကလေးများတွင် အကြောင်းအမျိုးမျိုးကြောင့် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရန် အခွင့်အရေးဆုံးရှုံးရခြင်း (သို့မဟုတ်) ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း အကြိမ်ရေ အပြည့်အဝမရရှိခြင်းနှင့် ကာကွယ်ဆေးနှင့် အလှမ်းဝေးနေသည့် ကလေးများလည်း ရှိနေဆဲဖြစ်ကြောင်း သိရသည်။

မိမိတို့၏ ရင်သွေးငယ်များ ဝက်သက်ရောဂါအန္တရာယ်ကင်းဝေးရေးအတွက် သက်ဆိုင်ရာကျန်းမာရေးဌာနမှ ထုတ်ပြန်ချက်များကို အထူးအလေးပေး ဆောင်ရွက်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်စတူဒီယိုများ ဖွင့်ပွဲနှင့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် မတ် ၉**

ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်စတူဒီယိုများဖွင့်ပွဲအခမ်းအနားနှင့် ၂၀၁၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် (၅၀) ရွှေတောင်ကြားလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ စတူဒီယို(၁)၌ ကျင်းပသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး**

ရှေးဦးစွာ နံနက် ၉ နာရီတွင် ရုပ်ရှင်စတူဒီယိုများ ဖွင့်ပွဲကို ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယက စည်သူဗိုလ်ကလေးတင့်အောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းနှင့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများက စတူဒီယိုအဆောက်အအုံများအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်စတူဒီယိုများ ဖွင့်လှစ်ခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားရာတွင် မိမိတို့တိုင်းပြည်၌ ရုပ်ရှင်စတူဒီယို နည်းပါးနေပါသေးကြောင်း၊ ရုပ်ရှင်အနုပညာနှင့် ပတ်သက်သည့် သင်တန်းကျောင်းများ၊ ရုပ်ရှင်နှင့် ပတ်သက်၍ တက်တက်ကြွကြွပြောဆိုဆွေးနွေးလုပ်ကိုင်သည့် အစုအဖွဲ့ဝိုင်းများ၊ နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လေ့လာဖြန့်ချိနေကြသည့် ပညာရှင်များရှိရန် လိုအပ်နေပါသေးကြောင်း။

ရုပ်ရှင် ဇာတ်ကားကောင်းများ၊ ရုပ်ရှင်နှင့် ပတ်သက်သည့် အခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံရေး၊ နိုင်ငံတကာနှင့် ဖြန့်ကြက်ပူးပေါင်းဆောင်ရွက်ရေးအစရှိသည့် ကဏ္ဍပေါင်းစုံမှ ကြိုးစားဆောင်ရွက်မှုများ၌ မိမိတို့အနေဖြင့် မြန်မာ့ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတ်အားသရွေ့ ကူညီဆောင်ရွက်ပေးရန် အမြဲအဆင်သင့်ရှိနေပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ နာယက စည်သူဗိုလ်ကလေးတင့်အောင် က အမှတ်တရဝမ်းမြောက်စကားပြောကြားသည်။

**စတူဒီယိုများကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသည့် ဧည့်သည်တော်များက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး စတူဒီယိုများအား လှည့်လည်ကြည့်ရှုကြသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ပြည်သူ့ဝန်ဆောင်မှုတစ်ရပ်အနေဖြင့် အရည်အသွေးမြင့် 2K,4K ရုပ်ရှင်ဇာတ်ကားများ၊ MTV များ၊ ကြော်ငြာများ၊ Documentary ဇာတ်ကားများ၊ ဇာတ်လမ်းတိုများ ရိုက်ကူးထုတ်လွှင့်ရာတွင် အထောက်အကူဖြစ်စေရန် စတူဒီယိုများ ရုပ်ရှင်အနုပညာရပ်ဝန်း ခြံဝင်း၊ Sony PMW CineAlta Camera နှင့် ဆက်စပ်ပစ္စည်းများ၊ Camera Zoom၊ Prime Lens အမျိုးမျိုး၊ အသံစနစ်တို့ကို ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အမှာစကားပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၁၈ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲ ကျင်းပရေး ဆောင်ရွက်ထားရှိပုံများကို ရှင်းလင်းဆွေးနွေးတင်ပြပြီး မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဥက္ကဋ္ဌ ဦးဇင်ဝိုင်းက အကယ်ဒမီဆုချီးမြှင့်မည့် အစီအစဉ် အဆင့်ဆင့်နှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခြင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူက ဆွေးနွေးတင်ပြခြင်းများ ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များနှင့် စပ်လျဉ်း၍ သုံးသပ်ညှိနှိုင်းဆွေးနွေးခဲ့သည်။ **သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်အနုပညာရပ်ဝန်းရှိ ရုပ်ရှင်စတူဒီယိုများ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဖွဲ့စည်းခြင်းနှင့် မျိုးဆက်ပွားကျန်းမာရေး အသိပညာပေးဟောပြော

**တောင်ငူ မတ် ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူ၊ ရေတာရှည်၊ အုတ်တွင်းနှင့် ထန်းတပင်မြို့နယ်လေးမြို့နယ်ရှိ ရင်ခွင်မဲ့ကလေးများ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းများ ဖွဲ့စည်းခြင်းအခမ်းအနားကို မတ် ၉ ရက် နံနက်ပိုင်းက တောင်ငူမြို့ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးက အမှာစကား ပြောကြားသည်။**(အောက်ပုံ)**

အခမ်းအနားအစီအစဉ်အရ ရင်ခွင်မဲ့ကလေးငယ်များ ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်မာ)ဥက္ကဋ္ဌ ဒေါ်မေယဉ်ထွန်း က အသင်းဖြစ်ပေါ်လာပုံ၊ အသင်း၏ အခန်းကဏ္ဍနှင့် ယနေ့တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြခြင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်စန်းစန်းယုကအသင်း၏ ရပ်တည်ချက်၊ အသင်း၏ သဘောထားရပ်တည်ချက်၊ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ အကြောင်းကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါ်စန်းစန်းဌေးက အသင်း၏ အမှတ်တံဆိပ်၊ အလံ၊ ရုံးတံဆိပ်များအကြောင်းကို လည်းကောင်း၊ အထောက်အကူပြုအဖွဲ့ဝင် ဒေါ်စိုးစိုးကိုက အသင်းဝင်ဖြစ်ခြင်း၊ အသင်းဝင်များ၏ တာဝန်နှင့် ရပိုင်ခွင့်များ၊ အသင်းဝင်အဖြစ်မှ နုတ်ထွက်ခြင်း၊ တာဝန်မှ ရပ်စဲခြင်းများကိုလည်းကောင်း၊ အသင်းအထွေထွေအတွင်းရေးမှူး ဒေါက်တာမြသီတာက အသင်းအဆင့်ဆင့်ဖွဲ့စည်းရန် လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်များကို အသီးသီး ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက မေးခွန်းများ မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းများ ပြုလုပ်ခဲ့ကြပြီး အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်တင်ဝင်း၊ မြန်မာနိုင်ငံဆရာဝန်များအသင်း(တောင်ငူ) အတွင်းရေးမှူး ဒေါက်တာခင်မောင်ချစ်နှင့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သားဖွားသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးနှင့် သူနာပြုများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြပြီး ခရိုင်နှင့် မြို့နယ်အသင်းများကို ရွေးချယ်ဖွဲ့စည်းသည်။ မွန်းလွဲပိုင်းတွင် မျိုးဆက်ပွားကျန်းမာရေးအသိပညာပေးဟောပြောပွဲကို ဆက်လက်ကျင်းပသည်။ **ဝငရ**





ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် စက်ရေတွင်းတူးဖော်နေမှုကို ကြည့်ရှုစဉ်။

## အများသုံး စက်ရေတွင်းတူးဖော်နေမှု ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှု

**လားရှိုး မတ် ၉**

ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ မတ် ၉ ရက် နံနက် ၉ နာရီခွဲက လားရှိုးမြို့အမှတ်(၉)ရပ်ကွက် အမှတ်(၁၅) အခြေခံပညာ မူလတန်းလွန်ကျောင်းဝင်းအတွင်း ကမ္ဘောဇအနာဂတ် အလင်းတန်း မြန်မာဖောင်ဒေးရှင်းမှ အများပြည်သူသုံး စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ မှာကြားခဲ့သည်။

အကျယ်လေးလက်မရှိ စက်ရေတွင်းအား ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်က စတင်တူးဖော်ခဲ့ကာ ယနေ့အချိန်အထိ အနက် ပေ ၃၆၀ အထိ ရောက်ရှိနေပြီး တစ်နာရီ ရေဂါလန် ၅၀၀ ထွက်ရှိကြောင်း သိရသည်။

စက်ရေတွင်းတူးဖော်ခြင်းအတွက် မြန်မာရတနာရွှေခေတ်ကုမ္ပဏီက ငွေကျပ် သိန်း ၅၀၊ ရပ်ကွက်နေ ပြည်သူများက ငွေကျပ် ၁၀ သိန်း ပါဝင်လှူဒါန်းခဲ့သည်။

လားရှိုးမြို့ရှိ အမှတ်(၉)ရပ်ကွက် အပါအဝင် ရပ်ကွက်အချို့၌ နွေရာသီရောက်တိုင်း ရေရှားပါးမှုကို ကြုံတွေ့ရပြီး ရပ်ကွက်နေပြည်သူများ ရေရှားပါးမှုအခက်အခဲကို လျှော့ချနိုင်ရန်အတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကာ ရေတွင်းအနက် ပေ ၁၀၀၀ အထိ တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

# ရုပ်ရှင်အနုပညာရုပ်ဝန်းရှိ ရုပ်ရှင်စတူဒီယိုများ ဖွင့်ပွဲ ဓာတ်ပုံမြင်ကွင်း

" ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲမှ ပြည်သူ့ဝန်ဆောင်မှုတစ်ရပ်အနေဖြင့် အရည်အသွေးမြင့် 2K,4K ရုပ်ရှင်ဇာတ်ကားများ၊ MTV များ၊ ကြော်ငြာများ၊ Documentary ဇာတ်ကားများ၊ ဇာတ်လမ်းတိုများ ရိုက်ကူးထုတ်လွှင့်ရာတွင် အထောက်အကူဖြစ်စေရန် စတူဒီယိုများ ရုပ်ရှင်အနုပညာရုပ်ဝန်း ခြံဝင်း၊ Sony PMW CineAlta Camera နှင့် ဆက်စပ်ပစ္စည်းများ၊ Camera Zoom၊ Prime Lens အမျိုးမျိုး၊ အသံစနစ်တို့ကို ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်းဆောင်ရွက်ပေးလျက်ရှိ"



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်အနုပညာရုပ်ဝန်းရှိ ရုပ်ရှင်စတူဒီယိုအခန်းများ၌ ထားရှိသည့် ပစ္စည်းများကို ကြည့်ရှုစဉ်။ ဓာတ်ပုံ-သတင်းစဉ်



ရုပ်ရှင်အနုပညာရုပ်ဝန်းရှိ ရုပ်ရှင်စတူဒီယို(၁) အဆောက်အအုံကို တွေ့ရစဉ်။ ဓာတ်ပုံ-သတင်းစဉ်



ရုပ်ရှင်အနုပညာရုပ်ဝန်းရှိ ရုပ်ရှင်စတူဒီယိုအခန်းအတွင်းပိုင်း ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-သတင်းစဉ်



ရုပ်ရှင်အနုပညာရုပ်ဝန်းရှိ ရုပ်ရှင်စတူဒီယိုအခန်းအတွင်းပိုင်း ပြင်ဆင်ထားမှုကို တွေ့ရစဉ်။ ဓာတ်ပုံ-သတင်းစဉ်



ရုပ်ရှင်အနုပညာရုပ်ဝန်းရှိ ရုပ်ရှင်စတူဒီယို အဆောက်အအုံများကို တွေ့ရစဉ်။ ဓာတ်ပုံ-သတင်းစဉ်

# ထွန်းဖောင်ဒေးရှင်းစာပေဆု (၂၀၁၈) ဆုချီးမြှင့်ပွဲ အခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၉**

ထွန်းဖောင်ဒေးရှင်းစာပေကော်မတီက ကြီးမှူးကျင်းပသည့် ထွန်းဖောင်ဒေးရှင်း စာပေဆု (၂၀၁၈) ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၂) စည်ပင်လမ်းသစ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ၌ ကျင်းပသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် တာဝန်ရှိသူများ ထွန်းဖောင်ဒေးရှင်းစာပေဆု (၂၀၁၈) ဆုချီးမြှင့်ပွဲအခမ်းအနားတွင် စာပေဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မိမိအနေဖြင့် ထွန်းဖောင်ဒေးရှင်း စာပေဆုချီးမြှင့်ပွဲကို ယခုနှစ်ဆိုလျှင် သုံးနှစ်ဆက်တိုက် တက်ရောက်ရသည့်အတွက် အထူးဝမ်းသာပါကြောင်း၊ စာပေနှင့် ပတ်သက်သည့် အခမ်းအနားကို စိတ်ဝင်စားပြီး ယခုလို အခမ်းအနားဖြစ်မြောက်ခြင်းကို အင်မတန်ဝမ်းသာပါကြောင်း၊ ရေးသားပြုစုကြသည့် စာပေပညာရှင်များ ဆုရရှိမှုများကို မုဒိတာပွားပါကြောင်း။

**စာအုပ်တစ်အုပ်ထုတ်သင့်**

ဆရာမောင်ခင်မင် (ဓနုဖြူ)၏ ဆုရပုဂ္ဂိုလ်များ၊ ဆုရစာအုပ်များနှင့် ပတ်သက်ပြီး သုံးသပ်ချက်များကို နှစ်တိုင်းနားထောင်ရပြီး စာအုပ်စာပေသုံးသပ်မှုတွင် အင်မတန် ကောင်းမွန်ပါကြောင်း၊ ထွန်းဖောင်ဒေးရှင်း စာပေဆုများနှင့် ပတ်သက်ပြီး သုံးသပ်ထားသည့် စာအုပ်တစ်အုပ်ထုတ်သင့်ပါကြောင်း၊ တစ်ခါတစ်ရံမှာ စာအုပ်တစ်အုပ်လုံး မဖတ်နိုင်သည့်အခါ စာအုပ်သုံးသပ်ချက်ကို ဖတ်ကြည့်ရုံမျှဖြင့် စာပေအသိ အတန်အသင့်ရ၍ တန်ဖိုးရှိပါကြောင်း။

ထွန်းဖောင်ဒေးရှင်းက စာပေဆုချီးမြှင့်တာ ၁၃ ကြိမ်ရှိပြီဖြစ်ပြီး ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် အမျိုးသားစာပေဆု၊ စာပေဗိမာန်ဆုများကို ချီးမြှင့်ပါကြောင်း၊ ထို့အပြင် ပြင်ပအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များက ချီးမြှင့်သည့် ထွန်းဖောင်ဒေးရှင်း၊ ဆရာဝန်တင်ရွှေ၊ ပခုက္ကူဦးအုန်းဖေ၊ သုတစွယ်စုံဆုစသည်တို့ရှိကြပါကြောင်း၊ သူ့အတိုင်းအတာနှင့်သူ တန်ဖိုးရှိကြသည်ဟု မြင်ပါကြောင်း။

**လေးစားအသိအမှတ်ပြု**

ယနေ့တွင် ဆုရရှိသူများကို ထွန်းဖောင်ဒေးရှင်းက အသိအမှတ်ပြုသကဲ့သို့ မိမိကလည်း စာပေသမားတစ်ဦး၊ စာဖတ်သူတစ်ဦးအနေဖြင့် လေးစားအသိအမှတ်ပြုပါကြောင်း၊ ဆက်လက်ပြီး စာကောင်းပေမွန်များကို ပြုစုနိုင်ကြပါစေ၊ ထွန်းဖောင်ဒေးရှင်း အနေဖြင့်လည်း ထိုက်ထိုက်တန်တန် ဆုများဆက်လက် ချီးမြှင့်နိုင်ပါစေ၊ ဆုရွေးချယ်ရေး အဖွဲ့ဝင်များလည်း သက်ရှည်ကျန်းမာပြီး ထိုက်တန်သော စာအုပ်များကို ဆုချီးမြှင့်သည့် တာဝန်များကို ပြည့်ပြည့်ဝဝ ကျေကျေပွန်ပွန် ထမ်းဆောင်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ထွန်းကော်မာရှယ်ဘဏ် ဥက္ကဋ္ဌ၊ ထွန်းဖောင်ဒေးရှင်းစာပေကော်မတီနာယက ဦးသိန်းထွန်းက နှုတ်ခွန်းစကား ပြောကြားသည်။

ယင်းနောက် ထွန်းဖောင်ဒေးရှင်း စာပေဆုရွေးချယ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်အေး (မောင်ခင်မင်-ဓနုဖြူ)က ဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်အကျဉ်းကို တင်ပြသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုရ ဆရာကြီး ဒေါက်တာဦးမြင့်၊ စီးပွားရေးတစ်ခုမှ ရသော သင်ခန်းစာ(၉၉)ချက် စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာခင်စန်းမော်နှင့် ဘဝလက်တွဲဖော်အစစ် ပရိုဘိုင်အိုတစ် စာအုပ်ဖြင့် ဆုရရှိသူ ဒေါက်တာခင်မောင်လွင် (FAME) တို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ထွန်းဖောင်ဒေးရှင်း စာပေကော်မတီနာယက၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များက စာအုပ်ဆုရရှိကြသည့် ခေတ်အဆက်ဆက် အနုပညာရှင် ဗိုလ်ကလေးတင့်အောင် စာအုပ်ရေးသားသူ မောင်ဆွေသက်၊ ဖောင်နန်းစကြာရတနာနှင့် စွယ်စုံသုံးနည်းပညာများ စာအုပ်ရေးသားသူ မောင်နိုင်(ဒဿနိက)၊ မဟာပိန္နဲနတ်နှင့် မြန်မာ့ယဉ်ကျေးမှု စာအုပ်ရေးသားသူ မြန်စာမြေသိန်းလွင်၊ Amnesty-Winning Poems During Myanmar Monarchy စာအုပ်ရေးသားသူ Meiji Soe ၊ ယောမင်းကြီး ဦးဘိုးလှိုင် အတ္ထုပ္ပတ္တိနှင့် အဿဘေဒကျမ်းစာအုပ် ရေးသားသူ လှိုင်ထွန်းနိုင်၊ ပန်းရွှေပြည် စာနိဒါန်း စာအုပ်ရေးသားသူ ဦးအေးချို (မဟာဝိဇ္ဇာ)၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆောင်းပါးများ စာအုပ်ရေးသားသူ ဝင်းချစ် (အမျိုးသားစာပေဆုရ)၊ ကြက်ပေါက်လေးရဲ့ စွန့်စားခန်း စာအုပ်ရေးသားသူ မသဇင်နှင့် သရုပ်ဖော် ပန်းချီ နော်လ်အိမ်ခန့်၊ လူငယ်များအတွက် သိပ္ပံသုတစာအုပ်ရေးသားသူ ကျော်ဝင်းဟိန်း (ပခုက္ကူ)၊ ကုံးကော်မြေမှ ရာပြည့် ရန်ကုန်တက္ကသိုလ် ၊ ရန်ကုန်တက္ကသိုလ် သမိုင်း(၁၉၂၀-၂၀၂၀) စာအုပ်ရေးသားသူ ဒေါက်တာကျော်ဝင်း သမိုင်းပါမောက္ခ (ငြိမ်း)၊ My Anthology စာအုပ်ရေးသားသူ Aye Phyu ၊ မတည်ငြိမ်သော ဤကမ္ဘာမြေနှင့် ကမ္ဘာမြေသမိုင်း စာအုပ်ရေးသားသူ ဘူမိလုလင် (ပဲခူးဆောင် ကျောင်းသားဟောင်းတစ်ဦး) တို့အား လည်းကောင်း၊ စာမူဆုရရှိကြသည့် အင်္ဂလိပ်မင်း ဒုတိယမြောက် ဂျော့ဘုရင်ထံသို့ ပေးပို့သော မြန်မာမင်း အလောင်းမင်းတရား၏ ရွှေပေစာ (၇ မေ ၁၇၅၆) ရေးသားသူ ဒေါက်တာကျော်ဆွေဦး၊ Myanmar-Japan War Reparation Issue ရေးသားသူ Dr. Daw Myint Kyi ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် မြန်မာ့သင်ဖြူးဖျာလုပ်ငန်း ရေးသားသူ ထိန်လင်း (မန်းတက္ကသိုလ်)၊ Research Journey Through Bronze Age Culture of Myanmar ရေးသားသူ Dr. San Win (Archaeology)၊ ချစ်သားဆရာလောင်းသို့ ပေးစာများ ရေးသားသူ နိုင်သောင်းထွဋ်၊ သိပ္ပံပညာများ၏ သမိုင်း ရေးသားသူ ဦးလှမြင့်နှင့် အာဆီယံနှစ်(၅၀)ခရီး ရေးသားသူ တက္ကသိုလ်ဟန်စိုးဦးတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ယင်းနောက် ထွန်းဖောင်ဒေးရှင်း စာပေကော်မတီ နာယက ဦးသိန်းထွန်းက ကော်မတီဝင်များကိုယ်စား ဒေါ်မြမြသန်း(ဆရာမ မနှင်းဖွေး) အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် စာပေဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယနေ့ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ထွန်းဖောင်ဒေးရှင်း စာပေကော်မတီမှ ထွန်းဖောင်ဒေးရှင်း တစ်သက်တာစာပေဆုအတွက် ချီးမြှင့်ငွေ ငွေကျပ်သိန်း ၂၀ နှင့် သုံးမတ်သား ရွှေတံဆိပ်၊ စာအုပ်ဆု ၁၄ ဆုအတွက် တစ်ဆုလျှင် ငွေကျပ် ၁၅ သိန်းနှင့် ငါးမူးသားရွှေတံဆိပ်၊ စာမူဆု ၇ ဆုအတွက် တစ်ဆုလျှင် ငွေကျပ် ခုနစ်သိန်းတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စနေ-တနင်္ဂနွေ စာအုပ်လမ်း၌ စာပေဟောပြောပွဲ ထည့်သွင်းကျင်းပ

**ရန်ကုန် မတ် ၉**

ရန်ကုန်မြို့ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့ရှိ Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းတွင် ယနေ့နံနက်ပိုင်းက စတင်ကာ စာအုပ်ဆိုင်များ ဖွင့်လှစ်ရောင်းချလျက်ရှိပြီး စာပေဟောပြောပွဲကိုလည်း ထည့်သွင်းကျင်းပခဲ့ရာ စာပေချစ်မြတ်နိုးသူများ၊ စာအုပ်လာရောက်ဝယ်ယူသူများ၊ လေ့လာသူများဖြင့် စည်ကားလျက်ရှိသည်။ **(ယာပုံ)**



“ဒီစာအုပ်လမ်းက လူငယ်တွေအတွက် တော်တော်ကောင်းပါတယ်။ တစ်နေရာတည်းမှာ စာအုပ်အမျိုးအစားစုံစုံလင်လင် ဝယ်လို့ရတယ်။ နောက်ပြီးတော့ ဝန်ကြီးများရုံးနားမှာ စာအုပ်ဆိုင်တွေ ဖွင့်လိုက်တဲ့အတွက်ကြောင့် ဒီနေရာလေးက သမိုင်းကြောင်းအရလည်း အထိမ်းအမှတ်ဖြစ်နေတော့ သွားလို့လာလို့ကောင်းတယ်၊ လမ်းလျှောက်ရင်းနဲ့လည်း စာပေနဲ့ ပတ်သက်တာတွေကို သိရမြင်ရ ကြုံရတယ်။ စာမဖတ်တဲ့သူတွေတောင် ဒီနားမှာ လမ်းလျှောက်သွားရင်းနဲ့ စာအုပ်လေးတွေမြင်ပြီး စာဖတ်ချင်တဲ့စိတ်တွေ ဝင်လာပြီး စာအုပ်လေးတွေဝယ်ဖြစ်မယ်၊ စာဖတ်ဖြစ်မယ်၊ စာဖတ်ချင်တဲ့သူတွေအတွက်လည်း သူတို့လိုချင်တဲ့စာအုပ်ရှာဝယ်နိုင်မယ်”ဟု မင်္ဂလာတောင်ညွန့်မြို့နယ်နေ ကိုနေထွန်းက ပြောသည်။

မွန်းလွဲပိုင်းတွင် စနေ-တနင်္ဂနွေ စာအုပ်လမ်း၌ စာရေးဆရာ ဆောင်းဝင်းလတ်က “စာပေရွေးချယ်မှုအနုပညာ” ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲ ပြုလုပ်ခဲ့သည်။

စာရေးဆရာ ဆောင်းဝင်းလတ်က “စနေ-တနင်္ဂနွေ စာအုပ်လမ်းက ရာသီဥတုကောင်းနေတဲ့ အချိန်မှာ ရှိသင့်ပါတယ်။ ဒီလို စည်စည်ကားကားရှိခြင်းအားဖြင့် ဖြတ်သွားဖြတ်လာ သွားကြတဲ့သူတွေက ရတဲ့အချိန်လေးမှာ စာပေနဲ့ မကင်းကွာတော့ဘူး။ စနေ-တနင်္ဂနွေစာအုပ်လမ်းက စာပေနဲ့ ပတ်သက်တဲ့ အငွေ့အသက်ကို လူတွေနဲ့ မကင်းကွာအောင် ဆွဲဆောင်ပေးတာနဲ့ တူတယ်။ ရာသီဥတုသာယာတဲ့ ကာလတွေမှာ စာအုပ်လမ်းလေးရှိခြင်းအားဖြင့် လူတွေကို ဆွဲဆောင်မှုပေးတဲ့အတွက် အမြဲတမ်း ရှိစေချင်ပါတယ် ”ဟု ပြောသည်။

Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းတွင် စာအုပ်ရောင်းသည့် ဆိုင်ခန်း ၇၀ ခန့်ရှိပြီး စာပေချစ်မြတ်နိုးသူ ပရိသတ်များအတွက် ဘာသာရပ်မျိုးစုံ စာအုပ်များ၊ သုတရသ အဟောင်း/အသစ်၊ လုံးချင်းဝတ္ထုတို/ ဝတ္ထုရှည် စာအုပ်များ၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သုတရသစာအုပ်များ၊ ဆေးပညာဆိုင်ရာ စာအုပ်များ၊ အင်္ဂလိပ်-မြန်မာ အဘိဓာန်စာအုပ်များ၊ ပုံပြင်စာအုပ်မျိုးစုံ၊ ဗေဒင်စာအုပ်မျိုးစုံ၊ ကလေးငယ်များ ဘာသာရေး ကိုင်းရှိုင်းစေရန်အတွက် ဗုဒ္ဓဝင်ကာတွန်းစာအုပ်များ ခင်းကျင်းရောင်းချလျက်ရှိသည်။

မတ် ၁၀ ရက် တနင်္ဂနွေနေ့တွင် Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်း၌ နံနက် ၁၀ နာရီတွင် Save the Library ၏ လူသားစာကြည့်တိုက်မှ လူသားစာအုပ်များ ဖတ်ရှုခြင်းအစီအစဉ်၊ မွန်းလွဲ ၁ နာရီတွင် စာရေးဆရာ ထက်မြက်၏ “ကျွန်တော်ချစ်ခင်လေးစားသည့် နိုင်ငံရေးစာပေပညာရှင်များ” စာပေဟောပြောပွဲနှင့် မွန်းလွဲ ၃ နာရီတွင် ထိန်ဝင်းစာအုပ်တိုက်မှ စီစဉ်ပြီး သရုပ်ဆောင် ရွှေပိုးအိမ် ပါဝင်ကူညီမည့် “မေးကြည့်ဖြေကြည့် ပဟေဠိ”အစီအစဉ်များ ထည့်သွင်းထားကြောင်း သိရသည်။

Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းကို ပြန်ကြားရေးဝန်ကြီးဌာနက စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့၏ ကူညီမှုဖြင့် ၂၀၁၇ ခုနှစ်မှစတင်ကာ မိုးရာသီအကုန် ပွင့်လင်းရာသီ စနေ-တနင်္ဂနွေနေ့များတွင် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ယခုနှစ်ဆိုလျှင် သုံးနှစ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်း- မင်းသစ်(MNA)၊**
**ဓာတ်ပုံ - ရဲထွန်း**

# ဝန်ဆောင်မှုများကို ကမ္ဘာ့သစ်၊ အတွေးအခေါ်သစ်၊ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ပြောကြား

**ရန်ကုန် မတ် ၉**

မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း၏ (၉) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့ရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေး၌ မြန်မာနိုင်ငံအပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်ခင်မြင့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က အသင်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားခဲ့သည်။




ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် (၉) ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

"ဝန်ဆောင်မှုပေးတဲ့ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်တွေအနေနဲ့ သယ်ယူပို့ဆောင်ရေးနဲ့ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုတွေကို ကမ္ဘာ့သစ်၊ အတွေးအခေါ်သစ်၊ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနဲ့အညီ ဆောင်ရွက်ကြရမှာဖြစ်တယ်" ဟု ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကိုဝိုင်းဝန်းပံ့ပိုးပေးသူများအား အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဒေါ်ရင်မေဝင်းက ဖတ်ကြားတင်ပြ၍ အသင်း၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို အထွေထွေအတွင်းရေးမှူး ဒေါ်လှလှရီက ရှင်းလင်းတင်ပြခဲ့သည်။ ထို့နောက် အလုပ်အမှုဆောင်ဟောင်းများနုတ်ထွက်ကာ အလုပ်အမှုဆောင်အဖွဲ့သစ် ခန့်အပ်ကြောင်းကြေညာခဲ့ပြီးအသင်း၏ ဥက္ကဋ္ဌအသစ် ဒေါက်တာအေးအေးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းကို ၁၉၉၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် အတည်ပြုချက်ရရှိခဲ့ကြောင်း သိရသည်။ စတင်ဖွဲ့စည်းစဉ်ကအသင်းဝင် ၁၀ ဦးဖြင့် စတင်ခဲ့သော်လည်းယခုအခါ အသင်းဝင်ပေါင်း ၅၇၃ ဦးအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ကြောင်းသိရသည်။

ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၅ ခုနှစ်တွင် အမျိုးသားပို့ဆောင်ရေးပင်မစီမံကိန်းကို အတည်ပြုခဲ့ပြီး ဦးစားပေးစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ်၌ အမျိုးသားထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှုအစီအစဉ်အရထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှုစီမံကိန်း ၅၉ ခုပါဝင်သော ပင်မအစီအစဉ်များကို ရေးဆွဲခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကုန်စည်များသယ်ယူပို့ဆောင်ရေးနှင့် သက်ဆိုင်သောအဓိက ဝန်ကြီးဌာနငါးခုရှိပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း (ကမာရွတ်)**
**ဓာတ်ပုံ - အာကာစိုး**

---

## ◆ ရှေ့ဖုံးမှ

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ် Nong Khai ခရိုင်ရှိ ထိုင်း- လာအိုနှစ်နိုင်ငံ နယ်စပ်ဖြတ်ကျော်စခန်းသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ Nong Khai ခရိုင်အုပ်ချုပ်ရေးမှူး Mr. Rona Chai နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် အစည်းအဝေးခန်းမတွင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူတစ်ဦးက ထိုင်းနိုင်ငံမှ လာအိုနိုင်ငံသို့ ထိုင်းနိုင်ငံမှ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ပို့ဆောင်နေမှု အခြေအနေများနှင့် ထိုင်း- လာအို ချစ်ကြည်ရေးတံတား အမှတ် (၁) တည်ဆောက်ထားမှုနှင့် ထိန်းသိမ်းဆောင်ရွက်နေမှု အခြေအနေအား ရှင်းလင်းတင်ပြကြသည်။

**ကြည့်ရှုလေ့လာ**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထိုင်း- လာအို ချစ်ကြည်ရေးတံတားပေါ်သို့ သွားရောက်ကြည့်ရှုလေ့လာကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

---

# ချစ်ခြင်းတရားတို့ရှိရာ ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းအကြို မိတ်ဆက်ပြသ

ရန်ကုန် မတ် ၉

**မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် ရိုက်ကူးထားသည့် ချစ်ခြင်းတရားတို့ရှိရာ ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းအကြို မိတ်ဆက်ပြသပွဲကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ Junction City ရှိ JCGV ရုပ်ရှင်ရုံ၌ ပြုလုပ်ခဲ့သည်။**



ချစ်ခြင်းတရားတို့ရှိရာ ရုပ်သံဇာတ်လမ်းတွဲ စာနယ်ဇင်းအကြို မိတ်ဆက်ပြသပွဲ ကျင်းပစဉ်။

အဆိုပါဇာတ်ကားကို စင်ကာပူခရီးသွားလာရေးဘုတ်အဖွဲ့ (STB) နှင့် Forever Group ၏ MTRV-4 ရုပ်သံလိုင်းတို့ပူးပေါင်း၍ အထင်ကရ မိတ်ဖက်ပူးပေါင်းမှု တစ်ခုအနေဖြင့် ရိုက်ကူးထားခြင်းဖြစ်ပြီး MTRV-4 ရုပ်သံလိုင်းတွင် မတ် ၁၁ ရက်မှ ဧပြီ ၅ ရက်အထိ တနင်္လာနေ့မှ သောကြာနေ့အထိ ည ၇ နာရီတွင် ပြသသွားရန် စီစဉ်ထားသည်။

ထုတ်လုပ်သူ ဦးညီညီနိုင်က "ဒီဇာတ်ကားမှာ ရိုက်ကွင်းရိုက်ကွက်အသစ်တွေ ကိုမြင်ရမယ်။ မြန်မာနိုင်ငံရဲ့ အထင်ကရနေရာတွေနဲ့ လှပတဲ့နေရာတွေကိုတွေ့ရမယ်။ စင်ကာပူမှာဆိုရင်လည်းရိုက်ကွင်းရိုက်ကွက် လှလှလေးတွေကိုဦးစားပေးပြီး ရိုက်ကူးထားတဲ့အတွက် ကြည့်ရတဲ့ပရိသတ်တွေအတွက် အမြင်ဆန်းသစ်စေမယ့် အချစ်ဇာတ်ကားလေးပါ။ ဒီဇာတ်ကားရဲ့ ထူးခြားချက်ကတော့ ဇာတ်ကားရဲ့အဆုံးသတ်ပိုင်းကို ပရိသတ်က မဲပေးတဲ့စနစ်နဲ့ ဆုံးဖြတ်ပြီး ဇာတ်လမ်းရဲ့ အဆုံးသတ်ပိုင်းကို ပြသပေးသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။



ထုတ်လုပ်သူ
ဦးညီညီနိုင်



သရုပ်ဆောင်
ကောင်းမြတ်စံ

ယင်းဇာတ်ကားကို ဒါရိုက်တာထွဋ်တင့်ထွန်းက ရိုက်ကူးထားပြီး ကောင်းမြတ်စံ၊ အောင်ပိုင်၊ ဖြိုးရာဇာနိုင်၊ဆောင်းဝတ်ရည်မေ၊ မေကေရီထူး၊ နေရည်ဝင်းလွဲ၊ အကယ်ဒမီရဲအောင်၊ မင်းသူ၊ ရန်ကျော်၊ အကယ်ဒမီချိုပြုံး၊ အကယ်ဒမီခင်ဇာခြည်ကျော်၊ ဆုထက်ကုဋေတို့ ပါဝင်သရုပ်ဆောင်ထားကာ အပိုင်း ၂၀ ပါရှိသော ဒရာမာဇာတ်လမ်းတွဲကြီးဖြစ်သည်။

သရုပ်ဆောင် ကောင်းမြတ်စံက "စင်ကာပူမှာ သွားရိုက်တဲ့အခါတော်တော် စည်းကမ်းကြီးတယ်။ ကျွန်တော်ကတော့ ရိုက်ကွင်းနားတဲ့အချိန်ဆိုရင် ဈေးဝယ်ပဲထွက်တယ်။ ဒီဇာတ်ကားထဲမှာတော့ ကျွန်တော့်ရဲ့ ဇာတ်ကောင်စရိုက်က နှစ်မျိုးပါ။ ဇာတ်လမ်းအစပိုင်းမှာ ဆယ်တန်းကျောင်းသားလေးတစ်ယောက်ပါ။ ကျောင်းပြီးသွားတဲ့အချိန်မှာတော့ ကျွန်တော်ဖြစ်ချင်တဲ့အရာကို စင်ကာပူမှာသွားပြီး အကောင်အထည်ဖော်တဲ့ ပုံလေးသရုပ်ဆောင်ထားပါတယ်" ဟု ပြောသည်။

ဇာတ်ကား၏ အဆုံးသတ်ပိုင်းကို ပရိသတ်များအကြိုက် ပြောင်းလဲဆုံးဖြတ်ပေးနိုင်ရန် ပုံစံနှစ်မျိုးဖြင့် ကြိုတင်ရိုက်ကူးထားရှိပြီး ဇာတ်သိမ်းပိုင်းကို MRTV-4 နှင့် STB ၏ Facebook profile များတွင် ဆန်းသစ်သော အပြန်အလှန်မဲပေးသည့် စနစ်တစ်ခုဖြင့် ဆုံးဖြတ်ပြသပေးသွားမည်ဖြစ်သည့်အတွက် ပရိသတ်များအနေဖြင့် ဖြစ်နိုင်သည့်ဇာတ်သိမ်းနှစ်ခုမှ တစ်ခုကို ရွေးချယ်မဲပေးနိုင်ကြောင်း သိရသည်။

မြန်မာပရိသတ်များအား စင်ကာပူနှင့် ပိုမိုနက်ရှိုင်းစွာ ဆက်နွှယ်စေနိုင်ပြီး ၎င်းတို့၏ စိတ်အားထက်သန်မှုတို့ကို ဖြစ်နိုင်စွမ်းများအဖြစ်သို့ ပြောင်းလဲပေးနိုင်ရန် ရည်ရွယ်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မိတ်ဆက်ပြသပွဲသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူနိုင်ငံ သံအမတ်ကြီး H.E.Mrs. Vanessa Chan ၊ ရုပ်ရှင်အနုပညာရှင်များနှင့် ဖိတ်ကြား ထားသူများတက်ရောက်ကြပြီး "ချစ်ခြင်းတရားတို့ရှိရာ" ရုပ်သံဇာတ်လမ်းတွဲအကျဉ်းကို တက်ရောက်လာသူများနှင့် အတူ ကြည့်ရှုကြသည်။

**သတင်း-ဇော်ကြီး၊**
**ဓာတ်ပုံ-ဖေဇော်**

---

# မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မတ် ၉**

ကချင်ပြည်နယ်တွင် နေရာကျဲကျဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

---

# တိမ်အသင့်အတင့်ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသူဦးရေ ၅၀၀ ဖြင့် မန်းတောင်ရိပ်ခိုသီချင်း သီဆိုကပြကာ ဖွင့်လှစ်ပေးသွားမည်

မန္တလေး မတ် ၉

**ယခုနှစ်တွင်ကျင်းပမည့် မန္တလေးသင်္ကြန်ပွဲတော်တွင် မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ် ဖွင့်ပွဲအခမ်းအနားအား ကျောင်းသူဦးရေ ၅၀၀ နှင့်အတူ မန္တလေးစည်ပင်ယိမ်းအဖွဲ့တို့ ပူးပေါင်း၍ မန်းတောင်ရိပ်ခိုသီချင်းဖြင့် သီဆိုကပြဖျော်ဖြေကာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။**

**တိုင်းရင်းသားသွေးချင်းများ၏ သင်္ကြန်မဏ္ဍပ်**

အဆိုပါသင်္ကြန်ပွဲတော်ကို အကြိုနေ့ နံနက် အရုဏ်တက်၌ သံဃာတော် ၁၀၈ ပါးအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးရှေ့၌ ပင့်ဖိတ်၍ ဆွမ်းဆန်စိမ်းလောင်းလှူပြီး နံနက် ၇ နာရီ ၃၅ မိနစ်တွင် မန္တလေးမြို့တော်မဟာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲကို ကျင်းပသွားမည်ဖြစ်ကာ ဆက်လက်၍ နံနက် ၉ နာရီတွင် မနော်ရမ္မံကွင်းရှိ တိုင်းရင်းသားသွေးချင်းများ၏ ရိုးရာသင်္ကြန်မဏ္ဍပ်ဖွင့်ပွဲအခမ်းအနားကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မန်းတောင်ရိပ်ခိုသီချင်း**

"ဒီနှစ် မြို့တော်မဟာသင်္ကြန်ဖွင့်ပွဲမှာ ကျောင်းသူ ၅၀၀ နဲ့ စည်ပင်ယိမ်းအဖွဲ့တို့ပူးပေါင်းပြီး မန်းတောင်ရိပ်ခိုသီချင်းနဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့သက်ဆိုင်တဲ့ သီချင်းတစ်ပုဒ်ကို သီဆိုကပြဖျော်ဖြေပြီး ဖွင့်လှစ်ပေးသွားမှာပါ။ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးမယ့် မြို့မိမြို့ဖတွေကတော့ မန္တလေးနေ့စဉ် သတင်းစာတိုက်စာတည်းမှူးချုပ် ဆရာကြီးနတ်မောက်ဦးထွန်းရှိန်၊ မန္တလေးတိုင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နာယကကြီး ဦးသိန်းတန်၊ စာရေးဆရာ ပါမောက္ခ ဒေါက်တာချစ်မောင်၊ နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင့်တင့်နဲ့ သူနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ခင်သက်လွင်တို့ကို ကမ်းလှမ်းထားပါတယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဆန်းမြင့်က ပြောသည်။

**တေးသီချင်းများဖြင့် ဖျော်ဖြေမည်**

သင်္ကြန်ပွဲတော် ကာလအတွင်း မန္တလေးမြို့တော် မဟာသင်္ကြန်မဏ္ဍပ်တွင် Shell တေးဂီတနှင့်အတူ အဆိုတော် အောင်ထက်၊ ဂျူရယ်နှင့် ချစ်ဖွဲ့သာတို့မှ လာရောက်သီဆို ဩဘာခံပေးမည့်အပြင် မန္တလေးခင်မြလွင် အမျိုးသမီးဆိုင်းအဖွဲ့မှလည်း မြန်မာမှုတေးသီချင်းများဖြင့် တီးခတ်ဖျော်ဖြေပေးကြမည်ဖြစ်သည်။

ယခုနှစ်သင်္ကြန်ပွဲတော်တွင် မနော်ရမ္မံကွင်း၌ ထူးခြားစွာထည့်သွင်းကျင်းပရန် တည်ဆောက်ထားသည့် တိုင်းရင်းသားသွေးချင်းများ၏ ရိုးရာသင်္ကြန်မဏ္ဍပ်တွင်လည်း တိုင်းရင်းသားလူမျိုးစုအသီးသီးမှ ရိုးရာယဉ်ကျေးမှုအဆိုအကများဖြင့် ဖျော်ဖြေတင်ဆက်မှုများနှင့်အတူ ရပ်ကွက်အလိုက် ယိမ်းအကပြိုင်ပွဲများ၊ သံချပ်ပြိုင်ပွဲများကိုလည်း ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**


ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၊ အခြေခံပညာဦးစီးဌာနနှင့် ပူတာအိုခရိုင်စီမံခန့်ခွဲမှုကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော



ကလေးစာပေပွဲတော်



စာအုပ်စာပေပြပွဲ နှင့် စာအုပ်ဈေးရောင်းပွဲ

( ပူတာအိုမြို့ )

၂၀၁၉ ခုနှစ် ၊ မတ်လ (၁၈၊ ၁၉)ရက်၊ (တနင်္လာ၊ အင်္ဂါ)နေ့ ၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

ဖုန်ကန်ရာဇိခန်းမနှင့် အခြေခံပညာအထက်တန်းကျောင်း၊ ပူတာအိုမြို့


❐ *ကျောဖုံးမှ*

ရှမ်းယူနိုက်တက်အသင်းသည် အဖွင့်ပွဲအဖြစ် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် ယှဉ်ပြိုင်ခဲ့ပြီး သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ရှမ်းအသင်းသည် ပထမအကျော့ လက်ကျန်နှစ်ပွဲစလုံးကို အိမ်ကွင်းကစားရမည်ဖြစ်ပြီး နိုင်ပွဲရယူနိုင်မှသာ နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းမည်ဖြစ်သည်။ ရှမ်းအသင်းနှင့် တွေ့ဆုံနေသည့် ပါစီဂျာအသင်းသည် ပထမပွဲတွင် ဗီယက်နမ်ကလပ် ဘင်ဒေါင်းအသင်းနှင့် ဂိုးမရှိ သရေကျထားပြီး မြန်မာ့လက်ရွေးစင်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းနည်းပြချုပ်ဟောင်း အိုင်ဗန်ကိုလက်ဗ် ကိုင်တွယ်နေသည့်အသင်းလည်းဖြစ်သည်။ ရန်ကုန်အသင်းသည် ပထမပွဲတွင် စင်ကာပူကလပ် တမ်ပနိစ်ရိုဗာအသင်းကို အိမ်ကွင်း၌ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး ယခုပွဲမှာ အရေးပါလျက်ရှိသည်။ ရန်ကုန်အသင်းနှင့် တွေ့ဆုံနေသည့် နာဂါဝေါ်အသင်းသည် ပထမပွဲတွင် ဗီယက်နမ်ကလပ် ဟနွိုင်းအသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

ရန်ကုန်အသင်းသည် အဝေးကွင်းပွဲယှဉ်ပြိုင်ရန် မတ် ၁၀ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းမှာမူ အိမ်ကွင်း၌ ရလဒ်ကောင်း ရယူနိုင်ရန် ပြင်ဆင်လျက်ရှိသည်။ **ညီမြတ်သော်တာ**



အမျိုးသမီးငယ်များအား အခြေခံဘောလုံးကိုင်တွယ်ခြင်း သရုပ်ပြသနေမှုကို တွေ့ရစဉ်။

# AFC Women's Football Day ကျင်းပ

**ရန်ကုန် မတ် ၉**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ ပူးပေါင်းမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ဆပ်ကော်မတီမှ ကြီးမှူးကျင်းပသည့် AFC Women's Football Day 2019 အခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး အမျိုးသမီးအားကစားအဖွဲ့ ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါ်မာလာဝင်းက အမှာစကားပြောကြားပြီး မြန်မာ့လက်ရွေးစင်ဘောလုံးကစားသမားဟောင်း ဒေါ်ဇင်မာဝမ်းက ဘောလုံးအကြောင်း သိကောင်းစရာများ ရှင်းလင်းပြောကြား၍ တာဝန်ရှိသူများနှင့်အတူ ဘောလုံးကန်ကာ ဖွင့်လှစ်ပေးခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုး၊ အမျိုးသမီးအားကစားအဖွဲ့ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ကျောင်းသားကျောင်းသူများက အမျိုးသမီးငယ်များ၏ အခြေခံဘောလုံးကိုင်တွယ်ခြင်းများ သရုပ်ပြသခြင်း၊ တိုင်းဒေသကြီးအသက် ၂၅ နှစ်အောက် အမျိုးသမီးအသင်းမှ နှစ်သင်းခွဲ၍ သရုပ်ပြသမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

AFC Women's Football Day 2019 အခမ်းအနားကို အာရှတိုက်နိုင်ငံများတွင် တစ်နှစ်တစ်ကြိမ် ကျင်းပခဲ့ရာ မြန်မာနိုင်ငံတွင် ၂၀၁၆ ခုနှစ်မှစ၍ ယခုနှစ်အထိ လေးကြိမ်မြောက် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**အာကာစိုး**

## ပရီမီယာလိဂ်ပွဲစဉ်(၃၀) စပါးတို့ ဆောက်သမ်တန်ကို ရှုံးနိမ့်

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၃၀)၏ မတ် ၉ ရက် စနေနေ့ည အစောဆုံးပွဲစဉ်အဖြစ် ပဲလေ့စ်နှင့် ဘရိုက်တန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကာ အဝေးကွင်း၌ ဘရိုက်တန်အသင်း နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၄-၃-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ကာ ပွဲချိန် ၁၉ မိနစ်တွင် တိုက်စစ်မှူး ဂလန်းမာရေးက ဘရိုက်တန်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ဒုတိယပိုင်း မိနစ် ၅၀ တွင် အိမ်ရှင် ပဲလေ့စ်အသင်း ပယ်နယ်တီကန်ခွင့်ရကာ မိုင်လီဗိုဂျီဗစ်က အမှားအယွင်းမရှိ ချေပဂိုးသွင်းယူပေးခဲ့သည်။ ဘရိုက်တန်အတွက် တန်ဖိုးရှိ အနိုင်ဂိုးကို ပွဲချိန် ၇၄ မိနစ်တွင် တိုက်စစ်မှူး နော့ခ်အတ်က သွင်းယူပေးခဲ့သည်။ ယင်းနှစ်သင်းသည် ရမှတ် ၃၃ မှတ်စီ ရရှိထားပြီး တန်းဆင်းဇုန်အသင်းများနှင့် အမှတ်မကွာသေးဘဲ ရုန်းကန်ရဦးမည် ဖြစ်သည်။

အခြားပွဲစဉ် ရလဒ်များမှာ ဆောက်သမ်တန်က စပါးကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲအပြီး စပါးတို့ ၆၁ မှတ်ဖြင့် အဆင့် ၃ ၌ ရပ်တည်နေသည်။ ကာဒစ်က ဝက်စ်ဟမ်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဘုန်းမောက်က ဟတ်ဒါဖီးကို နှစ်ဂိုး-ဂိုးမရှိ၊ လက်စတာက ဖူလ်ဟမ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **သီဟ**

◆ *ကျောဖုံးမှ*

ထိုက်ထိုက်အောင်၊ ဟိန်းသီဟဇော်(ရှမ်း)၊ သက်နိုင်၊ ဇော်ရဲထွန်း(ရတနာပုံ)၊ ဇော်မင်းထွန်း(ချောင်ဘူရီ)၊ ငြိမ်းချမ်း(ရခိုင်)၊ ပြည့်ဖြိုးဇော်၊ မင်းကျော်ခန့်(ရန်ကုန်)၊ **အလယ်တန်း** - လှိုင်းဘိုဘို (ရတနာပုံ)၊ မောင်မောင်ဝင်း (ဇွဲကပင်)၊ ချမ်းဦး(ရခိုင်)၊ လားဒင်မောရ(ဟံသာဝတီ)၊ ရန်နိုင်ဦး(ရှမ်း)၊ သီဟဇော် (ဧရာဝတီ)၊ အောင်လှိုင်ဝင်း၊ ကျော်စွာမင်း(စစ်ကိုင်း)၊ မောင်မောင်လွင်၊ ငြိမ်းချမ်းအောင်(ရန်ကုန်)၊ **ရှေ့တန်း**- အောင်သူ(မြောင်တောင်)၊ ဇင်မင်းထွန်း၊ ဒွေးကိုကိုချစ်(ရှမ်း)၊ အောင်မြင့်ထွန်း (မကွေး)၊ ဝင်းနိုင်စိုး(ရတနာပုံ)တို့ ပါဝင်ကြသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၁၁ ရက်တွင် မန္တလေးမြို့၌ စတင်လေ့ကျင့်မည်ဖြစ်ပြီး AFC Cup ပြိုင်ပွဲယှဉ်ပြိုင်ရမည့် ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းတို့မှ ကစားသမားများမှာ မတ် ၁၃ ရက်မှ အသင်းနှင့် ပူးပေါင်းနိုင်မည်ဖြစ်သလို ယာယီနည်းပြချုပ် ဦးမျိုးမင်းထွန်းမှာလည်း ယင်းရက်မှသာ အသင်းအား စတင်ကိုင်တွယ်နိုင်မည်ဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင်အသင်းတွင် လက်ရှိ MNL ပြိုင်ပွဲ၌ ခြေစွမ်းပြနေသည့် ကစားသမားများ အများဆုံးပါဝင်လာပြီး မျက်နှာသစ်ကစားသမားအချို့လည်း ရွေးချယ်ခံခဲ့ရသည်။ ထို့ပြင် ကစားသမားအချို့မှာလည်း လက်ရွေးစင်အသင်း၌ တစ်ကျော့ပြန် ရွေးချယ်ခံခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲများအဖြစ် မတ် ၁၉ ရက်တွင် တရုတ်(တိုင်ပေ)အသင်း၊ မတ် ၂၅ ရက်တွင် အင်ဒိုနီးရှားနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ခြေစမ်းပွဲနှစ်ပွဲစလုံးကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။ **ညီမြတ်သော်တာ**

# မြန်မာ ယူ-၂၂ အသင်းနှင့် နီဂါတာအသင်း သရေကျ

**ရန်ကုန် မတ် ၉**

နိုင်ငံတကာပြိုင်ပွဲများအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာ ယူ-၂၂ အသင်းနှင့် စင်ကာပူလိဂ်တွင် ယှဉ်ပြိုင်နေသည့် ဂျပန်ကလပ် နီဂါတာအသင်းတို့ ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းယှဉ်ပြိုင်ရာ ဂိုးမရှိသရေကျခဲ့သည်။

မြန်မာယူ-၂၂ အသင်းသည် ခြေအသာဖြင့်ကစားပြီး ဂိုးသွင်းခွင့်များစွာ ဖန်တီးနိုင်ခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် ဂိုးမရဘဲ နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ နီဂါတာအသင်းသည် ပုံမှန်သာကစားသွားပြီး ဂိုးမပေးရရန်သာ ဦးစားပေးကစားခဲ့သည်။

မြန်မာယူ-၂၂ အသင်းသည် မြတ်ကောင်းခန့်၊ ဆန်းဆက်နိုင်၊ ဝင်းနိုင်ထွန်း၊ စိုးလွင်လွင်၊ လွင်မိုးအောင် စသည့် အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရန်ကုန်နှင့် ရှမ်းယူနိုက်တက်အသင်းမှာ အင်္ဂါနေ့တွင် AFC Cup ပြိုင်ပွဲ ကစားရန်ရှိသောကြောင့် ဂိုးသမား ဆန်းဆက်နိုင်မှလွဲ၍ ကျန်ကစားသမားများကို အချိန်ပိုင်းသာ အသုံးပြုခဲ့သည်။

နီဂါတာအသင်းသည် ပွဲစကတည်းက ထိန်းကစားနေ၍ မြန်မာ ယူ-၂၂ အသင်း အခွင့်အရေးပိုရခဲ့သည်။ ထက်ဖြိုးဝေ၏ အဝေးကန်ချက် တိုင်ထိထွက်ခဲ့သလို ဝင်းနိုင်ထွန်း၊ ထက်ဖြိုးဝေ၊ ဟိန်းဖြိုးဝင်း၊ မြတ်ကောင်းခန့်တို့၏ ကန်သွင်းမှုများမှာ ဂိုးမဖြစ်ခဲ့၍ နစ်နာခဲ့ရသည်။ ဒုတိယပိုင်းတွင် နီဂါတာအသင်းက ကစားအားမြှင့်လာပြီး ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ မြန်မာယူ-၂၂ အသင်းသည် ကစားသမားများ အပြောင်းအလဲပြုလုပ်ခဲ့သောကြောင့် ပထမပိုင်းတွင် ကစားပုံမကောင်းတော့ဘဲ ဂိုးသွင်းခွင့်လည်း အနည်းငယ်သာရခဲ့သည်။ ပွဲပြီးခါနီးတွင် အောင်ကောင်းမာန် အနီးကပ်ပိတ်သွင်းခွင့်ရသော်လည်း လွဲချော်ခဲ့၍ ဂိုးမရှိ သရေရလဒ်ဖြင့် အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာယူ-၂၂ အသင်း၏ အာရှ ယူ-၂၃ ခြေစစ်ပွဲအကြို ပထမဆုံးခြေစမ်းပွဲမှာ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ဂျပန်ကလပ် နီဂါတာအသင်း၏ မြန်မာနိုင်ငံခရီးစဉ်မှာ ပြီးဆုံးခဲ့ပြီဖြစ်ပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေကျခဲ့ကာ ပထမပွဲတွင် မြန်မာယူ-၁၉အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ **ညီမြတ်သော်တာ**

# မိုင်းဆတ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားပေါင်း သိန်း ၂၀ ဖမ်းဆီးရမိ



ဖမ်းဆီးရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

**နေပြည်တော် မတ် ၉**

တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့များမှ မိုင်းဆတ်မြို့နယ် မိုင်းဆတ်-တာချီလိတ်သွားကားလမ်း လွယ်ပါရင်(၂)ကျေးရွာအနီးတွင် ယမန်နေ့ ညနေ ၅ နာရီခွဲ၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်စဉ် တာချီလိတ်မြို့ဘက်မှ မိုင်းဆတ်မြို့ဘက်သို့ မောင်းနှင်လာသည့် SHN 6H/--- REVO အမျိုးအစားယာဉ်သည် ကိုက် ၄၀၀ ခန့် အကွာတွင် ရပ်တန့်ကာ ယာဉ်မောင်းမှာ ထွက်ပြေးသွားခဲ့သဖြင့် သွားရောက်စစ်ဆေးရှာဖွေခဲ့ရာ ဆာလာအိတ် ၁၃ အိတ်ဖြင့်ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြားပေါင်း သိန်း ၂၀ ဒေသတန်ဖိုး (ကျပ်သိန်း ၂၀၀၀ ခန့်)၊ စိတ်ကြွဆေးပြားရိုက်ရာတွင် အသုံးပြုသည့် အရှည်လေးလက်မခွဲခန့်စီရှိ သံမှို ၁၉၅ ချောင်းနှင့် ဆေးပြားရိုက်နှိပ်သည့် စက်အပိုင်းအစများကို သိမ်းဆည်းရမိခဲ့သဖြင့် မိုင်းတွမ် နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

# မြဝတီမြို့တွင် အခကြေးငွေယူပြီး တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ ပို့ဆောင်ပေးခဲ့သူကို ဖမ်းဆီးအရေးယူ

**မြဝတီ မတ် ၉**

ကရင်ပြည်နယ် မြဝတီမြို့တွင် ပြည်ပအကျိုးဆောင်လိုင်စင်မရှိဘဲ အလုပ်ရမည်ဟုစည်းရုံးကာ အခကြေးငွေယူဆောင်ပြီး တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ထိုင်းနိုင်ငံသို့ပို့ဆောင်ပေးခဲ့သူအမျိုးသားတစ်ဦးကို မတ် ၈ ရက် ညနေ ၅ နာရီ ၅ မိနစ်တွင် မြဝတီမြို့မရဲစခန်းက ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မြဝတီမြို့ အမှတ်(၁၂) ရပ်ကွက်နေ ဒေါ်နုနု (၄၁ နှစ်)နှင့် တူမတော်စပ်သူ မဥမ္မာတို့နှစ်ဦးကို တစ်ရပ်ကွက်တည်းနေ ကိုဇော်ခိုင်(၄၁ နှစ်)က ထိုင်းနိုင်ငံရှိ စက်ရုံများတွင် အလုပ်လုပ်ပါက ၁၅ ရက်တစ်ကြိမ် လုပ်အားခအဖြစ် ထိုင်းဘတ်ငွေ ခြောက်ထောင့်ငါးရာမှ ခုနစ်ထောင်အထိ ရရှိမည်ဖြစ်ကြောင်း ပြောဆိုစည်းရုံးကာ တစ်ဦးလျှင် ထိုင်းဘတ်ငွေ ခုနစ်ထောင့်ငါးရာဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလက ပို့ဆောင်ပေးခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦးမှာ ထိုင်းနိုင်ငံ သို့ ရောက်ရှိစဉ် ဂိုဒေါင်တစ်ခုအတွင်းနေထိုင်ခဲ့ရကာ ကြံ့ရာကျပန်းလုပ်ကိုင်ခဲ့ရကြောင်း၊ လုပ်အားခလည်း မရရှိသဖြင့် အဆိုပါဂိုဒေါင်မှ ထွက်ပြေးလာခဲ့စဉ် ထိုင်းရဲများ၏ ဖမ်းဆီးခြင်းကို ခံခဲ့ရကြောင်းနှင့် လွန်ခဲ့သော တစ်လခန့်က မြဝတီမြို့ရှိ ကျောက်လုံးကြီး ပြန်လည်လက်ခံ ကြိုဆိုရေးစခန်းမှတစ်ဆင့် မြဝတီမြို့သို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်နုနုက ၎င်းနှင့်တူမဖြစ်သူတို့နှစ်ဦးကို အလုပ်အကိုင်ရရှိမည်ဟု ပြောဆိုစည်းရုံးကာ အခကြေးငွေယူ၍ ပြည်ပအကျိုးဆောင်လိုင်စင်/နယ်ကိုယ်စားလှယ်လိုင်စင်မရှိဘဲ ထိုင်းနိုင်ငံသို့ တရားမဝင်လမ်းကြောင်းမှ ပို့ဆောင်ခဲ့သူ ဇော်ခိုင်(၄၁ နှစ်) အမှတ် ၁၈ နတ်စင် ၂ လမ်း အမှတ်(၃)ရပ်ကွက် မြဝတီမြို့နေသူကို တရားလိုပြုလုပ်တိုင်တန်းပြီး မြဝတီမြို့မရဲစခန်းက အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

## မြန်မာ့ရုပ်မြင်သံကြား

၁၀-၃-၂၀၁၉ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - တရုတ်ကာတွန်း "ငါးကြင်းလေးရဲ့စွန့်စားခန်း" (အပိုင်း-၃)
၉း၃၅ - MRTV Travelogue
၁၀း၀၀ - Sunday Talk
၁၀း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၁း၀၀ - လှပစုံလင်အာဆီယံတစ်ခွင်
၁၁း၁၀ - ကဗျာရိပ်မြုံ "လရောင်အောက်ဝယ်"
၁၁း၃၀ - BBC ခံစားကြည့်
၁၂း၃၀ - This Week's Special Intrest
၁၂း၄၅ - မြန်မာဂန္ထဝင်ရုပ်ရှင် "ကျော်ကို ချစ်မလား ဇော်ကို ချစ်မလား"(ညွှန့်ဝင်း၊ လင်းထင်၊ တင်တင်ညို) (ဒါရိုက်တာ-စိန်ဖေတင်)

**ညပိုင်း**

၁၆း၃၅ - "မြန်မာနိုင်ငံရှိ လူကုန်ကူးခံရသူများအတွက် အခွင့်အရေးနှင့် ပြစ်မှုစီရင်ရေး လုပ်ထုံးလုပ်နည်းများ"
၁၇း၄၅ - "ပြောင်းလဲပါ" (Change) (အောင်မြင့်မြတ်၊ သံသာမိုးသိမ့်)(ဒါရိုက်တာ-ဝေယံဖေ)
၁၈း၂၀ - "ကြယ်ရောင်လမ်း"(၅) (အကယ်ဒမီချိုပြုံးနှင့် တွေ့ဆုံခြင်း)(အပိုင်း-၁)
၁၈း၄၀ - လေ့လာစရာစုံလင် အမိ မြန်ပြည်တစ်ခွင် (မြရည့်ရွှန်းလက်နတ်သစ်ရွက်)
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ"(အပိုင်း-၇၂)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၀း၃၅ - "အညာနွေဦးပွဲတော် (သို့) မန်းရွှေစက်တော်"
- အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ ဂုဏ်ပြုဖျော်ဖြေတင်ဆက်ပွဲ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီက စီစဉ်တင်ဆက်သော "ခွင့်တူညီမျှ၊ အမျိုးသမီးများဘဝ"
- တမ်းတမ်းတတဖြစ်ခဲ့ရသော ရုပ်ရှင်တေးများ

# စဉ့်ကူးမြို့နယ် ဒိုးနွယ်ကျေးရွာတွင် ကွဲကွာနေသည့် ခင်ပွန်းက ဓားဖြင့်ထိုး၍ ဇနီးဖြစ်သူသေဆုံး

**စဉ့်ကူး မတ် ၉**

စဉ့်ကူးမြို့နယ် နတ်တောင်ကျေးရွာအုပ်စု ဒိုးနွယ်ကျေးရွာတွင် ခင်ပွန်းဖြစ်သူက သုံးလခန့်ကွဲနေသည့် ဇနီးသည်ကို ပြန်လည်ပေါင်းသင်းရန် ပြောဆိုရာ ဇနီးဖြစ်သူက မပေါင်းသင်းနိုင်ကြောင်း ပြောဆိုရာမှ စကားများရန်ဖြစ်ကာ ခင်ပွန်းဖြစ်သူက ဇနီးသည်ကို ဓားဖြင့် ထိုးသတ်မှု ဖြစ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၈ ရက် မွန်းလွဲ ၃ နာရီခွဲခန့်က စဉ့်ကူးမြို့နယ် နတ်တောင်ကျေးရွာအုပ်စု ဒိုးနွယ်ကျေးရွာ၌ မြင့်သူဇာခိုင် (ခ) မာဂဒတ်(၂၁ နှစ်)အား သုံးလခန့် ကွဲကွာနေသည့် ခင်ပွန်းဖြစ်သူ အောင်ကျော်ဆန်းဦး(ခ)ကျော်ဆန်းဦး (၃၄ နှစ်) ရွှေလုပ်သား ဒိုးနွယ်ကျေးရွာနေသူက ဓားဖြင့် သုံးချက်ထိုးခဲ့၍ သေဆုံးသွားကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကို နွယ်ရုံရဲကင်းသို့အကြောင်းကြားချက်အရ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစန်းနိုင်ထွန်းနှင့် ရဲအုပ်ကျော်ခိုင်မိုးတို့က အခင်းဖြစ်ရာသို့ သွားရောက်စစ်ဆေးပြီး ပြစ်မှုကျူးလွန်သူ အောင်ကျော်ဆန်းဦးကို ရှာဖွေဖမ်းဆီးကာ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**မင်းဇော်ဦး(ပြန်/ဆက်)**

# ဘားအံမြို့အဝင် သံလွင်တံတားအနီး ကြက်စာတင် ၁၂ ဘီးမော်တော်ယာဉ်တိမ်းမှောက် ယာဉ်ပေါ်ပါ အမျိုးသားတစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိ

**ဘားအံ မတ် ၉**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဘားအံ-သထုံကားလမ်း သံလွင်တံတား (ဘားကပ်ဘက်ခြမ်း)အနီးတွင် မတ် ၉ ရက် နံနက်ပိုင်းက ကြက်စာများ တင်ဆောင်မောင်းနှင်လာသော ၁၂ ဘီးယာဉ်တစ်စီးတိမ်းမှောက်ကာ ယာဉ်ပေါ်လိုက်ပါလာသူ အမျိုးသားတစ်ဦး သေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိကာ ယာဉ်မောင်းမှာ အခင်းဖြစ်နေရာမှ တိမ်းရှောင်သွားကြောင်း သိရသည်။

**ထွက်ပြေး တိမ်းရှောင်**

ဖြစ်စဉ်မှာ မတ် ၉ ရက် နံနက် ၅ နာရီ ၅၅ မိနစ်ခန့်က ဘားအံ-သထုံကားလမ်းအတိုင်း သထုံဘက်မှ ဘားအံဘက်သို့ ကြက်စာများတင်ဆောင်၍ ယာဉ်မောင်း သန့်ဇင်ဦး(၃၅ နှစ်) မောင်းနှင်ပြီး ယာဉ်နောက်လိုက်(စုံစမ်းဆဲ)၊ အလုပ်သမားများဖြစ်သော ဦးသန်းဝင်း(၄၈ နှစ်)၊ဒေါ်ထားရီ(၄၂ နှစ်)နှင့် မောင်မျိုးမင်းတို့ လိုက်ပါလာသော YGN 1E/---- ၁၂ ဘီးယာဉ်သည် ဘားအံမြို့နယ် သံလွင်တံတား(ဘားကပ်ဘက်ခြမ်း)အနီး မိုင်တိုင်အမှတ် (၆/၃) အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်သို့ လဲကျကာတိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်လိုက်ပါလာသူများဖြစ်သော ဒေါ်ထားရီနှင့် ဦးသန်းဝင်းတို့ ဒဏ်ရာရရှိခဲ့ကာ မောင်မျိုးမင်း (အသက်-စိစစ်ဆဲ)မှာ ကြက်စာအိတ်များပိ၍ ပြင်ပဒဏ်ရာမတွေ့ရှိဘဲ အခင်းဖြစ်နေရာတွင် သေဆုံးသွားပြီး ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်တို့ နှစ်ဦးမှာ အခင်းဖြစ်နေရာမှ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

**ဆက်လက်ဆောင်ရွက်**

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း သန့်ဇင်ဦးကို ဘားအံမြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကာ ဖမ်းဆီးရမိရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ရန်ကုန်လေဆိပ်၌ ပိုင်ရှင်မဲ့တွေ့ရှိသည့် ပိုက်ဆံအိတ်တစ်လုံးအား ပိုင်ရှင်ဖြစ်သူ ဂျာမနီနိုင်ငံသားထံ ပြန်လည်ပေးအပ်

**နေပြည်တော် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်လေဆိပ် Terminal-3၊ Centeralize ဂိတ်အမှတ် (၃၀)အနီး ခရီးသည်နားနေခုံအောက်၌ ပိုက်ဆံအိတ်တစ်လုံးကို မတ် ၄ ရက် မွန်းလွဲပိုင်းက ပိုင်ရှင်မဲ့တွေ့ရှိရသဖြင့် လေဆိပ်တာဝန်ကျ ရဲတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အမေရိကန် ဒေါ်လာ ၂၅၀၊ ယူရို ၆၀၊ မြန်မာငွေကျပ် ၁၇၇၄၀၀၊ Business Card ခြောက်ကတ်တို့ကို တွေ့ရှိထိန်းသိမ်းခဲ့သည်။

**လွှဲပြောင်းပေးအပ်**

ထို့နောက် ရဲတပ်ဖွဲ့ဝင်များက ပိုင်ရှင်ဖြစ်သူထံ ပြန်လည်အပ်နှံနိုင်ရေးအတွက် စိစစ်ဆောင်ရွက်ခဲ့ရာ ရွှေမြန်မာလေကြောင်းလိုင်းဖြင့် ရန်ကုန်လေဆိပ်မှ မန္တလေးလေဆိပ်သို့ ထွက်ခွာသွားသည့် ခရီးသည် ဂျာမနီနိုင်ငံသား Mr.Hintermaier Johannes(၅၈နှစ်)၏ ပိုက်ဆံအိတ်ဖြစ်ကြောင်း သိရှိရသဖြင့် ဆက်သွယ်အကြောင်းကြားခဲ့ပြီး မတ် ၈ ရက် ညနေ ၄ နာရီ ၅၅ မိနစ်တွင် ဂျာမနီနိုင်ငံသား Mr.Hintermaier Johannes မှာ ရန်ကုန်လေဆိပ်သို့ ပြန်လည်ရောက်ရှိလာ၍ ၎င်း၏ပိုက်ဆံအိတ်အား ရဲအုပ်ဝင်းထွဋ်အောင်နှင့်အဖွဲ့မှ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

# လှိုင်သာယာမြို့နယ် ညောင်ကျေးရွာတွင် ဝရိန်မီးပွားမှ မီးလောင်မှုဖြစ်

**ရန်ကုန် မတ် ၉**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ညောင်ကျေးရွာအုပ်စု ပန်းလှိုင်ဂေါက်ကွင်းပတ်လမ်းရှိ ကျူးကျော်တဲတန်းတွင် မတ် ၉ ရက် ညနေ ၅ နာရီ ၁၅ မိနစ်က မီးလောင်မှုဖြစ်ခဲ့ရာ နေအိမ်တဲအလုံး ၃၀ ခန့် မီးလောင်ခဲ့ကြောင်း သိရသည်။

**မီးငြိမ်းခဲ့**

အဆိုပါမီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့မှအုပ်ချုပ်မှုယာဉ်နှစ်စီး၊ မီးသတ်ယာဉ် ၃၄ စီး၊ ရေသယ်ယာဉ်နှစ်စီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ၆ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းခဲ့သည်။

**ပို့ဆောင်ကုသ**

မီးလောင်မှုကြောင့် ကျူးကျော်တဲနေအိမ်အလုံး ၃၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး အမှတ် (၅)ရပ်ကွက်မှ အရန်မီးသတ်တပ်ဖွဲ့ဝင်ဖြစ်သူ ဖြိုးကိုကိုလွင်(၁၈ နှစ်) ရေစို၍ ခန္ဓာကိုယ်တောင့်တင်းပြီး အအေးပတ်ခြင်း(မစိုးရိမ်ရ)နှင့် မောင်အောင်ကို(၁၈ နှစ်)၊ မောင်အောင်မင်းဇော်(၃၂ နှစ်)တို့ ဒဏ်ရာများရရှိသောကြောင့် မြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသလျက်ရှိသည်။

ဖြစ်စဉ်မှာ ပန်းလှိုင်ဂေါက်ကွင်းပတ်လမ်း ကျူးကျော်တဲတန်းရှိ ဦးစိုးလွင်၊ ဒေါ်ခိုင်ခိုင်တို့၏ လန်းဆန်းကုန်ခြောက်ဆိုင်တွင် ဓာတ်ဆီရောင်းချလျက်ရှိရာ ဝရိန်မီးပွားများ ဓာတ်ဆီဘူးများပေါ်သို့ကျရောက်ရာမှ မီးလောင်မှု ဖြစ်ခဲ့ခြင်းဖြစ်သည်။

**ဖွင့်လှစ်ထားရှိ**

မီးဘေးသင့်အိမ်ထောင်စုများကို ညောင်ကျေးရွာရှိ မင်္ဂလာတိုက်ဘုန်းတော်ကြီးကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်းအဖြစ် ဖွင့်လှစ်ထားရှိသည်။

မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များရောက်ရှိကာ မီးဘေးသင့်ပြည်သူများအတွက် လိုအပ်သည်များကို တိုင်းဒေသကြီးဝန်ကြီးချုပ်က မှာကြားခဲ့သည်။

**မီးဘေးအန္တရာယ်စိုးရိမ်လျက်ရှိ**

ပူပြင်းသောရာသီသို့ ဝင်ရောက်လာချိန်တွင် လှိုင်သာယာမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများ၌ ဓာတ်ဆီဆိုင်များဖွင့်လှစ်ရောင်းချမှုကြောင့် ရုတ်တရက်မီးလောင်မှုတွင် မီးသတ်ယာဉ်များ ဝင်၊ ထွက်ရန်ခက်ခဲ၍ ပိတ်ဆို့မှုများရှိနေသည့်အတွက် ဓာတ်ဆီရောင်းချမှုကို ရပ်ကွက်ပြည်သူတို့ မီးဘေးအန္တရာယ်စိုးရိမ်လျက်ရှိနေကြပြီး ယခုမီးလောင်မှုတွင် ဦးစိုးလွင်၊ ဒေါ်ခိုင်ခိုင်တို့ကို မြို့နယ် မြို့မရဲစခန်းက အရေးယူထားကာ မီးဘေးသင့်ပြည်သူတို့တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲဖြေဆိုနေသူ ပါဝင်မှု ရှိ၊ မရှိကို ရပ်ကွက်အုပ်ချုပ်ရေးမှူးက စာရင်းပြုစုနေကြောင်း သိရသည်။

**၁၆၄၊ ဓာတ်ပုံ -သစ္စာ**



မီးလောင်မှုဖြစ်ပွားသည့်နေရာ၌ မီးသတ်တပ်ဖွဲ့ဝင်များ အပြီးသတ်မီးငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။

# ရုရှားနိုင်ငံ၏ အက်စ် ၄၀၀ ဒုံးကျည်စနစ်ကို တူရကီ ဝယ်ယူမည်ဆိုပါက အမေရိကန်နှင့်တူရကီကြား အကြီးအကျယ်ရိုက်ခတ်မှုများဖြစ်လာမည်


တူရကီသမ္မတ အာဒိုဂန်နှင့် ရုရှားသမ္မတပူတင်တို့ ၂၀၁၈ခုနှစ် စက်တင်ဘာ ၁၇ ရက်က တွေ့ဆုံနှုတ်ဆက်နေစဉ်။

**အန်ကာရာ မတ် ၉**

တူရကီနိုင်ငံသည် ရုရှားနိုင်ငံ၏ အက်စ် ၄၀၀ ဒုံးကျည်စနစ်ကို ဝယ်ယူမည်ဆိုပါက အမေရိကန်နှင့် တူရကီနိုင်ငံကြား စစ်ဘက်ဆက်ဆံမှုများတွင် အကြီးအကျယ်ရိုက်ခတ်မှုများ ဖြစ်လာလိမ့်မည်ဟု အမေရိကန်နိုင်ငံ ပင်တဂွန်စစ်ဌာနချုပ်က သတိပေးပြောကြားလိုက်သည်။

ပင်တဂွန်စစ်ဌာနချုပ်၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ချာလီဆန်းမားစ်က သတင်းထောက်များကို ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။ အကယ်၍ တူရကီက ပင်တဂွန်၏ သတိပေးချက်ကို ဂရုမစိုက်ဘဲ ရှေ့တိုးလုပ်ဆောင်မည်ဆိုပါက အဆိုပါရိုက်ခတ်မှုသည် တူရကီနိုင်ငံကို ရောင်းချနေသည့် အမေရိကန်နိုင်ငံ၏ အက်ဖ် ၃၅ ဂျက်တိုက်လေယာဉ်သစ်များ ရောင်းချမည့်ကိစ္စကိုပါ ထိခိုက်လာနိုင်သည်ဟု ဆိုသည်။

တူရကီနိုင်ငံက ရုရှားနိုင်ငံ၏ အက်စ် ၄၀၀ ဒုံးကျည်စနစ်ကို ဝယ်ယူမည်ဆိုပါက အမေရိကန်နိုင်ငံ၏ အက်ဖ် ၃၅ ဂျက်တိုက်လေယာဉ်များကို ဝယ်ယူနိုင်တော့မည်မဟုတ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ်၏ ပြောခွင့်ရပုဂ္ဂိုလ်ချာလီဆန်းမားစ်က ပြောသည်။

အက်စ် ၄၀၀ ဒုံးကျည်စနစ်ကို ဝယ်ယူရန် ၂၀၁၇ ခုနှစ်ကတည်းက တူရကီနှင့် ရုရှားနိုင်ငံတို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ တစ်ချိန်တည်းမှာပင် အမေရိကန်နိုင်ငံ၏ အက်ဖ် ၃၅ တိုက်လေယာဉ်အစီအစဉ်ကိုလည်း တူရကီဘက်က ဘဏ္ဍာရေးအရ ကူညီမှုများရှိခဲ့ပြီး လေယာဉ်အစင်းရေ ၁၀၀ ဝယ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ယခုသီတင်းပတ်အစောပိုင်းက ဥရောပဆိုင်ရာအမေရိကန်တပ်မှူးက အမေရိကန်လွှတ်တော်အမတ်များကို အမေရိကန်၏ အက်ဖ် ၃၅ လေယာဉ်များ ရောင်းချမည့်အစီအစဉ်ကို ရှေ့မဆက်သင့်ကြောင်း ပြောကြားခဲ့သည်။

ယခုလိုသတိပေးပြီး နောက်တစ်နေ့တွင် ရုရှားနိုင်ငံ၏ ဒုံးကျည်စနစ်ကို ဝယ်ယူမည့်ကိစ္စ ခိုင်မာကြောင်း တူရကီသမ္မတ ရီဆက်ပ်တေရစ်အာဒိုဂန်က ပြောသည်။ **အေအက်ဖ်ပီ**

# ဖမ်းဆီးခံထားရသော အမျိုးသမီးများနှင့် ကလေးများအား ပြန်လွှတ်ပေးရေး ဆီးရီးယားအစိုးရကို တောင်းဆို

**ဒမတ်စကတ် မတ် ၉**

ဆီးရီးယားဒုက္ခသည်များနှင့် အခြားသော တက်ကြွလှုပ်ရှားသူများသည် ယမန်နေ့က တူရကီလမ်းများပေါ်ထွက်၍ မှားယွင်းဖမ်းဆီးထားသော အမျိုးသမီးများအား ပြန်လည်လွှတ်ပေးရေး ဆီးရီးယားအစိုးရကို တောင်းဆိုလိုက်ကြောင်း သိရသည်။

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့တွင် တူရကီမြို့တော်အစ္စတန်ဘူလ်တွင် ဖြစ်ပွားခဲ့သည့် အဆိုပါချီတက်ဆန္ဒပြမှုတွင် လူပေါင်း ၁၀၀၀ ခန့် ပါဝင်ခဲ့ကြောင်း သိရသည်။

လှုပ်ရှားတက်ကြွ ဆန္ဒပြသူများသည် ဆီးရီးယားသမ္မတဘတ်ရှာအယ်လ်အာဆတ်အစိုးရကို အတိုက်အခံအဖွဲ့များနှင့် ပူးပေါင်းပြီး အမျိုးသမီးများနှင့် ကလေးများကို ပိတ်ဆို့ထားသည်ဟု စွပ်စွဲခဲ့သည်။


အမျိုးသမီးများက လက်များကို ပဝါချည်၍ ဆန္ဒပြနေစဉ်။

ချီတက်ဆန္ဒပြမှုတွင် ထောင်ပေါင်းများစွာသော တက်ကြွလှုပ်ရှားသူများသည် ပဝါများဖြင့် လက်များကိုစည်းနှောင်ထားပြီး အတူတကွ ဆန္ဒပြခဲ့ကြောင်း သိရသည်။

အာဆတ်အစိုးရသည် အမျိုးသမီး ၇၀၀၀ ခန့် ဖမ်းဆီးထားကြောင်း တက်ကြွလှုပ်ရှားသူများက ပြောကြားသည်။

အစိုးရစခန်းများတွင် ဖမ်းဆီးထားသည့် အမျိုးသမီးများကို နှိပ်စက်ညှဉ်းပန်းမှု၊ လိင်အကြမ်းဖက်မှုများရှိနေသည့် အစီရင်ခံစာများကို လက်ခံရရှိထားသည်ဟု ကုလသမဂ္ဂအဖွဲ့က ပြောသည်။

ဆီးရီးယားဒုက္ခသည် အမျိုးသမီးတစ်ဦးက မိမိ၏သူငယ်ချင်းများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို တွေ့ကြုံခဲ့ရကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် ၎င်းက အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းကို အရေးယူဆောင်ရွက်မှုများပြုလုပ်သွားရန်လည်း တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယားအစိုးရအဖွဲ့အတွင်း အပြောင်းအလဲများပြုလုပ်

**ဆိုးလ် မတ် ၉**

တောင်ကိုရီးယားအစိုးရအဖွဲ့အတွင်း အကြီးအကျယ်အပြောင်းအလဲလုပ်မည့်အစီအစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် ပြန်လည်ပေါင်းစည်းရေးဝန်ကြီးကို တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းက အသစ်ခန့်အပ်လိုက်ကြောင်း သိရသည်။

ပြန်လည်ပေါင်းစည်းရေးဝန်ကြီး ချိုမြောင်ဂွမ်၏နေရာတွင် အသက် ၅၅ နှစ်အရွယ်ရှိ ကိုရီးယားအမျိုးသား ပြန်လည်ပေါင်းစည်းရေးဌာန၏ အကြီးအကဲ ကင်ယုံချိုနှင့် အစားထိုးရန် သမ္မတ၏အဆိုပြုချက်ကို လွှတ်တော်က ကြားနာစစ်ဆေးအတည်ပြုပေးရမည်ဖြစ်သည်။ အသစ်ခန့်အပ်မည့် ဝန်ကြီးသည် ငြိမ်းချမ်းရေး၊ ပူးပေါင်းဆောင်ရွက်မှုများနှင့်အတူ ကိုရီးယားကျွန်းဆွယ်သစ်ထူထောင်လိုသည့် သမ္မတ၏ မျှော်မှန်းချက်များကို ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်မည့်သူ၊ ပေါင်းစည်းရေးဝန်ကြီးဌာနကို အတိမ်းအစောင်းမရှိ ဦးဆောင်ပြီး ကိုရီးယားနှစ်နိုင်ငံကြား သဘောတူညီချက်များ မြန်မြန်ဆန်ဆန်ရရှိအောင် ဆောင်ရွက်နိုင်မည့်သူဖြစ်ကြောင်းလည်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်များ ဖျက်သိမ်းပြီး အပြန်အလှန်အားဖြင့် အမေရိကန်နိုင်ငံက မြောက်ကိုရီးယားနိုင်ငံအပေါ် ချမှတ်ထားသော အရေးယူပိတ်ဆို့မှုများကို ဖယ်ရှားပေးရေး အမေရိကန်နှင့် မြောက်ကိုရီးယားထိပ်တန်းခေါင်းဆောင်နှစ်ဦးကြား ဗီယက်နမ်နိုင်ငံမြို့တော် ဟနွိုင်းတွင် ဒုတိယအကြိမ်တွေ့ဆုံဆွေးနွေးခဲ့သော်လည်း သဘောတူညီမှုမရဘဲ အဆုံးသတ်ခဲ့ပြီးနောက် ရက်သတ္တတစ်ပတ်ခန့်အကြာတွင် တောင်ကိုရီးယားအစိုးရအဖွဲ့အတွင်း အပြောင်းအလဲများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ထို့အပြင် တောင်ကိုရီးယားသမ္မတသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အားကစားနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ အသေးစားနှင့် အလတ်စားလုပ်ငန်းဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် ငါးဖမ်းလုပ်ငန်းဝန်ကြီးဌာနတို့မှ ဝန်ကြီးများကိုလည်း ပြောင်းလဲခန့်အပ်ခဲ့ကြောင်း သိရသည်။ **အေအက်ဖ်ပီ**

# အပြည်ပြည်ဆိုင်ရာအာကာသစခန်းသို့ သွားရောက်ခဲ့သည့် ပုဂ္ဂလိကပိုင်အာကာသယာဉ် ကမ္ဘာမြေပေါ်သို့ ပြန်ရောက်

**ဝါရှင်တန် မတ် ၉**

အပြည်ပြည်ဆိုင်ရာ အာကာသစခန်းကို သွားရောက်ခဲ့သည့် စပေ့စ်အိတ်ကုမ္ပဏီ၏ နဂါးအမည်ရ အာကာသယာဉ်ငယ်သည် ကမ္ဘာမြေပေါ်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။ အဆိုပါအာကာသယာဉ်သည် ဖလော်ရီဒါပြည်နယ် ကမ်းလွန်အတ္တလန္တိတ်သမုဒ္ဒရာထဲသို့ ယမန်နေ့က ရောက်ရှိလာခဲ့ကြောင်း သိရသည်။

လေထီးလေးခုနှင့် ကမ္ဘာ့လေထုထဲ ရောက်လာသည့် အာကာသယာဉ်ငယ်သည် သမုဒ္ဒရာထဲအောင်အောင်မြင်မြင် ကျသွားချိန်တွင် နာဆာမြေပြင်ထိန်းသိမ်းရေးစခန်းက သိပ္ပံပညာရှင်များ အောင်ပွဲခံခဲ့ကြသည်။

ကမ္ဘာပတ်လမ်းကြောင်းထဲတွင် လှည့်ပတ်နေသည့် အာကာသစခန်းအတွက် ရိက္ခာနှင့် စက်ကိရိယာများ သယ်ဆောင်ပေးပို့ခဲ့သည့် အာကာသယာဉ်ငယ်သည် အာကာသစခန်းနှင့် ချိတ်ဆက်ပြီး ငါးရက်ခန့်နေခဲ့ကြောင်း သိရသည်။

အဆိုပါကာလအတွင်း အာကာသယာဉ်မှူးများသည် ယာဉ်ငယ်အတွင်းပိုင်းသို့ ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။ ယင်းအာကာသယာဉ်ပေါ်တွင် လူမပါသော်လည်း ရစ်ပ်လီဟု အမည်ပေးထားသည့်လူရုပ်ပါသွားပြီး ယင်းအရုပ်သည် ယာဉ်ထဲတွင် လူပါသွားမည်ဆိုပါက မည်သို့မည်ပုံဖြစ်မည်ဆိုသည်ကို သိနိုင်ရန် အချက်ပြမှုများနှင့် တိုင်းတာမှုများ သုံးကာမှတ်တမ်းတင်ခဲ့ကြောင်း သိရသည်။

အမေရိကန်အစိုးရသည် အာကာသပေါ်သို့ အာကာသယာဉ် လွှတ်တင်သည့် အစီအစဉ်ကို လွန်ခဲ့သည့်ရှစ်နှစ်က အဆုံးသတ်ခဲ့ပြီး နောက်ပိုင်းတွင် နဂါးဟုအမည်ပေးထားသည့် အာကာသယာဉ်သည် ပုဂ္ဂလိကကုမ္ပဏီ၏ စီးပွားဖြစ် တည်ဆောက် လွှတ်တင်ခဲ့သော ပထမဆုံး အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

အမေရိကန်က အာကာသယာဉ် လွှတ်တင်သည့် အစီအစဉ်ကို အဆုံးသတ်ခဲ့ သောကြောင့် အပြည်ပြည်ဆိုင်ရာ အာကာသစခန်းပေါ်က အာကာသယာဉ်မှူးများအတွက် ထောက်ပံ့ပို့ဆောင်ရေးပစ္စည်းများကို ပေးပို့ရန် ရုရှားကို အားကိုးနေရကြောင်း သိရသည်။


စပေ့စ်အိတ်ကုမ္ပဏီ၏ နဂါးအမည်ရ အာကာသယာဉ်ငယ် ကမ္ဘာမြေပေါ်သို့ ပြန်လည်ရောက်ရှိလာစဉ်။

အမေရိကန်မှ အာကာသယာဉ်မှူးများကို အာကာသထဲလွှတ်တင်နိုင်မည့် အာကာသယာဉ်ငယ် တည်ဆောက်ရန် နာဆာက စပေ့စ်အိတ်နှင့် ဘိုးရင်း ကုမ္ပဏီများကို ဒေါ်လာသန်းနှင့်ချီ ပေးထားကြောင်း သိရသည်။ **အေအက်ဖ်ပီ**

နိုင်ငံတကာ သတင်းတိုထွာ

## ဆူနာမီကြောင့်ပျက်စီးသည့် ဒေသများပြန်လည်တည်ဆောက်ရေး အကောင်အထည်ဖော်ရန် အာဘေးတိုက်တွန်း

**တိုကျို မတ် ၉**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ၂၀၁၁ ခုနှစ် ငလျင်နှင့်ဆူနာမီကြောင့် ပျက်စီးသွားသည့်ဒေသများ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန် အကောင်အထည်ဖော် လုပ်ဆောင်သွားရန် ဝန်ကြီးအဖွဲ့အား ယမန်နေ့က တိုက်တွန်းလိုက်ကြောင်း သိရသည်။

ယမန်နေ့က ပြုလုပ်ခဲ့သည့် အစည်းအဝေးတွင် သဘာဝဘေးဒဏ်နှင့် ဖူကူရှီးမား နျူကလီးယား မတော်တဆမှုကြောင့် ထိခိုက်ခဲ့သည့် ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသ အပြည့်အဝပြန်လည်တည်ဆောက်ရေးကို အစိုးရအဖွဲ့က စောင့်ကြည့်ရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် အာဘေးက ပြောသည်။ ထို့အပြင် ဝန်ကြီးချုပ် အာဘေးသည် အစိုးရအဖွဲ့ အစည်းအဝေးတွင် အဖွဲ့အစည်းတစ်ခုကို ဦးဆောင်မည့် အခြေခံမူဝါဒကို သတ်မှတ်ပေးခဲ့သည်။

အဆိုပါ မူဝါဒများတွင် လက်ရှိပြန်လည်တည်ဆောက်ရေးအစီအစဉ်များကို ၂၀၂၁ ခုနှစ် မတ်လတွင် ပြီးဆုံးအောင်ဆောင်ရွက်ရန်နှင့် နောက်ပိုင်းတွင်လည်း ဖူကူရှီးမားခရိုင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အစိုးရကို ဗိအားပေးလုပ်ဆောင်စေမည်ဟု ပြောသည်။

**အင်န်အိတ်ချ်ကေ**

## ထိပ်တန်းရာထူးများတွင် အမျိုးသမီးများရာထူးရရှိမှု နည်းသေးကြောင်း အိုင်အယ်လ်အိုပြော

**တိုကျို မတ် ၉**

ထိပ်တန်းရာထူးနေရာများတွင် အမျိုးသမီးများ ရာထူးရရှိနေမှုသည် ယခုအချိန်အထိ နည်းနေသေးကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့(အိုင်အယ်လ်အို)က ထုတ်ပြန်လိုက်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၁၈ ခုနှစ် ကမ္ဘာတစ်ဝန်းလုံးတွင် မန်နေဂျာနှင့် ခေါင်းဆောင်လိုမျိုးနေရာများတွင် အမျိုးသမီး ၂၇ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း မတ် ၈ ရက်တွင် ကျရောက်သော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်နေ့တွင် ထုတ်ပြန်လိုက်သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

အဆိုပါကိန်းဂဏန်းသည် လွန်ခဲ့သည့်နှစ် ၃၀ ကာလအတွင်း တိုးလာခဲ့သည်ဟု ဆိုရမလိုဖြစ်နေသော်လည်း များစွာ နည်းနေသေးကြောင်း သိရသည်။

စက်မှုဖွံ့ဖြိုးပြီးနိုင်ငံ ခုနစ်နိုင်ငံတွင် အမျိုးသမီးများ ထိပ်တန်းရာထူးနေရာရရှိမှုတွင် အမေရိကန်သည် ပထမနေရာမှ ရပ်တည်နေကာ ဗြိတိန်က ဒုတိယနေရာ၊ ကနေဒါက တတိယနေရာဖြစ်ပြီး ဂျပန်နိုင်ငံက အောက်ဆုံးအဆင့်တွင် ရောက်နေကြောင်း သိရသည်။

အမျိုးသမီးများအတွက် တူညီသည့်အခွင့်အရေးသာမက တူညီသည့် အကျိုးရလဒ်များရရှိစေမည့် ဥပဒေနှင့် မူဝါဒများလိုအပ်နေသေးကြောင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့က ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ၂၁ ရာစု အိုင်တီကမ္ဘာကြီးနဲ့ ကြောက်စရာကောင်းတဲ့ ဆိုက်ဘာတိုက်ခိုက်မှုများ

***ထွန်းသစ်စ***

**ယနေ့ ၂၁ ရာစုကမ္ဘာကြီးမှာ သတင်းအချက်အလက်နဲ့ နည်းပညာ (အိုင်တီ) ဖွံ့ဖြိုးတိုးတက်မှုတွေဟာ ခေတ်နဲ့အညီ အရှိန်အဟုန်ကောင်းကောင်းနဲ့ ဖြစ်ထွန်းတိုးတက်လာတာကို မပြောလည်း အားလုံးသိပြီးဖြစ်မှာပါ။ ယခင်က နည်းပညာမဖွံ့ဖြိုးခင်မှာ တစ်ယောက်နဲ့တစ်ယောက်၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ အုပ်စုတစ်စုနဲ့တစ်စု၊ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ သတင်းအချက်အလက်တွေဖလှယ်တဲ့နေရာမှာ ခိုတွေကို အသုံးပြုပြီး စာပို့ခဲ့ရသလို သတင်းစကားစာလွှာ ပါးတဲ့နေရာမှာလည်း စာတိုက်စနစ်ကိုသာ အားကိုးခဲ့ကြရပါတယ်။**




ဒါတင်မကသေးပဲ ကြေးနန်းတွေနဲ့လည်း ဆက်သွယ်မှုတွေ လုပ်ခဲ့ရပါတယ်။ အချိန်တွေလည်း အများကြီးကုန်ပါတယ်။ အခု နည်းပညာတိုးတက်လာတဲ့ ၂၁ ရာစု ကမ္ဘာကြီးမှာ ခလုတ်လေးတစ်ချက် နှိပ်လိုက်တာနဲ့ စက္ကန့်မခြားဘဲ စေလိုရာစေနိုင်ပြီ ဖြစ်ပါတယ်။ နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကြောင့် ရလာတဲ့အကျိုးရလဒ်က အံ့မခန်းပါပဲ။ အဲဒီလိုပဲ၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေ နောက်ကွယ်က ကြောက်စရာကောင်းတဲ့ ဆိုက်ဘာကျူးပေါက်မှုကလည်း ပြောမဆုံးပေါင် တောင်သုံးတောင် ဖြစ်နေပါပြီ။

**မကြားချင်လောက်အောင်ဖြစ်**

အပတ်စဉ်အပတ်တိုင်း၊ လစဉ်လတိုင်း၊ နှစ်စဉ်နှစ်တိုင်းမှာ ဘဏ်များ၊ ကျန်းမာရေးအဖွဲ့အစည်းများ၊ ယုတ်စွအဆုံး ကျောင်းများအပါအဝင် ပုံသဏ္ဌာန်အရွယ်အစား အမျိုးမျိုးရှိ အဖွဲ့အစည်းများကို အဓိကဆိုက်ဘာတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိတာကို လေ့လာတွေ့ရှိခဲ့တယ်လို့ နည်းပညာလုံခြုံရေးကုမ္ပဏီ RSA ရဲ့ အကြီးတန်းနည်းပညာ အတိုင်ပင်ခံပုဂ္ဂိုလ်က ဆိုပါတယ်။ ၂၁ ရာစု ကမ္ဘာကြီးမှာ ဆိုက်ဘာတိုက်ခိုက်မခံရတဲ့ နှစ်ဆိုတာ မကြားဖူးလောက်အောင်ပါပဲ။ ဘယ်နိုင်ငံမှာတော့ ဆိုက်ဘာတိုက်ခိုက်မှုတွေ ခံနေရပြီ။ ဘယ်နိုင်ငံမှာတော့ ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ဘယ်လိုဖြစ်သွားပြီဆိုတဲ့ သတင်းတွေဟာ မကြားချင်လောက်အောင်ပါပဲ။

**အကောင့်များ မလုံမခြုံဖြစ်ခဲ့ရ**

ထိတ်လန့်စရာအကောင်းဆုံး လျှို့ဝှက်ချက် ဖော်ထုတ်နိုင်မှုကတော့ ၂၀၁၃ ခုနှစ် ဩဂုတ်လမှာဖြစ်ပွားခဲ့တဲ့ ဆိုက်ဘာကျူးလွန်မှုပင်ဖြစ်ပြီး အဆိုပါကိစ္စတွင် ရာဟူးအသုံးပြုသူ သုံးဘီလီယံခန့်ရဲ့ အကောင့်များ မလုံမခြုံဖြစ်ခဲ့ရပါတယ်လို့ လွန်ခဲ့တဲ့ အောက်တိုဘာလကတည်းက ရာဟူးက ကြေညာခဲ့ပါတယ်။

ကမ္ဘာ့အကြီးဆုံး လူမှုမီဒီယာကုမ္ပဏီဖြစ်တဲ့ ဖေ့စ်ဘွတ်ခ်မှာ အချက်အလက် ပေါက်ကြားခဲ့တာနဲ့ ပတ်သက်တဲ့ တောင်းပန်စာကို ဗြိတိန်နဲ့ အမေရိကန်သတင်းစာတွေမှာ စာမျက်နှာတစ်မျက်နှာပြည့် ထည့်သွင်းဖော်ပြခဲ့တယ်လို့ သတင်းတွေမှာ ထပ်မံလေ့လာသိရှိခဲ့ပြန်ပါတယ်။

**ဆိုက်ဘာကျူးပေါက်မှုများ အားကောင်းစွာ ဖြစ်ပေါ်လျက်ရှိ**

အဲဒီလိုကိစ္စတွေ ဖြစ်ပွားလာခဲ့ရင် ဘယ်သူ့ကို အပြစ်တင်ရမလဲ။ ငြင်းလို့မရတဲ့ အချက်ကတော့ ဆိုက်ဘာတိုက်ခိုက် သူတွေဟာ အခုလိုဖြစ်ပွားလာတဲ့ ကိစ္စတွေနဲ့ မကင်းဘူးဆိုတာပဲ ဖြစ်ပါတယ်။ ဆိုက်ဘာကျူးပေါက်မှုတွေ ရှိခဲ့ပါက စီးပွားရေးခေါင်းဆောင်တွေဟာ သူတို့ရဲ့ အိုင်တီဌာနတွေအနေနဲ့ အဆိုပါ ကိစ္စရပ်တွေအတွက် အပြည့်အဝတာဝန်ယူရမှာ ဖြစ်တယ်လို့ ပြောခဲ့သော်လည်း တကယ့်ဆိုက်ဘာကျူးလွန်မှုများအပေါ် ပြစ်တင်မှုများကတော့ဆက်လက်ပြီး အားကောင်းစွာ ဖြစ်ပေါ်လျက်ရှိဆဲပါ။

ထိုသို့ ဖြစ်ပွားလာခဲ့တဲ့ တကယ့်ရင်းမြစ်များကတော့ စီးပွားရေးလုပ်ငန်းရှင်များ သို့မဟုတ် စီးပွားရေးလုပ်ငန်းများနဲ့ လုံခြုံရေးအဖွဲ့များကြား ပေါင်းစပ်ညှိနှိုင်းမှုများ အားနည်းတာကြောင့် ဖြစ်ပါတယ်။ အိုင်တီကျွမ်းကျင် ပညာရှင်တွေက ဆိုက်ဘာကျူးပေါက်မှုတွေဘာကြောင့် ဖြစ်လာသလဲဆိုတဲ့အပေါ် နားလည်သဘောပေါက်ဖို့သာမက အနာဂတ်မှာ ဘယ်လိုကာကွယ်မှုတွေ လုပ်မလဲဆိုတာနဲ့ ပတ်သက်ပြီး စိတ်အားထက်သန်နေချိန်မှာ စီးပွားရေးထိပ်တန်း ပုဂ္ဂိုလ်တွေကတော့ ဆိုက်ဘာကျူးပေါက်မှုကြောင့် အဖွဲ့အစည်းအတွင်း ဖြစ်ပေါ်လာတဲ့ ရလဒ်ကိုပဲ သုံးသပ်ပါတယ်။ အခုလို ပေါင်းစပ်ညှိနှိုင်းမှုမရှိတဲ့အတွက် အဖွဲ့အစည်းများအနေနဲ့ အမြင့်မားဆုံးသော ခြိမ်းခြောက်မှုတွေကို တုံ့ပြန်မှုနဲ့ ကာကွယ်မှုတွေ လုပ်နိုင်မှာမဟုတ်ပါဘူး။

ပြောင်းလဲဖြစ်ပေါ်လာတဲ့ ဆိုက်ဘာခြိမ်းခြောက်ခြင်း သို့မဟုတ် ဆိုက်ဘာကျူးပေါက်ခြင်းရဲ့ အခင်းအကျင်းကို သုံးသပ်ရမယ်ဆိုရင် အဖွဲ့အစည်းတွေအနေနဲ့ ပေါင်းစပ်ညှိနှိုင်းမှုတွေ အားမနည်းအောင် ဘယ်လိုညှိနှိုင်းဆောင်ရွက်မလဲဆိုတာနဲ့ ဆိုက်ဘာခြိမ်းခြောက်မှုအန္တရာယ်ကို စီမံခန့်ခွဲနိုင်ဖို့ လိုအပ်ပါတယ်။

**နားလည်မှုလွဲမှားတဲ့ကွာဟချက်ကို ကျဉ်းမြောင်းစေမယ့် အချက်တွေ**

ဝမ်းနည်းစွာ နားလည်မှုလွဲခြင်း ကွာဟချက်ကို ကျဉ်းမြောင်းစေမယ့် အချက်တွေရှိပါတယ်။ အဲဒါတွေကတော့ နံပါတ်တစ်အနေနဲ့ စီးပွားရေးနဲ့ လုံခြုံရေးဆိုင်ရာ အသင်းအဖွဲ့တွေအနေနဲ့ စီးပွားရေး ဦးဆောင်တဲ့လုံခြုံရေးဆိုင်ရာ ချဉ်းကပ်မှုတွေကို အတူတကွလုပ်ဆောင်ရမှာဖြစ်ပါတယ်။ လုံခြုံရေးဆိုင်ရာ ကိစ္စရပ်တွေဟာ အိုင်တီနယ်ပယ်နဲ့ စီးပွားရေးကဏ္ဍတွေမှာပါ ပြဿနာဖြစ်စေပါတယ်။ ဒုတိယအချက်အနေနဲ့ လုံခြုံရေးအဖွဲ့ဟာ အင်တာပရိုက်တစ်ခုလုံးကို အချိန်တိုင်း ကြည့်နေဖို့လိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လက်ရှိကမ္ဘာကြီးမှာ မိုဘိုင်းနည်းပညာ၊ ကလောက်နည်းပညာနဲ့ အင်တာနက်နည်းပညာတွေဟာ ဆိုက်ဘာခြိမ်းခြောက်တိုက်ခိုက်မှုကို အချိန်တိုင်း လမ်းဖွင့်ပေးနေသလို ဖြစ်နေပါတယ်။

ဒါကြောင့် အဖွဲ့အစည်းတွေဟာ အရင်ကထက်ကိုပဲ ဘေးအန္တရာယ်ပိုများလာခဲ့ပါပြီ။ ယနေ့ခေတ် အဖွဲ့အစည်းတွေဟာ ဆိုက်ဘာတိုက်ခိုက်မှုတွေ ဘယ်အချိန်ဖြစ်လာမလဲဆိုတာကို ကြိုမမြင်နိုင်ပါဘူး။ ဆိုက်ဘာခြိမ်းခြောက်မှုတွေဟာ ၃၉ စက္ကန့်တိုင်းမှာ တစ်ကြိမ်ဖြစ်ပေါ်လျက်ရှိပါတယ်။

တတိယအချက်အနေနဲ့ အဖွဲ့အစည်းတွေအနေနဲ့ လုံခြုံရေးအဖွဲ့ကို ဆိုက်ဘာတိုက်ခိုက်လာမှုမှ ကာကွယ်ရန်နဲ့ ခြိမ်းခြောက်မှုမှ တန်ပြန်လုပ်ဆောင်နိုင်ရန်အတွက် လုပ်ပိုင်ခွင့်တွေခွင့်ပြုပေးရမှာဖြစ်ပါတယ်။ အကယ်၍တိုက်ခိုက်မှုတွေကို မခုခံမကာကွယ်ဘူးဆိုရင်တော့ ပိုဆိုးတဲ့ အခြေအနေတွေ ရောက်လာမှာဖြစ်ပါတယ်။

**ပူးပေါင်းဆောင်ရွက်ဖို့လို**

စီးပွားရေးဦးဆောင်တဲ့ လုံခြုံရေးဆိုင်ရာ ချဉ်းကပ်မှုတွေကို ဖန်တီးဖို့ဆိုရင် စီးပွားရေးနဲ့ လုံခြုံရေးဆိုင်ရာ အသင်းအဖွဲ့တွေဟာ သူတို့ရဲ့ နည်းဗျူဟာတွေ၊ ဦးစားပေးလုပ်ဆောင်ရမယ့် ကိစ္စတွေကို ပူးပေါင်းဆောင်ရွက်ဖို့ လိုပါတယ်။

လုံခြုံရေးအပိုင်းမှာ စွန့်စားခြင်းနဲ့ အောင်မြင်မှုတန်ဖိုးကြားမှာ ခြားနားမှုတွေရှိပါတယ်။ အိုင်တီကျွမ်းကျင်သူတွေဟာ စီးပွားရေးခေါင်းဆောင်တွေနဲ့ ဆက်သွယ်ဆောင်ရွက်မှုတွေ မရှိသလောက်ရှားပါတယ်။ အမှုဆောင်အရာရှိတွေကလည်း ဖြစ်ခါမှဖြစ်ရော မဖြစ်သေးတဲ့ ဆိုက်ဘာတိုက်ခိုက်မှုတွေမှာ ရင်းနှီးမြှုပ်နှံဖို့အတွက် ခေါင်းခြောက်လျက်ရှိပါတယ်။

စီးပွားရေးခေါင်းဆောင်တွေဟာလည်း လုံခြုံရေးဆိုင်ရာ ကျူးပေါက်မှုတွေမှာဖြစ်တတ်တဲ့ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု၊ အသိဉာဏ်ဆိုင်ရာ မူပိုင်ခွင့်များ၊ ဂုဏ်သိက္ခာဆိုင်ရာတွေနဲ့ ပတ်သက်ပြီးတော့ သက်ရောက်မှု အနည်းအများကို နားလည်ထားသင့်ပါတယ်။

**နားလည်ဖို့လို**

အိုင်တီပညာရှင်များကလည်း ညှိနှိုင်းဆွေးနွေးပွဲတွေမှာ သက်ဆိုင်ရာ အိုင်တီအကြောင်းအရာတွေကို စီးပွားရေးခေါင်းဆောင်တွေ နားလည်အောင် ကြိုးစားလုပ်ဆောင်သင့်ပါတယ်။ ထို့အတူ ဆိုက်ဘာလုံခြုံရေးရင်းနှီးမြှုပ်နှံမှုရဲ့ တန်ဖိုးကိုလည်း နားလည်သဘောပေါက်အောင် လုပ်ဆောင်ပေးရပါမယ်။

စီးပွားရေးခေါင်းဆောင်တွေအနေနဲ့လည်း သူတို့ရဲ့အိုင်တီဌာနတွေအနေနဲ့ လုံခြုံရေးဆိုင်ရာ ရည်မှန်းချက်တွေကို အပြည့်အဝ နားလည်အောင်လုပ်ဆောင်ရမှာဖြစ်ပါတယ်။

အိုင်တီကျွမ်းကျင်သူ ထက်ဝက်လောက်ရဲ့ လက်တွေ့လေ့လာမှုတွေက ဘာကိုပြောသလဲဆိုရင် ယနေ့ခေတ်ဟာ ခြိမ်းခြောက်မှုအသစ်တွေနဲ့ ဆိုက်ဘာတိုက်ခိုက်လာမှုတွေအပေါ် အပြည့်အဝ နားလည်ဖို့အတွက် အဓိကစိန်ခေါ်မှုတွေ ဖြစ်လို့လာခဲ့ပါပြီလို့ ပြောခဲ့ပါတယ်။

ဆိုလိုတာကတော့ ဆိုက်ဘာတိုက်ခိုက်မှုတွေကို ကာကွယ်ဖို့ဆိုရင် အဲဒီအပေါ် အပြည့်အဝ နားလည်ဖို့လိုအပ်ပါတယ်။

**အချိန်မီစီမံခန့်ခွဲနိုင်မယ်**

အင်တာပရိုက်တစ်ခုလုံးကို အပြည့်အဝ မြင်တွေ့နိုင်ခြင်းဟာ အလုပ်အတွက် ခြိမ်းခြောက်မှုအန္တရာယ်ကို ကာကွယ်နိုင်မှာဖြစ်သလို သင့်တော်တဲ့ လုပ်ဆောင်ချက်တွေကိုလည်း အချိန်နဲ့တစ်ပြေးညီ လုပ်ဆောင်သွားနိုင်မှာ ဖြစ်ပါတယ်။

အင်တာပရိုက်တစ်ခုလုံးကို တွေ့မြင်ခြင်းဖြင့် နောက်ထပ် ထပ်မံရရှိမယ့် အကျိုးကတော့ ဆိုက်ဘာတိုက်ခိုက်မှုကြောင့် ပျက်စီးမှုလျော့နည်းအောင် လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ ဆိုက်ဘာတိုက်ခိုက်မှုနဲ့ စီးပွားရေးအန္တရာယ်ကြား ကွာဟချက်တွေကို နားလည်ထားဖို့ လိုအပ်ပါတယ်။ ထို့အတူ အဖွဲ့အစည်းအတွင်းပိုင်း ဆက်သွယ်မှုအားလုံးကို မြင်တွေ့ပြီး အချိန်မီ စီမံခန့်ခွဲနိုင်ဖို့ လိုပါတယ်။

ဖော်ပြပါအချက်တွေကို လုပ်ဆောင်မယ်ဆိုရင် ယနေ့ ဆိုက်ဘာတိုက်ခိုက်မှုနဲ့ ကြုံတွေ့နေတဲ့ ခေတ်မီနည်းပညာကို အသုံးပြုနေတဲ့ ဘဏ်များ၊ ကျန်းမာရေးအဖွဲ့အစည်းများ၊ ယုတ်စွအဆုံး ကျောင်းများအပါအဝင် ပုံသဏ္ဌာန်အရွယ်အစား အမျိုးမျိုးရှိတဲ့ အဖွဲ့အစည်းတွေအနေနဲ့ အနည်းနဲ့အများဆိုသလို သက်သာမှာဖြစ်ပါတယ်။

အိုင်တီပညာရှင်များနဲ့ စီးပွားရေးဦးဆောင်သူတွေကြား နားလည်မှုတွေလည်းအပြန်အလှန်ရှိရမှာဖြစ်ပါတယ်။ သို့မှသာ ဆိုက်ဘာတိုက်ခိုက်မှုကို အချိန်မီကာကွယ်နိုင်မှာဖြစ်ပါတယ်။

အချုပ်အားဖြင့် ဆိုရမယ်ဆိုရင် အိုင်တီပညာရှင်များနဲ့ စီးပွားရေးခေါင်းဆောင်တွေအနေနဲ့ ပူးပေါင်းလုပ်ဆောင်မှသာလျှင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုတွေနောက်ကွယ်က ကြောက်စရာကောင်းတဲ့ ဆိုက်ဘာကျူးပေါက်မှုကို ခုခံကာကွယ်နိုင်မှာဖြစ်ပါတယ်။

**ကိုးကား-ချန်နယ်နယူးအေးရှ**

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနား ဟားခါးမြို့၌ ကျင်းပ

**ဟားခါး မတ် ၉**

အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး စုပေါင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွှယ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းမြင့်ကျော်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး **(ယာပုံ)** ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ထံမှပေးပို့သည့် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့သဝဏ်လွှာကို ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမင်းညွန့်က ဖတ်ကြားကာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌကိုယ်စား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက အမျိုးသမီးများ၏ဘဝ ဖွံ့ဖြိုးတိုးတက်စေရေး၊ အမျိုးသမီးများ၏ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးအတွက် ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများ၊ တွေ့ကြုံရသည့် အခက်အခဲများနှင့် အမျိုးသမီးများ၏ဘဝ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံတကာလူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ငါးဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၂၇ ဦးနှင့် မြန်မာစာဂုဏ်ထူးရရှိသူ နှစ်ဦး၊ ၂၃ ကြိမ်မြောက်သွေးလှူရှင် တစ်ဦး၊ ဟားခါးမြို့ရှိ အမျိုးသမီးလူမှုအသင်းအဖွဲ့များဖြစ်သော ချင်းအမျိုးသမီးအသင်း၊ ဟားခါးချယ်ရီအသင်းနှင့် အရုဏ်ဦးလူမှုရေးအသင်းတို့ကို ဂုဏ်ပြုဆုငွေနှင့်ဂုဏ်ပြုလွှာများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**မြင့်နိုင်စိုး (ထီးလှိုင်မြေ)**



# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနား ပုသိမ်မြို့၌ ကျင်းပ

**ပုသိမ် မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ မတ် ၈ ရက်က ကျင်းပသော အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်က နိုင်ငံတော်အစိုးရမှ အမျိုးသမီးများဘဝလုံခြုံရေး ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်ခံရမှုများ မရှိစေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

**ကျား/မ တန်းတူညီမျှမှု**

ယခုနှစ် အမျိုးသမီးများနေ့ ဆောင်ပုဒ်အရ အမျိုးသမီးများကို လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် ပြည်သူ့ဝန်ဆောင်မှုဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ တရားစီရင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေး စသည့်ကဏ္ဍများတွင် လက်လှမ်းမီစေရန် ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှုကို ဖန်တီးနိုင်မည့်နည်းလမ်းများ ဖော်ဆောင်ကာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်ကို အရောက်လှမ်းရန် တိုက်တွန်းထားသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံသည် အမျိုးသမီးများအား ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ၁၉၉၇ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ကြောင်း၊ မြန်မာအမျိုးသမီးများ၏ လူနေမှုဘဝကို တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက်မြင့်အောင် အားပေးမြှင့်တင်ရေးမှာ နိုင်ငံတော်၏ တာဝန်ဖြစ်ကြောင်း ၎င်းက ပြောသည်။



ထို့နောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး အသိပညာပေးပြဇာတ်ကို ဖျော်ဖြေပေးပြီး အသိပညာပေးဗီဒီယို ပြသကာ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ပြေးခုန်ပစ် အားကစား၊ ဝူရှူးအားကစား၊ အမျိုးသမီးဘက်စုံထူးချွန်ဆု၊ သင်တန်းထူးချွန်ဆု၊ ကဗျာ၊ ဆောင်းပါး၊ ကျန်းမာရေးဆိုင်ရာ သားဖွားဆရာမဝန်ထမ်းဘက်စုံ ထူးချွန်ဆုရရှိသူများကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

**ပညာပေးပြခန်းကြည့်ရှု**

ဆက်လက်ပြီး လူမှုရေးဝန်ကြီးက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သောသဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးများ ပြုလုပ်ထားသော လက်မှုပညာရပ်ပစ္စည်းများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပညာပေး ပြခန်းတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

**မင်းထွန်းဇော်**

## ကရင်ပြည်နယ်ဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုနေသည့် ရပ်ဝေးကျောင်းများမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ဘားအံ မတ် ၉**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် မတ် ၉ ရက် နံနက်ပိုင်းက ဘားအံမြို့ပေါ် စာစစ်ဌာနများတွင် တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုကြသည့် ရပ်ဝေးကျောင်းများမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။



ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ အထက (လှာကာ) စာစစ်ဌာနတွင် တက္ကသိုလ်ဝင်စာမေးပွဲ လာရောက်ဖြေဆိုသော လှာကာဓမ္မရုံတွင် တည်းခိုနေထိုင်သည့် အထက (နို့အောလာ) ကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၆၂ ဦး၊ အမက (မန္တလေးကုန်း)ကျောင်းတွင် တည်းခိုနေထိုင်သော အထက(တကောင်ဘိုး) ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ ဆရာမ ၆၈ ဦး၊ အမက (ဇရပ်ဖြူ) ကျောင်းတွင် တည်းခိုနေထိုင်သော အထက (ဝတ်ကြီး)ကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၆၉ ဦး၊ အထက (၁) ဘားအံစာစစ်ဌာနတွင် လာရောက်ဖြေဆိုသော ကရင်ပရိယတ္တိဘုန်းတော်ကြီးကျောင်းတွင် တည်းခိုနေထိုင်သည့် အထက (နောင်ကမြိုင်) ကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၅၆ ဦး၊ အလက (၆) တွင် တည်းခိုနေထိုင်သော အထက (မင်းဇီ) ကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၅၄ ဦး၊ မူလွန် (၄) တွင် တည်းခိုနေထိုင်သော အထက (မိကရင်) ကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၄၆ ဦး၊ အမက (၁၂) တွင် တည်းခိုနေထိုင်သော အထက (မုက္ကဒိ) ကျောင်းမှ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမ ၉၄ ဦးတို့အား သွားရောက်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားကာ စားသောက်ဖွယ်ရာနှင့် ဆေးဝါးများ အစရှိသည့် အာဟာရဆိုင်ရာအစားအစာများအား ထောက်ပံ့ပေးအပ်ခဲ့သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ နေရပ်စွန့်ခွာလာသူများအား ငွေနှင့်ပစ္စည်းများ ပေးအပ်

**သီပေါ မတ် ၉**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာလင်းထွဋ် ဦးဆောင်သော ပြည်နယ်ဝန်ကြီးများနှင့် အဖွဲ့ဝင်များသည် ယမန်နေ့က သီပေါမြို့နယ် အရှေ့တောင်ခြမ်းဒေသနှင့် အနောက်မြောက်ခြမ်းဒေသတို့မှ နေရပ်စွန့်ခွာလာသူဒေသခံ တိုင်းရင်းသားများ ခိုလှုံလျက်ရှိသည့် တုံစင့်ခိုလှုံရေးစခန်း၊ တောင်မြို့ရပ် ၂၅၀၀ ဘုန်းတော်ကြီးကျောင်း ခိုလှုံရေးစခန်းနှင့်ဘိုးတော် ကျောင်းတိုက်ခိုလှုံရေးစခန်းများသို့ သွားရောက်တွေ့ဆုံသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် နေရပ်စွန့်ခွာလာကြသော ရှမ်း၊ ပလောင်တိုင်းရင်းသားများကို အားပေးစကားပြောကြားပြီး လူသုံးကုန်ပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၄၀၃၂၀၀ ကို မြို့နယ်ကူညီထောက်ပံ့ရေးအဖွဲ့သို့ ပေးအပ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ဖားကန့်၌ ရွှေ့ပြောင်းအလုပ်သမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**ဖားကန့် မတ် ၉**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် မမုံကျေးရွာ ဘုန်းကြီးကျောင်း ဣန္ဒာသယမ္ဗာရုံ၌ မြစ်ကြီးနားဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော် ဦးဆောင်သည့် ပြည်နယ်တွင်းဆရာဝန်နှင့် သူနာပြုစုစုပေါင်း ၁၆ ဦးတို့သည် ဒေသတွင်းရွှေ့ပြောင်း အလုပ်သမားများ၊ ပြည်သူများအတွက် နယ်လှည့်ကျန်းမာရေးစောင့်ရှောက်မှုများကို ယမန်နေ့က ဆောင်ရွက်ပေးသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်တွင် ကလေးအထူးကုသခြင်း၊ သားဖွားနှင့်မီးယပ်၊ သွား၊ မျက်စိကုသခြင်းနှင့်မျက်မှန် ပြုလုပ်ပေးခြင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုးအထူးကု၊ ခွဲစိတ်ကုသခြင်းနှင့် အထွေထွေကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းစောင့်ရှောက်မှုကို ဒေသတွင်း ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များ စုပေါင်းပါဝင်ကာ ကူညီဆောင်ရွက်ပေးကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## လွယ်ဂျယ်မြို့တွင် ကြံသီးနှံမျိုးယှဉ်ပြိုင် စမ်းသပ်ကွက် စိုက်ပျိုး

**ဗန်းမော် မတ် ၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကြံသီးနှံမျိုးယှဉ်ပြိုင်စမ်းသပ်စိုက်ပျိုးခြင်းသရုပ်ပြပွဲကို ယမန်နေ့က လွယ်ဂျယ်မြို့အောင်ဇေယျာရပ်ကွက် သစ်တောရုံးအနီး၌ ကျင်းပသည်။

ပြပွဲတွင် စိုက်ပျိုးရေးတာဝန်ခံ ဦးဇော်နိုင်ဝင်းက ကြံသီးနှံယှဉ်ပြိုင်စိုက်ပျိုးခြင်းကို တက်ရောက်လာသော ကြံစိုက်တောင်သူများနှင့် ဌာနဆိုင်ရာများအား အသေးစိတ်ရှင်းလင်းပြောကြားပြီး တောင်သူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ စိုက်ပျိုးရေးတာဝန်ခံက ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

အဆိုပါ သရုပ်ပြပွဲသို့ လွယ်ဂျယ်မြို့ ဌာနဆိုင်ရာများနှင့် ကြံစိုက်တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သျှမ်းကလေး(ဗန်းမော်)**

# နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် မြန်မာ့ရုပ်ရှင်ဇာတ်ကားများ ဝင်ရောက်ယှဉ်ပြိုင်နေ ၂၀၁၈ ခုနှစ် အကယ်ဒမီဆုချီးမြှင့်ပွဲအတွက် စင်မြင့်ဒီဇိုင်းရွေးချယ်ပြီးဖြစ်

ရန်ကုန် မတ် ၉

**မြန်မာ့ရုပ်ရှင်ကိုအစဉ်အားပေးကြည့်ရှုကြသည့် မြို့ပြနှင့် ကျေးလက်နေပြည်သူတို့ အထူးစောင့်မျှော်နေသော မြန်မာ့ရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲကြီးကို မတ် ၂၃ ရက် ညနေ ၃ နာရီတွင် The One Entertainment Park တွင် ကျင်းပမည်ဖြစ်သည်။**

အကယ်ဒမီဆုနှင့် ပတ်သက်၍ စာရင်းဝင်ဇာတ်ကား ၈၃ ကားမှ ၂၅ ကားကို အကြိမ်ကြိမ်ကြည့်ရှုရွေးချယ်လျက်ရှိရာ ယခုနှစ် အကယ်ဒမီဆုများသည် ရုပ်ရှင်ချစ်ပရိသတ်တို့ အထူးစိတ်လှုပ်ရှားစေမည့် အပြင် အနုပညာလောကတွင် မှတ်တိုင်တစ်ခုအဖြစ် ကျန်ရစ်စေမည့် အကယ်ဒမီဆုကို ရုပ်ရှင်အနုပညာရှင်တို့မှာလည်း ရင်ခုန်စွာစောင့်မျှော်နေကြမည်ဖြစ်ရာ အကယ်ဒမီဆုကို ရွေးချယ်ရာတွင် သတ်မှတ်ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများအတိုင်း မတ် ၈ ရက်တွင်လည်း ကြည့်ရှုခဲ့သည်။

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌဖြစ်သူ ဦးဇင်ဝိုင်းက "နိုင်ငံတကာ ရုပ်ရှင်ပွဲတော်အတွက် နှစ်စဉ်ဇာတ်ကားတွေ ဝင်ရောက်ယှဉ်ပြိုင်တာ ရှိပါတယ်။ ဒီနှစ်ဆိုရင်လည်း အိန္ဒိယနိုင်ငံက ရုပ်ရှင်ပွဲတော်မှာ မြန်မာနိုင်ငံက ရုပ်ရှင်တွေ ဝင်ရောက်ယှဉ်ပြိုင်တာတွေ ရှိပါတယ်။ ဇာတ်လမ်းတိုရုပ်ရှင်တွေလည်း ဝင်ရောက်ယှဉ်ပြိုင်တာရှိတယ်။ ဂျပန်နိုင်ငံမှာ ကျင်းပတဲ့ ကလေးများ ရုပ်ရှင်ပွဲတော်ဆိုရင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးက တစ်နိုင်ငံလုံးက လူငယ်တွေ ပြိုင်တာကိုရွေးချယ်ပြီး ဇာတ်ကားတွေနဲ့ ရိုက်ကူးတဲ့ ကလေးတွေကိုလည်း ပို့လွှတ်ပါတယ်။ ပို့လွှတ်တိုင်းလည်း နိုင်ငံပေါင်းစုံ ပြိုင်ပွဲဝင်ကြားမှာ ကလေးတွေ ဆုတံဆိပ်တွေနဲ့ ပြန်လာကြတာပါပဲ။

**ကိုယ့်အစီအစဉ်နဲ့ကိုယ် ရိုက်ကူး**

"ဒီနှစ်ထဲမှာ နိုင်ငံခြားရုပ်ရှင်အဖွဲ့တွေနဲ့ ပူးပေါင်းရိုက်ကူးတာ မရှိသေးပါဘူး။မနှစ်က ထိုင်းနိုင်ငံက ရုပ်ရှင်အဖွဲ့နဲ့ ပူးပေါင်းပြီး ဇာတ်ကားရိုက်တာတော့ ရှိတယ်။ ကိုကိုနဲ့ ဒိုးနတ်ဆိုတဲ့ ဇာတ်ကားကို မြန်မာနိုင်ငံက မင်းသမီးဝတ်မှုန်ရွှေရည်နဲ့ ထိုင်းမင်းသားတွဲပြီး ရိုက်ကူးတာတော့ရှိမယ်။ ဒီနှစ် ဒါရိုက်တာ ကြည်ဖြူသျှင် ဂျပန်နိုင်ငံမှာသွားရောက် ရိုက်ကူးတဲ့ ဇာတ်ကားတစ်ခုတော့ ရှိတယ်။ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ရိုက်ကူးတဲ့သဘောပါ။

"ဇာတ်ကားတိုပြိုင်ပွဲမှာ နှစ်မျိုးရှိမယ်။ အသက် ၁၂ နှစ်မှ ၁၆ နှစ်ကြား ရိုက်ကူးတဲ့ဇာတ်လမ်းတိုနဲ့ လူငယ်မိုဘိုင်းဖလင်ပြိုင်ပွဲမှ ချန်နယ် ၇၊ ချယ်နယ် ၉ နဲ့ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့ နှစ်စဉ် နှစ်တိုင်း ပူးပေါင်းကျင်းပဆုချီးမြှင့်ပြီးတော့ မျိုးဆက်သစ်တွေ ပေါ်ထွန်းအောင်ကျင်းပတဲ့ပွဲလည်း ရှိပါတယ်။

**အများပြည်သူသိရှိရန် ဖြန့်ဝေထား**

"၂၀၁၈ ခုနှစ် အကယ်ဒမီဆုချီးမြှင့်ပွဲအတွက် စင်မြင့်ဒီဇိုင်းပုံစံကိုလည်း ရွေးချယ်ပြီးသွားပါပြီ။ တစ်မျိုးစီလုပါတယ်။ အကယ်ဒမီပွဲအတွက် ရွေးချယ်ထားတဲ့ရွှေကြို ၁၀ ဦး အပြောင်းအလဲ မရှိပါဘူး။ မနှစ်က အကယ်ဒမီရွေးချယ်ပွဲမှာ ကျွန်တော်ကတိပေးခဲ့တာ ရှိပါတယ်။ အကယ်ဒမီစည်းမျဉ်း စည်းကမ်းတွေရဲ့လိုအပ်ချက်တွေကို ပြန်လည်ပြုပြင်ရေးဆွဲပါမယ်လို့ ပြောခဲ့ပါတယ်။ ကတိပေးထားတဲ့အတိုင်း ၂၀၁၃ ခုနှစ်က ရေးထားတဲ့ အကယ်ဒမီစည်းမျဉ်းစည်းကမ်းတွေကို ၂၀၁၈ ခုနှစ်အတွင်းမှာ ရှစ်လတာ အချိန်ယူပြီးတော့ ပညာရှင်ပေါင်း ၁၀၀ ကျော်နဲ့ အစည်းအဝေးပေါင်း ၂၀ ကြိမ် ညှိနှိုင်းစည်းဝေးပြီး ပြန်လည်ရေးဆွဲခဲ့ပါတယ်။ ဒီစည်းမျဉ်း စည်းကမ်းတွေကို ပုံနှိပ်ထုတ်ဝေပြီးတော့ အများပြည်သူသိရှိနိုင်အောင် ဖြန့်ဝေပေးထားပြီးလည်းဖြစ်ပါတယ်။ အများပြည်သူတွေထဲက ပညာရှင်တွေ ထောက်ပြ၊ ညွှန်ပြ၊ အကြံပြုလာမယ်ဆိုရင်လည်း ကျွန်တော်တို့ပြုပြင်သွားမှာပါ။

"အကယ်ဒမီရုပ်ရှင်ဆုအတွက် ဒီစည်းမျဉ်းစည်းကမ်းနဲ့ ဘောင်ဝင်တဲ့ ထိုက်တန်တဲ့သူတွေ အကယ်ဒမီရပါလိမ့်မယ်။ အကယ်ဒမီဆိုတာ ရုပ်ရှင်လောကသားတစ်ဦးအတွက် မှတ်တိုင်တစ်ခုပါပဲ။ အထူးမေတ္တာရပ်ခံလိုတာကတော့ ဒီနေ့အထိ မြန်မာ့ရုပ်ရှင် တည်တံ့နေတယ်ဆိုတာ ရုပ်ရှင်ကြည့်ပရိသတ်ကြီးက တစိုက် မတ်မတ် အားပေးခဲ့ကြလို့ပါ။ ရုပ်ရှင်လောကသားတွေရဲ့ ညီညွတ်မှုနဲ့ ပြန်လည်တည်ဆောက်နေပါတယ်။ ပရိသတ်ကြီးကလည်း အားပေးစေလိုပါတယ်။



မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ ဦးဇင်ဝိုင်း

"မြန်မာ့ရုပ်ရှင်ပရိသတ်ကြီးနဲ့ သဟဇာတဖြစ်စေပြီး ပိုမိုအရည်အသွေးမီတဲ့ ဇာတ်ကားတွေ ပေါ်ထွန်းလာတာကိုလည်း သတိထားမိကြမှာပါ။ ကျွန်တော်တို့ ရပ်မနေပါဘူး။ အမြဲကြိုးစားနေပါတယ်။ မြန်မာပရိသတ်ကြီးကလည်း ချစ်ခြင်းမေတ္တာတရားနဲ့ ဆက်လက်ပြီး အားပေးကြပါလို့ မေတ္တာရပ်ခံပါတယ်။ မြန်မာ့ရုပ်ရှင်ကို ချစ်မြတ်နိုးတဲ့ ပြည်သူအပေါင်း၊ နိုင်ငံတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ ၁၃၅ မျိုးသော တိုင်းရင်းသား ညီအစ်ကိုအပေါင်း ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ မိမိသူတစ်ပါးနှစ်ဖြာသော အကျိုးစီးပွားကို စွမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းပို့သပါတယ်" ဟု ပြောကြားသည်။

**သန်းထိုက်၊ ဓာတ်ပုံ-သန်းစိုး**

# တာတူးရုပ်ရှင်ဇာတ်ကားကြီးကို မတ် ၁၅ ရက်မှစ၍ ရုံတင်ပြသမည်

**ရန်ကုန် မတ် ၉**

မိုးရာသီကာလ ချောင်းသာကမ်းခြေသဘာဝအလှတို့ဖြင့် အစပြုထားသော တာတူးရုပ်ရှင်ဇာတ်ကားကြီးကို မတ် ၁၅ ရက်မှစ၍ မြန်မာနိုင်ငံတစ်ဝန်းရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ရုံတင်ပြသမည်ဖြစ်သည်။

လူမှုအသိုက်အဝန်းအတွင်း ကျင်လည်နေသော လူ့စရိုက်သဘာဝအမျိုးမျိုးအနက်မှ မိသားစုတစ်စုအတွင်း ဖြစ်လေ့ဖြစ်ထရှိသော စိတ်ထားယိမ်းယိုင်တတ်သူ (မိန်းမလျှာ)




တစ်ဦး၏ ဓလေ့စရိုက်၊ ငွေကြေးချမ်းသာသော လူပျိုကြီးတစ်ဦး၏ အသုံးအဖြုန်းနှင့် အပျင်းဓာတ်ခံစရိုက်၊ ကပ်စေးနဲခြင်းနှင့် စနစ်တကျသုံးစွဲခြင်းတို့ကို သဲသဲကွဲကွဲ ခွဲခြားနိုင်ခဲ့သူတစ်ဦး၏ ဇာတ်ကောင်စရိုက်များကို တာတူးရုပ်ရှင်ဇာတ်ကားထဲတွင် ပီပီပြင်ပြင် သရုပ်ဖော်တင်ဆက်ထားသည်။

အဆိုပါဇာတ်ကားကို ထုတ်လုပ်ရိုက်ကူးခဲ့သည့် လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ကိုအုန်းဝင်းက "လူတစ်ယောက်ရဲ့သစ္စာတရားကို အခြေခံတဲ့ဇာတ်လမ်းလေးပါ။ အိမ်ထောင်ရေးတစ်ခုမှာ ဖြစ်ပျက်နေတဲ့ဟာကို လူ့ပတ်ဝန်းကျင်မှာ အမှန်တကယ်ရှိနေတယ်ဆိုတာနဲ့ သစ္စာတရားကို အခြေခံထားတဲ့ အိမ်ထောင်ရေးဇာတ်ကားလေးပါ" ဟု ပြောသည်။

လပ်ကီးဆဲဗင်းရုပ်ရှင်ထုတ်လုပ်ရေးမှ မအေးအေးဝင်းစီစဉ်ပြီး ကိုကျော်၏ ဇာတ်လမ်းကို ကိုကျော်နှင့် မြတ်ဘုန်းမိုရ်ရှိတို့က ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာကျော်ဇောလင်း၏ အတွေးပုံရိပ်ကို ဖန်တီးတင်ဆက်ထားခြင်းဖြစ်သည်။

အဓိကသရုပ်ဆောင်များအဖြစ် အကယ်ဒမီလွင်မိုး၊ အကယ်ဒမီ နေတိုး၊ အကယ်ဒမီ သက်မွန်မြင့်နှင့် ယွန်းရွှေရည်တို့အပြင် ဟိန်းမင်း၊ ငှက်ပျောကြော်၊ ဇင်မျိုး၊ 5 star အဖွဲ့၊ ဦးတိမ်ညွန့်၊ နေလင်း၊ နန္ဒကျော်စွာ၊ ရဲလေးမ၊ ပြည့်ဖြိုး၊ ထက်ကိုလင်း၊ ဝေယံမောင်၊ အေးအေးခိုင်၊ မျိုးမျိုးခိုင်၊ တင်ဇာဝင်းပြည့်၊ မေသကြန်၊ အိတုံ၊ ကျော်ဝင်းမောင်၊ သုတ၊ သိမ့်ရွှေစင်၊ ခိုင်မီမီကျော်၊ ဒေါ်ထားအဖွဲ့၊ ရွှေဖြူအဖွဲ့နှင့် ဇာတ်ပို့ဇာတ်ရံများစွာ ပါဝင်သရုပ်ဆောင်ထားသည်။ သစ္စာတရားကို အခြေခံ၍ ဟာသနှောထားသော အိမ်ထောင်ရေးဇာတ်လမ်းတွင် ကိုဖိုးသာထူး၊ တိုးတာယာနှင့် ချမ်းမြေ့သော်တာတို့မှာ မည်သူတို့ဖြစ်မည်နည်းဟူသည်ကို ရုပ်ရှင်ပိတ်ကားထက်တွင် ဆက်လက်ရှုစားနိုင်ပါရန် ချန်လှပ်ခဲ့ရပါသည်။

**ဖူးပြည့်(ကမာရွတ်)**

## လှတောသားနှင့် ယောက္ခမလောင်း ရုပ်ရှင်ဇာတ်ကားပြသနေ

**ရန်ကုန် မတ် ၉** - မြန်မာနိုင်ငံအထက်ပိုင်းအညာဒေသ၏ ကျေးလက်သဘာဝရှုခင်းများကို ကျောထောက်နောက်ခံပြုထားသော လှတောသားနှင့် ယောက္ခမလောင်းရုပ်ရှင်ဇာတ်ကားကြီးကို မတ် ၈ ရက်မှစ၍ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသလျက်ရှိသည်။ မြင့်မိုရ်ဦးရုပ်ရှင်ထုတ်လုပ်ရေးမှ မေဖြိုးစီစဉ်သည့် လှတောသားနှင့် ယောက္ခမလောင်းရုပ်ရှင်ဇာတ်ကားကြီးကို ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ထပ်ဆင့်အကယ်ဒမီဇော်မြင့်ဦးက ရိုက်ကူးခဲ့ခြင်း ဖြစ်သည်။ အဆိုပါဇာတ်ကားကြီးတွင် အကယ်ဒမီခန့်စည်သူ၊ အိချောပို၊ ကျော်ကျော်၊ အကယ်ဒမီဂွမ်းပုံ(တက္ကသိုလ်)၊ ချမ်းမြေမြတ်နိုးတို့အပြင် အကယ်ဒမီမိုးဒီ၊ ကင်းကောင်၊ ငှက်ပျောကျော်၊ ဇော်ဝင်းနိုင်(မန်း)၊ ငြိမ်းချမ်း၊ ဆင်မ၊ ကောင်းဇံ၊ အောင်ဇော်မင်း၊ အေးသီတာ၊ အေးအေးခိုင်၊ ဂွမ်းပုံကြီး၊ မေဝင်းနိုင်၊ နန်းထိပ်ထားစံအစရှိသော သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ရိုက်ကူးထားသည်။

**ထင်ပေါ်ဦး**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၉-၃-၂၀၁၉

| ရွှေ | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၁၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၁၀၅၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၉၁၀၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀/၉၄၀ | ကျပ် | ၉၅၀/၉၅၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၀/၉၅၀ | ကျပ် | ၉၆၅/၉၇၀ | ကျပ် |
| အောက်တိန်း ၉၂ | ၆၉၀/၇၅၀ | ကျပ် | ၇၉၅/၈၂၀ | ကျပ် |
| အောက်တိန်း ၉၅ | ၇၈၅/၈၄၅ | ကျပ် | ၈၉၅/၉၀၀ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၁၉ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၂ ・ ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၁၆ ・ ၈ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၈၉ ・ ၁ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၆၈ ・ ၁ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၅ ・ ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၅ ・ ၉၇ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ ・ ၇၃၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၃ ・ ၆၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၇၁ ・ ၃၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၇ ・ ၇၆၇ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇-၃၄၀၄၂၂၂၊ ၀၆၇-၃၄၀၄၉၉၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး** | - | စိုးစိုးနိုင် |
| **သတင်းထောက်ချုပ်** | - | မြင့်ဆွေ |
| **စာတည်းများ** | - | ကြည်ဝင်း၊ ဝင်းကျော်၊ ချြူးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၀၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE
www.mdn.gov.mm


HTOO
ခုလို ပွင့်လင်း ခြောက်သွေ့တဲ့ ရာသီကို ရောက်လာရင် မီးဘေးအန္တရာယ် သတိထားကြဖို့ လိုလာပြီ..
မီးဘေးရှောင် မလောင်ခင်တား ဖို့ကြိုတင်စီမံ ရလိမ့်မယ်
မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးတွေအပြင် ခေတ်မီ မီးသတ်ဆေးဘူးတွေကို စနစ်တကျ ဆောင်ထားသင့်ပါတယ်
ဗျာ...
ကျုပ်တို့တွေအတွက် မီးသတ်ဆေးဘူး မလိုအပ်ဘူး.. ကျုပ်တို့ရောင်းဝယ်တာ သံထည်ပစ္စည်းမို့ မီးလောင်လွယ်တဲ့ကုန်ပစ္စည်းစာရင်းထဲမပါဘူးလေ...
ဦးညွှန့်ရဲ့ဆိုင်ရှေ့မှာ ကား မီးလောင်နေတယ်ဗျို့..
ဟိုက်... ဆိုင်ကို မီးကူးတော့မယ်... ဘုရား ကယ်ပါ
ဘာမှမပူနဲ့.. လောင်နေတဲ့မီးကို ယခုလို ငြိမ်းသတ်လိုက်မယ်.. ကြည့်...
ဟူး...တော်ပါသေးရဲ့ ဗျာ...
ဒီမယ် ကိုညွှန့်.. မီးဆိုတာ လောင်ချင်သလို လောင်တတ်တာမို့ ကြိုတင်ကာကွယ်ခြင်းနဲ့ အနိုင်ယူရချင်တယ်ဗျာ.. ဘယ့်နှယ်လဲ..
ကျုပ်... သဘောပေါက်ပါပြီ... မီးဘေးကြိုတင်ကာကွယ်ဖို့.. မီးသတ်ဆေးဘူး ဆောင်ကြရမှ... လို့ဟစ်ကြွေးလိုက်ချင်တယ်.. ဗျို့....
ဒါပဲပေါ့..


ဘယ်ကျော်
ဘယ်ကျော်...
တံခါးပေါက်ရှေ့မှာ ငုတ်တုတ်ကြီးထိုင်ပြီး ဘာလုပ်နေတာလဲ...သားရဲ့...
ဖေဖေ ပြောထားလို့ ...မေမေရဲ့...
ဟင်...ဖေဖေက ဘာပြောထားလို့လဲ...
ဖေဖေကပြောတယ် မေမေရဲ့...။ လူဆိုတာ...တဲ့...
အောင်မြင်ကြီးပွားချင်တယ်ဆိုရင် တဲ့...
"အခွင့်အရေး"က တံခါးလာခေါက်တဲ့ အခါမှာ အဆင်သင့်တံခါးဖွင့်ပေးနိုင်အောင်လို့ ကြိုတင်ပြင်ဆင်ထားရမယ်တဲ့...


ကာတွန်း စမ်းချောင်းကိုကိုအောင်
ဟိုမှာဖိုးစူပါလား
ဟေ့ ဖိုးစူလာဦး၊
မင်းဘယ်မှာလဲကွ၊ ငါကောင်းကောင်းမမြင်ရဘူး၊
ဟာ-
အွတ်-
မျက်မှန်ဆိုတာ၊ မျက်စိမှာပဲတပ်ရတာ၊
ဘာလို့ နဖူးမှာ တပ်ရတာလဲ၊
နဖူးက၊ ဦးနှောက်နဲ့ နီးတော့၊ တွေးခေါ်အားပိုကောင်းအောင်လို့ကွ၊







# မိုးယွန်းကြီးအင်းသို့ ယခုနှစ် ငှက်မျိုးစိတ်နှင့် ငှက်ကောင်ရေကျရောက်မှု ယခင်နှစ်ထက် ပိုမိုများပြား

**ပဲခူး မတ် ၉**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်းရှိ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော ဧရိယာအတွင်း ယခုနှစ်တွင် ကျရောက်ကျက်စားသည့် ငှက်မျိုးစိတ်နှင့် ငှက်ကောင်ရေကျရောက်မှုမှာ ယမန်နှစ် အလားတူကာလထက် ပိုမိုများပြားခဲ့ကြောင်း မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော အုပ်ချုပ်ရေးမှူးရုံးမှ တောအုပ်ကြီး ဦးစိုင်းဝဏ္ဏကြည်က မတ် ၈ ရက်တွင် ပြောကြားသည်။

မိုးယွန်းကြီးအင်းဒေသတွင် ပြီးခဲ့သည့် ဖေဖော်ဝါရီလကုန်အထိ အဓိကတွေ့ရှိရသော ဆောင်းခိုငှက်နှင့် ဌာနေငှက်များမှာ တလိုင်းခေါင်း၊ မြစ်တွေး၊ သောင်တင်ငှက်၊ စစ္စလီ၊ စစ္စလီကြီး၊ မီးညှောင့်ငှက်၊ ဘဲရစ်၊ ဒုံး၊ ခရုတုတ်၊ ခရုစုပ်၊ ခရုစုပ်ခေါင်းမဲ၊ ဟင်္သာ၊ ဗျိုင်း၊ တောဝမ်းဘဲ၊ မောက်တင်ဘဲ၊ ဒေါင်းလန်းခြေ ထောက်၊ စွန်၊ မယ်ညို၊ ဥပန်း၊ စင်ရော်၊ ရေညှောင့်၊ ငှက်ကျား စသောမျိုးစိတ်များဖြစ်ကြောင်း၊ အခြားရှားပါးငှက်မျိုးစိတ်များကိုလည်း တွေ့ရကြောင်း သိရသည်။

ယခုနှစ်အတွင်း ကောက်ယူရရှိသည့် စာရင်းများအရ ဆောင်းခိုငှက်မျိုးစိတ် ၄၀ နှင့် ဌာနေငှက် ၇၈ မျိုး၊ စုစုပေါင်း ငှက်မျိုးစိတ် ၁၁၈ မျိုးမှ ငှက်ကောင်ရေ ၂၈၁၄၂ ကောင် ကျရောက်ကျက်စားခဲ့ကြောင်းလည်း သိရသည်။

“ဒီအင်းထဲမှာ မနှစ်က ဇန်နဝါရီလမှာ ငှက်မျိုးစိတ် ၁၁၁ မျိုးက ငှက်ကောင်ရေ ၂၀၈၄၄ ကောင်ခန့် တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့တယ်၊ နောက် ဖေဖော်ဝါရီလမှာတော့ မျိုးစိတ် ၁၁၄ မျိုးက ငှက်ကောင်ရေ ၂၅၆၂၈ ကောင်ကို မှတ်တမ်းတင်နိုင်ခဲ့ပါတယ်၊ ဒီနှစ်မှာတော့ ပြီးခဲ့တဲ့ ဇန်နဝါရီလကဆိုရင် ငှက်မျိုးစိတ် ၁၁၆ မျိုးက ငှက်ကောင်ရေ ၂၂၉၁၉ ကောင်အထိတောင် မှတ်တမ်းတင်ထားတာ၊ အခု ဖေဖော်ဝါရီလကုန်မှာလည်း မျိုးစိတ် ၁၁၈ မျိုး တွေ့ရှိခဲ့ပြီး ကောင်ရေအနေနဲ့ ၂၈၁၄၂ ကောင် မှတ်တမ်းတင်ထားတယ်။ မနှစ်က မျိုးစိတ်နဲ့ ငှက်ကောင်ရေကျရောက်မှုနဲ့ နှိုင်းယှဉ်ရင် ဒီနှစ် ဒီအင်းထဲမှာ ငှက်တွေပိုပြီးလာကြတာ တွေ့ရတယ်၊ ကျွန်တော်တို့က ငှက်နဲ့ သူတို့လာရောက်ကျက်စားတဲ့နယ်မြေ ရေရှည်တည်တံ့စေရေးကို အဓိကထိန်းသိမ်းထားတာဆိုတော့ ဒါနဲ့ပတ်သက်ပြီး ပြည်သူတွေကိုလည်း အသိပညာပေးမှုတွေလုပ်နေပါတယ်”ဟု ဦးစိုင်းဝဏ္ဏကြည်က ပြောကြားသည်။



မိုးယွန်းကြီးအင်း၌ ယခုနှစ် ငှက်မျိုးစိတ်များ ကျရောက်ကျက်စားနေမှုကို တွေ့ရစဉ်။

မိုးယွန်းကြီးအင်းသည် ဧရိယာစတုရန်းမိုင် ၄၀ ကျယ်ဝန်းကာ ရန်ကုန်မြို့နှင့် မိုင် ၇၀ ခန့်ကွာဝေးပြီး ပဲခူးခရိုင် ပဲခူးမြို့နယ်နှင့် ဝေါမြို့နယ်အတွင်း တည်ရှိသည်။ အဆိုပါအင်းကို ၁၈၇၈ ခုနှစ် က ပဲခူး- စစ်တောင်းတူးမြောင်းအတွင်း နွေရာသီသစ်ဖောင်များ ရေမျှောရန်အတွက် မိုးယွန်းကြီးရေလှောင်တမံအဖြစ် တည်ဆောက်ခဲ့ပြီး လက်ရှိအချိန်တွင် မြန်မာနိုင်ငံ၏ အရေးကြီးထိန်းသိမ်းရမည့်နေရာတစ်ခုအဖြစ် နိုင်ငံတကာ ရေဝပ်ဒေသထိန်းသိမ်းရေးအဖွဲ့ (Ramsar Convention)က သတ်မှတ်ထားသည်။

မိုးယွန်းကြီးအင်းတွင် လာရောက်အပန်းဖြေသူများ နားခိုရန်အတွက် Family Room တည်းခိုခန်းများ၊ လှေပုံသဏ္ဌာန် ရေပေါ်အိမ် (Boat House)များ၊ စားသောက်ဆိုင်နှင့် နားနေခန်းများ၊ ရေဝပ်ဒေသဆိုင်ရာ ပညာပေးပြခန်းများကို ဖွင့်လှစ်ထားရှိသည့်အပြင် ငှက်မျိုးစိတ်များ၊ ကုန်းနေရေနေသတ္တဝါများ၊ အင်းဆက်များနှင့် ငါးမျိုးစိတ်များ၏ သဘာဝနေထိုင်မှုများကို အလွယ်တကူလေ့လာနိုင်ရန် လှေဝန်ဆောင်မှုများပါ စီစဉ်ပေးထားလျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ-ပိန်းဇလုပ်သိန်းညွန့်**

# စစ်ကိုင်းတောင်ရိုးရှိ သီတဂူ အဘိဓဇမော်ကွန်းတိုက် တည်ဆောက်မှု ၇၅ ရာခိုင်နှုန်း ပြီးစီး

**စစ်ကိုင်း မတ် ၉**

စစ်ကိုင်းမြို့စစ်ကိုင်းတောင်ရိုးရှိ သီတဂူ အပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီ၌ တည်ဆောက်လျက်ရှိသည့် သီတဂူအဘိဓဇမော်ကွန်းတိုက်မှာ လက်ရှိအချိန်တွင် ၇၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သီတဂူ အပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီမှ လက်ထောက်ဆရာတော် ဒေါက်တာသုန္ဒရ၏ မိန့်ကြားချက်အရ သိရသည်။



၇၅ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေသော သီတဂူအဘိဓဇမော်ကွန်းတိုက် အဆောက်အအုံကို တွေ့ရစဉ်။

သီတဂူဆရာတော်ကြီး၏ ဘဝတစ်လျှောက် သာသနာပြုခဲ့သော ပုံရိပ်များအား အများပြည်သူ ဖူးမြော်နိုင်ရန်အတွက် သီတဂူအဘိဓဇမော်ကွန်းတိုက်တည်ဆောက်၍ ပြသသွားမည်ဖြစ်ရာ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၆ ခုနှစ် မတ်လအတွင်းက စတင်ခဲ့ပြီး လက်ရှိအချိန်တွင် ၇၅ ရာခိုင်နှုန်းအထိပြီးစီးနေ၍ မော်ကွန်းတိုက်အတွက် ကုန်ကျငွေအနေဖြင့် ကျပ်သိန်းပေါင်း ၃၀၀၀ ခန့် အနည်းဆုံးကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

“တည်ဆောက်ရေး လုပ်ငန်းကတော့ ၇၅ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ အဆောက်အအုံက ဆေးသုတ်ခြယ်သရုံပဲ ကျန်တော့တယ်။ အထဲမှာ ဆရာတော်ကြီးနဲ့ပတ်သက်တဲ့ ပစ္စည်းတွေထားရှိဖို့ စီမံရမှာ တစ်ကဏ္ဍပေါ့၊ ပစ္စည်းတွေက ရှိပြီးသားပါ၊ အပြင်ကပြီးမှ အထဲကိုထည့်မှာ၊ ဘယ်တော့ပြီးမလဲဆိုတာ ရက်အတိအကျတော့ မပြောနိုင်သေးဘူး” ဟု လက်ထောက်ဆရာတော်က မိန့်ကြားသည်။

အဆိုပါ သီတဂူအဘိဓဇမော်ကွန်းတိုက်တွင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု ရွှေကျင်နိကာယ ဥပဥက္ကဋ္ဌ တွဲဖက်ရွှေကျင် သာသနာပိုင် သီတဂူဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ၏ ပညာသင်ကြားခဲ့သည့် ပုံရိပ်များ၊ မြန်မာနိုင်ငံဒေသအနှံ့အပြားနှင့် ပြည်ပနိုင်ငံများသို့ လှည့်လည်သာသနာပြုခဲ့သည့် ပုံရိပ်များ၊ ရရှိခဲ့သောဘွဲ့တံဆိပ်တော်များ၊ ဘဝတစ်သက်တာပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှုများ၊ ပရဟိတလုပ်ငန်းများကို အများပြည်သူ ဖူးမြော်နိုင်ရန် ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအဖွဲ့က ဆက်ကပ်လှူဒါန်းသော အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို သီတဂူဆရာတော်ကြီး ရရှိခဲ့သည့် အထိမ်းအမှတ်အနေဖြင့် သီတဂူ အပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီအတွင်း၌ ဉာဏ်တော် ၃၇ ပေအမြင့်ရှိသော သီတဂူအဘိဓဇစေတီတော်ကို တည်ထားကိုးကွယ်ထားကြောင်းလည်း လက်ထောက်ဆရာတော်က ဆက်လက်မိန့်ကြားသည်။

သီတဂူ အပြည်ပြည်ဆိုင်ရာ ဝိပဿနာအကယ်ဒမီကို စစ်ကိုင်းတောင်ရိုး တောင်ဇီလာစေတီတော်အနီးရှိ မြေအကျယ် ၇၀ ဒသမ ၂၆ ဧကပေါ်၌ ၂၀၁၀ ခုနှစ်ကပင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၇ ခုနှစ် မတ် ၁၂ ရက်(တပေါင်းလပြည့်နေ့) သီတဂူဆရာတော်ကြီး၏ သက်တော် (၈၀)ပြည့် မွေးနေ့မှစ၍ ဖွင့်လှစ်နိုင်ခဲ့ကာ လက်ရှိအချိန်တွင် အကယ်ဒမီအတွင်း၌ သီတဂူအဘိဓဇမော်ကွန်းတိုက်ကို ဆက်လက်တည်ဆောက်နေခြင်းဖြစ်သည်။

**ကိုမင်း(အင်းတော်)**

## တိုက်ကြီးမြို့နယ်၌ မှူခင်းအသိပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် မလေးရှားဝိုင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၇ ရက်တွင် တိုက်ကြီးမြို့နယ်ရဲတပ်ဖွဲ့မှူး (ယာယီ) ရဲမှူးဝင်းကိုနှင့် မြို့မရဲစခန်းမှူး ဒုရဲမှူး ကျော်ခိုင်စိုးတို့က သက်ငယ်မုဒိမ်းမှု ပပျောက်စေရေးအတွက် ပြစ်မှု၊ ပြစ်ဒဏ်များနှင့် အဆိုပါပြစ်မှုမျိုးများ မကျူးလွန်မိစေရန် မိမိတို့က ကလေးငယ်များကို အထူးကြပ်မတ်စောင့်ရှောက်ပေးစေရန် လိုအပ်ကြောင်း၊ ခိုး၊ ဆိုး၊ လုယက်မှုများ၊ မဖြစ်ပွားစေရေးအတွက်လည်း ကြိုတင်ကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မှုခင်းအသိပညာများ ရင့်ကျက်လာပါက မှုခင်းများ လျော့နည်းပပျောက်လာမည်ဖြစ်ကြောင်း၊ ကျေးရွာနေ ပြည်သူများအနေဖြင့် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့မရဲစခန်းနှင့် ချိတ်ဆက်ပြီး ပူးပေါင်းပါဝင်နိုင်စေရေးအတွက် သတင်းပေးတိုင်ကြားခြင်းနှင့် လိုအပ်ပါက အကူအညီတောင်းခံနိုင်ပါကြောင်း အသိပညာပေး ဆွေးနွေးခဲ့သည်။

**မြန်မာ့အလင်း**

# ဥရောပသမဂ္ဂက ဆန်လုံးရှည် သွင်းကုန်အခွန်ကောက်ခံသော်လည်း အခွန်သက်သာခွင့်ရသည့်ဆန်များ ဆက်လက်တင်ပို့လျက်ရှိ

**မတ် ၉**

ဥရောပသမဂ္ဂ(EU)သို့ မြန်မာနိုင်ငံမှတင်သွင်းသည့် ဆန်လုံးရှည်များကို ဥရောပသမဂ္ဂက သွင်းကုန်အခွန် ကောက်ခံခဲ့သော်လည်း ဆန်တင်ပို့မှု လျော့ကျခြင်းမရှိဘဲ အခွန်သက်သာခွင့်ရသည့်ဆန်များကို တင်ပို့လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

“EU ကို ဆန်တင်နေတုန်းပဲ၊ ယခင်တင်နေတဲ့နှုန်းထက်တော့ မလျော့ဘူး၊ အမျိုးအစား ပြောင်းသွားတာပဲရှိတယ်၊ ယခင်တင်သလိုပဲ တင်နေတယ်၊ အမျိုးအစားပြောင်းတယ်ဆိုတာက EU ဘက်ကနေ အခွန်ကောက်တဲ့ဆန်ကို မပို့ဘူး၊ အခွန်သက်သာခွင့်ရတဲ့ဆန်ကို ကျွန်တော်တို့ဘက်က ပြန်ပို့နေတယ်”ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းဦးက ပြောသည်။

ထို့အပြင် လာမည့် စပါးရာသီတွင်လည်း EU ဘက်မှဝယ်ယူသည့် စပါးအမျိုးအစားများကို တိုးချဲ့စိုက်ပျိုးရန်အတွက် စပါးစိုက်ပျိုးသည့် တောင်သူများအား ပညာပေးခြင်းများလုပ်ဆောင်နေကြောင်း ၎င်းက ဆက်ပြောသည်။

ဥရောပသမဂ္ဂသည် ၎င်းအဖွဲ့ဝင်နိုင်ငံများမှ ဆန်စိုက်ပျိုးထုတ်လုပ်သူများ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ တင်သွင်းနေသော ဆန်လုံးရှည်အမျိုးအစားကို ဇန်နဝါရီ ၁၈ ရက်မှစ၍ သုံးနှစ် အခွန်ကောက်ခံရန် ဆုံးဖြတ်ခဲ့ပြီး ပထမနှစ်တွင် ဆန်တစ်တန်လျှင် ၁၇၅ ယူရို၊ ဒုတိယနှစ်တွင် ယူရို ၁၅၀ နှင့် တတိယနှစ်တွင် ၁၂၅ ယူရိုဖြင့် နှစ်အလိုက် အသီးသီး ကောက်ခံမည်ဖြစ်သည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်က EU က အခွန်ပြန်ကောက်သည့် ဆန်အမျိုးအစားကလွဲ၍ ကျန်သည့်အမျိုးအစားများကို ပို့နိုင်သည့် အနေအထား ရှိသေးသည့်အတွက် ဆက်ပို့နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

“အခွန်ပြန်ကောက်တယ်ဆိုတာလည်း လုံးဝ ပိတ်သိမ်းလိုက်တာမဟုတ်ဘူး၊ အခွန်ဆောင်ပြီးတော့ ဝယ်ရင်လည်း ကျွန်တော်တို့ ဝယ်ဦးမှာပဲလေ၊ ဒါကြောင့်မို့လို့ EU ဈေးကွက်က အခက်အခဲရှိမယ့်ပုံသဏ္ဌာန် ပြပေမယ့်လည်း လက်တွေ့မှာတော့ ကျွန်တော်တို့ လုပ်လို့ရသေးတဲ့အနေအထားတစ်ခုတော့ တွေ့ရတယ်”ဟု ၎င်းက ဆက်ပြောသည်။

မြန်မာနိုင်ငံမှ ဥရောပသမဂ္ဂနိုင်ငံများသို့ ဆန်နှင့် ဆန်ကွဲ တင်ပို့မှုသည် တန်ချိန် လေးသန်းခန့်ရှိပြီး ယင်းအနက် ဆန်လုံးရှည်တင်ပို့မှုသည် တန်ချိန် လေးသောင်းခန့်ရှိကြောင်း သိရသည်။ ယခု ဥရောပသမဂ္ဂက မြန်မာနိုင်ငံမှ တင်ပို့သည့်ဆန်များအနက် ဆန်လုံးရှည်အမျိုးအစားကို သုံးနှစ် အခွန်ပြန်လည် ကောက်ခံသောကြောင့် ဈေးကွက်သစ်များ ရှာဖွေသွားမည်ဖြစ်ကြောင်းလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးက ပြောကြားထားသည်။

ဥရောပသမဂ္ဂသည် မြန်မာနိုင်ငံကို ၂၀၁၃ ခုနှစ်မှစ၍ ကုန်သွယ်မှု အထူးအခွင့်အရေး(GSP)ခံစားခွင့်ပြုထားခဲ့ပြီးနောက် ခြောက်နှစ်အကြာ ယခုနှစ် ဇန်နဝါရီလတွင် မြန်မာနိုင်ငံမှ ဆန်လုံးရှည်တင်ပို့မှုအတွက် သွင်းကုန်အခွန် ပြန်လည်ကောက်ခံခဲ့ခြင်းဖြစ်သည်။

**ငြိမ်းငြိမ်း**

# သထုံ ရွှေစာရံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို အစဉ်အလာမပျက် စည်ကားစွာ ကျင်းပမည်



ယမန်နှစ်က ရွှေစာရံစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပစဉ်။

**သထုံ မတ် ၉**

မွန်ပြည်နယ် သထုံမြို့၏ ကျက်သရေဆောင် လေးဆူဓာတ်စံ ရွှေစာရံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၈၀ ပြည့်နှစ် တပေါင်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက်(မတ် ၁၃ ရက်မှ ၂၁ ရက်)အထိ ကိုးရက်ကြာ စည်ကားစွာဖြင့် အစဉ်အလာမပျက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တပေါင်းလပြည့်နေ့ဖြစ်သည့် မတ် ၂၀ ရက် နံနက်တွင် စေတီတော်မြတ်ကြီးအား ဗုဒ္ဓဘိသေက အနေကဇာတင် ပူဇော်ပြီး စေတီတော်ရင်ပြင်၌ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော် ၁၀၈ ပါးတို့အား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လောင်းလှူကာ ညအချိန်၌ ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်သွားမည်ဖြစ်သည်။ ထို့အပြင် ဘုရားပွဲတော်ကျင်းပသည့်ကာလအတွင်း မြန်မာ့ရိုးရာ ရုပ်သေးအမြင့်သဘင်၊ ရိုးရာလက်ဝှေ့ပွဲ၊ ဇာတ်သဘင်၊ ပျော်ရွှင်ဖွယ်ရာ ကလေးကစားစရာများ၊ ပွဲဈေးဆိုင်တန်းများဖြင့် ညစဉ် စည်ကားစွာကျင်းပမည်ဖြစ်ကြောင်း သိရသည်။

"ဂေါပကအဆက်ဆက်က ထိန်းသိမ်းပြီး နှစ်စဉ်ကျင်းပလာတာ နှစ်ပေါင်းရာကျော်ပြီ။ ဒီဘုရားပွဲရဲ့ထူးခြားချက်က ရုပ်သေးပွဲ မပါလို့မဖြစ်ဘူး။ အစဉ်အဆက်က ရုပ်သေးမပါလို့ ပွဲတော်မှာ ထိခိုက်မှုတွေဖြစ်ခဲ့တဲ့ သာဓကတွေလည်း ရှိခဲ့တယ်။ ဒီနယ်တကြောမှာ ရုပ်သေးကလည်း ဒီဘုရားပွဲမှာပဲ တွေ့ရတယ်"ဟု စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးခွန်သိန်းရွှေက ပြောသည်။

ရွှေစာရံစေတီတော်မြတ်ကြီးကို ဘုရားရှင်သက်တော်ထင်ရှားရှိစဉ် မဟာသက္ကရာဇ် ၁၁၁ ခုနှစ်က သထုံပြည်သို့ ဒေသစာရီကြွချီခိုက် သထုံဘုရင် သူရိယစန္ဒာမင်းကြီးက ယင်းနှစ် တပေါင်းလပြည့်နေ့တွင် တည်ထားခဲ့ပြီး ကကုသံမြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူ၊ ကောဏာဂုံမြတ်စွာဘုရား၏ တောင်ဝှေးတော်၊ ကဿပမြတ်စွာဘုရား၏ မြသပိတ်တော်နှင့် ဂေါတမမြတ်စွာဘုရား၏ သွားတော်လေးဆူတို့ ဌာပနာထားသောကြောင့် လေးဆူဓာတ်စံ ရွှေစာရံစေတီဟု ထင်ရှားကာ စေတီတော်ကြီးသည် ဉာဏ်တော် ပေ ၃၆၀ ရှိ၍ အရံစေတီပေါင်း ၃၇ ဆူ၊ ရုပ်ပွားတော်ပေါင်း ၄၅ ဆူရှိကြောင်း ဂေါပက အဖွဲ့၏ မှတ်တမ်းများအရ သိရသည်။

**သက်ဦး(သထုံ)**

# မန္တလေးသင်္ကြန်တွင် ကျုံးပတ်လည်၌ မဏ္ဍပ်ကြီး ၂၇ ခုနှင့် လမ်းလျှောက်ရေကစားမဏ္ဍပ် ၁၉၆ ခု နေရာချထားမည်

**မန္တလေး မတ် ၉**

ယခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်တွင် ကျုံးပတ်လည်၌ ရေကစားမဏ္ဍပ်ကြီး ၂၇ နေရာနှင့်အတူ စတုဒိသာမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ရေကစားမဏ္ဍပ်ပေါင်း ၁၉၆ ခုကို နေရာချထားပေးမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာနမှ သိရသည်။

အဆိုပါ ရေကစားမဏ္ဍပ်များအနက် ပေ(၁၀၀×၂၅)အရွယ်အစားရှိ ရေကစားမဏ္ဍပ်ကြီးများကို ကျုံးအနောက်ဘက်နှင့် ကျုံးမြောက်ဘက်များတွင်သာ နေရာချထားပေးသွားမည်ဖြစ်ပြီး ကျုံးအနောက်ဘက်တွင် ၁၇ နေရာနှင့် ကျုံးမြောက်ဘက်တွင် ၁၀ နေရာဖြစ်ကြောင်း၊ အဆိုပါနေရာများတွင် မဏ္ဍပ်များ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်လေလံစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကာ လျှောက်ထားသူများအား မတ် ၄ ရက်မှ ၁၁ ရက်အထိ လက်ခံသွားမည်ဖြစ်ကြောင်း အဆိုပါဌာနမှ သိရသည်။

စတုဒိသာမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်ရေကစားမဏ္ဍပ်များကိုမူ ကျုံးတောင်ဘက်နှင့် အရှေ့ဘက်တို့တွင် လက်ခံသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ရေကစားမဏ္ဍပ်များအတွက် လျှောက်လွှာများကို မတ် ၄ ရက်မှစတင်၍ ဦးရာလူစနစ်ဖြင့် လက်ခံခဲ့ကြောင်း အဆိုပါဌာနမှ သိရသည်။

အရွယ်အစားနှင့် လက်ခံမည့်အရေအတွက်မှာ ကျုံးတောင်ဘက်၌ (၂၆)လမ်း၊ (၆၈)လမ်းမှ (၇၁)လမ်းအထိအတွင်း (၁၀×၁၂)ပေ ရေကစားမဏ္ဍပ် ၁၁ နေရာ၊ (၂၀×၁၂)ပေ ရေကစားမဏ္ဍပ် ၁၁ နေရာ၊ (၃၀×၁၂)ပေ ရေကစားမဏ္ဍပ် ၁၂ နေရာ၊ (၂၆)လမ်း၊ (၇၄)လမ်းမှ (၇၈)လမ်းအထိအတွင်း (၁၀×၁၂)ပေ ရေကစားမဏ္ဍပ် ၁၈ နေရာ၊ (၂၀×၁၂)ပေ ရေကစားမဏ္ဍပ် ၁၈ နေရာ၊ (၃၀×၁၂)ပေ ရေကစားမဏ္ဍပ် ၁၈ နေရာဖြင့် စုစုပေါင်း ၈၈ နေရာ ဖြစ်သည်။





ယမန်နှစ် မန္တလေးသင်္ကြန် မဏ္ဍပ်ကြီးတစ်ခုရှေ့၌ ရေကစားနေသော ပြည်သူများ

ကျုံးအရှေ့ဘက်၌ (၆၆)လမ်း၊ (၁၂)လမ်းမှ (၁၉)လမ်းအထိအတွင်း (၁၀×၁၂)ပေ ရေကစားမဏ္ဍပ် ၂၄ နေရာ၊ (၂၀×၁၂)ပေ ရေကစားမဏ္ဍပ် ၂၆ နေရာ၊ (၃၀×၁၂)ပေ ရေကစားမဏ္ဍပ် ၂၈ နေရာ၊ (၆၆)လမ်း၊ (၂၃)လမ်းမှ (၂၆)လမ်းအထိ (၁၀×၁၂)ပေ ရေကစားမဏ္ဍပ် ကိုးနေရာ၊ (၂၀×၁၂)ပေ ရေကစားမဏ္ဍပ် ကိုးနေရာ၊ (၃၀×၁၂)ပေ ရေကစားမဏ္ဍပ် ၁၂ နေရာဖြင့် ရေကစားမဏ္ဍပ် စုစုပေါင်း ၁၀၈ နေရာ ချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် မန္တလေးမြို့တော် မဟာသင်္ကြန်ပွဲတော်တွင် ရေကစားမဏ္ဍပ်ကြီးများနှင့်အတူ လမ်းလျှောက်သင်္ကြန်၊ တောသင်္ကြန်နှင့် စတုဒိသာမဏ္ဍပ်များအပြင် ပြည်ထောင်စုပုံရိပ်ကို ဖော်ညွှန်းသည့် တိုင်းရင်းသားသွေးချင်းများ၏ ရိုးရာသင်္ကြန်စသည့် အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ရာ နေ့၊ ည ဈေးတန်းပါ တောသင်္ကြန်ဆိုင်ခန်းများကိုလည်း ကျုံးအရှေ့ဘက် (၆၆)လမ်း၊ (၁၉)လမ်းမှ (၂၃)လမ်းအထိ ဆိုင်ခန်းပေါင်း ၂၁၈ ခန်းကို ဦးရာလူစနစ်ဖြင့် နေရာချထားပေးမည်ဖြစ်ကြောင်း၊ ထိုဆိုင်ခန်းများအတွက် မတ် ၆ ရက်မှ စတင်လျှောက်ထားခွင့်ပြုခဲ့ကြောင်း မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

ပြည်ထောင်စုပုံရိပ်ကိုဖော်ညွှန်းသည့် တိုင်းရင်းသားသွေးချင်းများ၏ ရိုးရာသင်္ကြန်ကိုလည်း ကျုံးတောင်ဘက်(၂၆)လမ်း၊ (၆၆)လမ်းနှင့်(၆၈)လမ်းကြားတွင် နေရာချထားပေးမည်ဖြစ်ပြီး မိသားစုအလိုက် ရေစုပ်စက်ဖြင့် ရေကစားချင်သူများအတွက် နေရာကို ကျုံးမြောက်ဘက် (၇၆)လမ်းမှ လမ်း (၈၀) အထိအတွင်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်းလည်း ယင်းဌာနမှ သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# ကံမမြို့နယ် ကျေးရွာ ၁၀ ရွာ၌ စွန့်ပစ်အမှိုက် စီမံခန့်ခွဲမှုစနစ် အကောင်အထည်ဖော်နေ

**ကံမ မတ် ၉**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်အတွင်းမှ ကျေးရွာ ၁၀ ရွာ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာနေပြည်သူများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုစနစ်ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ကံမမြို့နယ်ရှိ အုတ်ဖိုကျေးရွာ၊ ဂွန်းတောင်ကျေးရွာ၊ ထန်းတောကျေးရွာ၊ ညောင်ကိုင်းကျေးရွာ၊ ညောင်ပင်ကွင်းကျေးရွာ၊ စံပယ်ခြံကျေးရွာ၊ တောင်စကိုင်းကျေးရွာ၊ တောမကျင်းကျေးရွာ၊ သရက်ချောင်းကျေးရွာနှင့် ရေလယ်တောင်ကျေးရွာတို့တွင် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ကျေးရွာများသန့်ရှင်းသာယာပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားစေရန်၊ ပလတ်စတစ်သုံးစွဲမှုကို လျှော့ချပြီး ပြန်လည်အသုံးပြုနိုင်သည့် ပစ္စည်းများကို ပြန်လည်သုံးစွဲတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်လာစေရန်၊ အမှိုက်များကို ခွဲခြားစွန့်ပစ်တတ်စေရန်၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်ခြင်းကို ရှောင်ရှားပြီး စနစ်တကျအမှိုက်စွန့်ပစ်တတ်စေရန်ရည်ရွယ်ပြီး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ကံမမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးသူရရှိန်က ပြောကြားသည်။

**မြကျော်ဇင်သန်း(ကံမ)**



ကျေးရွာတစ်ရွာ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မုဒိတာ(၃) တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ရန် စီစဉ်နေ

**ရန်ကုန် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်း အိမ်ရာလိုအပ်ချက်များ ရှိနေမှုအတွက် တန်ဖိုးနည်းအိမ်ရာများကို ရန်ကုန်မြို့သစ် စီမံကိန်းနှင့် နီးစပ်သောနေရာ သို့မဟုတ် နေထိုင် သွားလာမှုလွယ်ကူသော မြေဧက ၄၀၀၊ ၅၀၀ ခန့် အကျယ်တွင် ဆောက်လုပ်သွားမည် ဖြစ်ကြောင်းနှင့် ကျပ်သိန်း ၈၀ နှင့် ကျပ် ၁၉၆ သိန်း တန်ဖိုးရှိသော အိမ်ရာတိုက်ခန်းများကို သုံးနှစ်နှင့် ငါးနှစ်ပေး အရစ်ကျ စနစ်ဖြင့် ရောင်းချရန် စီမံထားကြောင်း ရန်ကုန်မြို့ ပြည်လမ်းရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ မတ် ၈ ရက်ကကျင်းပသည့် မုဒိတာ(၃) တန်ဖိုးနည်းအိမ်ရာစီမံကိန်း စာနယ်ဇင်း ရှင်းလင်းပွဲမှ သိရသည်။

မုဒိတာ(၃) တန်ဖိုးနည်းအိမ်ရာ စီမံကိန်းကို ဖော်ဆောင်မည့် တော်ဝင်မိသားစုကုမ္ပဏီဥက္ကဋ္ဌ ဦးကိုကိုထွေးက "အဓိကအားဖြင့် ရန်ကုန်မြို့မှာပေါ့၊ အိမ်ရာ အခက်အခဲရှိတဲ့သူတွေ ရှိနေတယ်၊ လမ်းဘေးမှာ ကျူးကျော်နေရတယ်၊ အိမ်ငှားနေတဲ့သူတွေလည်း ကြာကြာမငှားနိုင်ဘူးပေါ့၊ ခြောက်လလောက်ငှား တစ်နေရာပြောင်းနဲ့ ခြောက်လဆိုတာကလည်း တကယ်တမ်း နေရင် ခဏလေးပါပဲ၊ ဒီလိုလူတွေရဲ့ အိမ်ရာအခက်အခဲနေရေးကို ဖြေရှင်းချင်တဲ့အတွက် တန်ဖိုးနည်းအိမ်ရာတွေကို တတ်နိုင်သလောက် တည်ဆောက်ခဲ့တယ်၊ ကိုယ်ပိုင်မြေနဲ့ တည်ဆောက်တဲ့အိမ်ရာက မုဒိတာ(၁)၊ (၂)နဲ့ မဟာမြိုင်အိမ်ရာတွေ တည်ဆောက်ခဲ့တယ်၊ ကျပ် ၁၆၅ သိန်းနဲ့ ရောင်းပေးတဲ့တိုက်ခန်းက ကျပ်သိန်း ၇၀၀၊ ၈၀၀ ဖြစ်သွားတာတော့ ရှိတယ်၊ ကျပ် ၁၅ သိန်း လောက်နဲ့ ရောင်းပေးတဲ့ တိုက်ခန်းက သိန်း ၁၀၀ကျော်၊ ၂၀၀ ဖြစ်သွားတယ်၊ ဒါတွေမဖြစ်ဖို့ လုံလောက်အောင် ဆောက်လုပ်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တိုက်ခန်းပေါင်း တစ်သိန်းခွဲ ဆောက်လုပ်ဖို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို အစီရင်ခံစာ တင်တာပါ။ ရန်ကုန်တိုင်း ဒေသကြီး ဝန်ကြီးချုပ်ကလည်း ပြောထားတာရှိပါတယ်၊ တန်ဖိုးနည်းအိမ်ရာဆောက်ကြမယ်ဆိုရင် မြေဈေးကို ဇီးရိုးလုပ်ပေးမယ်လို့ ပြောတဲ့အတွက် နိုင်ငံတော်က မြေနေရာ စီစဉ်ပေးမယ်ဆိုရင် အိမ်ရာတိုက်ခန်း တစ်သိန်းခွဲကို ဆောက်ဖို့တာဝန်ယူနိုင်ပါတယ်"ဟု ပြောသည်။

ယခုတည်ဆောက်မည့် မုဒိတာ(၃) တန်ဖိုးနည်း အိမ်ရာများကို တစ်နှစ်လျှင် အခန်း ၃၀၀၀၀ ကျော်ဖြင့် ငါးနှစ်အတွက် အခန်းပေါင်း ၁၅၀၀၀၀ တည်ဆောက်ရန် စီမံထားကြောင်း၊ တိုက်ခန်းများသည် ဧရိယာ ၃၀၀ စတုရန်းပေရှိ တိုက်ခန်းတစ်ခန်းလျှင် ကျပ်သိန်း ၈၀ နှင့် ဧရိယာ ၄၉၀ စတုရန်းပေရှိ တိုက်ခန်းတစ်ခန်းလျှင် ကျပ် ၁၉၆ သိန်း ကျသင့်မည်ဖြစ်ကြောင်း၊ အဆိုပါ အိမ်ရာများတွင် လူနေတိုက်ခန်းများနှင့်အတူ ကစားကွင်း၊ ဈေး၊ နေ့ကလေးထိန်းကျောင်း၊ ဆေးခန်း၊ သင်တန်းကျောင်းနှင့် ကားပါကင်များ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ - ဗလစိုး**



တည်ဆောက်မည့် မုဒိတာ(၃) တန်ဖိုးနည်းအိမ်ရာစီမံကိန်း ပုံစံငယ်

# ဆွာချောင်းရေဘေးကြောင့် မျောပါသွားခဲ့သော ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း တံတားအမှတ် ၃၀၅ ပြန်လည်တည်ဆောက်နိုင်ရန် လမ်းလွှဲများဆောင်ရွက်နေ

**ရေတာရှည် မတ် ၉**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ၂၀၁၈ ခုနှစ် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ဆွာချောင်းတမံပင်မ ရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုဖြစ်စဉ်၌ ကျိုးပြတ်မျောပါသွားခဲ့သော ဆွာမြို့ဘူတာနှင့် ကုန်းကြီးဘူတာ အကြားရှိ တံတားအမှတ် ၃၀၅ ကို မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ ရထားများ ယာယီပုံမှန်သွားလာနိုင်ရန် ဆောင်ရွက်ပေးခဲ့ရာ အောက်တိုဘာ ၄ ရက်တွင် ရထားများ စတင်ဖြတ်သန်းသွားလာနိုင်ခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ တံတား အမှတ် ၃၀၅ ကို အသစ်ပြန်လည် တည်ဆောက်နိုင်ရေးအတွက် ယခုအခါ စတင်ဆောင်ရွက်နေပြီဖြစ်ရာ ကနဦး လုပ်ငန်းများဖြစ်သော ရထားလမ်းလွှဲအတွက် မြေဖို့ခြင်းလုပ်ငန်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည်။

တံတား၏ အရှေ့ဘက်ခြမ်း အောက်ဘက်မှ မြေသားများဖို့ထားသည့်အခါ အချင်း ၄ ပေ ရှိ ရေထုတ်ပြွန်တစ်ခုခံ၍ အပေါ်တွင် မြေသားတင်ကာ ဖို့ထားခြင်းဖြစ်သည်ကို မတ် ၇ ရက်က တွေ့ရှိခဲ့ရသည်။ အဆိုပါ တံတားသည် ဆွာမင်းလမ်းကျေးရွာမှ ရထားလမ်းအထိ စပါးစိုက်ခင်းများ၏ အဓိက ရေထွက်ပေါက်ဖြစ်သည့်အတွက် မိုးရာသီရေ အလုံးအရင်းနှင့် ဝင်ရောက်လာပါက ရေထွက်ပေါက်ကျဉ်းပြီး စပါးစိုက်ပျိုးသည့်အခါ အခက်အခဲများဖြစ်ပေါ်လာမည်ကို တောင်သူများဘက်မှလည်း စိုးရိမ်ပူပန်မှုများ ရှိနေသည်။

**သန်းလွင်**



# ဆရာစိန်ခင်မောင်ရီ ကွယ်လွန်ခြင်း (၂၇) နှစ်ပြည့် အထိမ်းအမှတ် ရန်ကုန်မြို့တွင် ကျင်းပမည်

**ရန်ကုန် မတ် ၉**

မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)၏ ပံ့ပိုးကူညီမှုဖြင့် စာပေဂီတ၊ ရုပ်ရှင်နှင့် သတင်းစာလောက၊ စာရေးဆရာလောကတို့တွင် ထင်ရှားသူဖြစ်သည့် ဆရာစိန်ခင်မောင်ရီ ကွယ်လွန်ခြင်း (၂၇) နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်မြို့တွင် ကျင်းပမည်ဖြစ်သည်။

ဆရာစိန်ခင်မောင်ရီသည် သတင်းစာဆရာ၊ စာရေးဆရာ၊ ရုပ်ရှင်ဇာတ်ညွှန်းရေးဆရာ၊ ရုပ်ရှင်ဝေဖန်ရေးဆရာ၊ ဘာသာပြန်ဆရာ၊ သီချင်းရေးဆရာ၊ ပြဇာတ်ရေးဆရာအဖြစ် ထင်ရှားသူဖြစ်ပြီး ၁၉၈၅ ခုနှစ် အမျိုးသားစာပေဆုအား ဘာသာပြန်သုတစာပေဆုကို "အနာတဟန်" ဘာသာပြန်စာအုပ်ဖြင့် ရရှိခဲ့ပြီး စောင်းသိန်းဖေ သီဆိုသော မြန်မာ့အသံဓာတ်ပြားရခဲ့သည့် "ငွေညို့ပင်" သီချင်းသည် စိန်ခင်မောင်ရီ၏ ထင်ရှားသော လက်ရာဖြစ်သည်။ ပြဇာတ်တွင်လည်း "မြေပိုင်ရှင် ဦးကံကောင်းနှင့် သမီးများ" ပြဇာတ်၊ ရုပ်ရှင်ဇာတ်ညွှန်း တွင်လည်း "ရွှေလက်ဖြင့် ခေါ်လည်းမလာ"၊ "အမွှန်ကတစ်ဖက် သူတို့ကတစ်ဖက်"တို့ကို ရေးသားအောင်မြင်ခဲ့ပြီး ဘာသာပြန်စာအုပ်များဖြစ်သည့် "သူခိုးနှင့် အရိုးခံမလေး"၊ "ဝါးတဲလေး"နှင့် "ဆိုဖီယာရဲ့ ဆိုဖီယာ" တို့သည်လည်း ဆရာစိန်ခင်မောင်ရီ၏ လက်ရာများဖြစ်သည်။

ထို့အပြင် ကြေးမုံသတင်းစာတိုက် ပုဂ္ဂလိကပိုင်ကာလတွင် တာဝန်ခံအယ်ဒီတာ (အယ်ဒီတာချုပ်) အဖြစ် ဆောင်ရွက်ကာ သတင်းခေါင်းများ တပ်ရာတွင် ပြောင်မြောက်ခဲ့ပြီး ရုပ်ရှင်ဝေဖန်ရေးတွင်လည်း "ဒါဖတ်ပြီးမှ ရုပ်ရှင်ကြည့်ပါ" ခေါင်းစဉ်ဖြင့် ရုပ်ရှင်ဝေဖန်ရေးဆောင်းပါးများဖြင့် နာမည်ကြီးခဲ့သူဖြစ်သည်။

ဆရာစိန်ခင်မောင်ရီသည် ၁၉၉၂ ခုနှစ် မတ် ၇ ရက်တွင် ကွယ်လွန်သည်ဖြစ်ရာ ၂၀၁၉ ခုနှစ် မတ် ၇ ရက်တွင် ကွယ်လွန်ခြင်း (၂၇) နှစ်ပြည့်ပြီ ဖြစ်သည့်အတွက် အထိမ်းအမှတ်အခမ်း အနားကို ရန်ကုန်မြို့ ဗိုလ်တထောင် မြို့နယ် ဗိုလ်တထောင်ဘုရားလမ်း (ဒုတိယလမ်း)ရှိ Orchid ဟိုတယ်၌ မတ် ၁၁ ရက် (တနင်္လာနေ့)မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ ကျင်းပမည်ဖြစ်သည်။

**၃၄၉**

# စာပေနှင့်ပန်းချီ ပညာဒါနသင်တန်းများကို ဆရာဇော်ဂျီစာကြည့်တိုက်၌ ဖွင့်လှစ်မည်

**ဖျာပုံ မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ရှိ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်နှင့် ဖျာပုံမြို့နယ် စာရေးဆရာအသင်း မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး (ဖျာပုံ) တို့ ပူးပေါင်း၍ စာစီစာကုံး၊ ကဗျာရေးသားနည်းနှင့် ပန်းချီအခြေခံသင်တန်းများကို မတ် ၁၉ ရက်မှစ၍ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက် တိုးချဲ့ဆောင်သစ်၌ ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။

နွေရာသီ ပန်းချီအခြေခံသင်တန်းတွင် အသက် ခုနစ်နှစ်အရွယ်မှစ၍ အသက်အကန့်အသတ်မရှိ တက်ရောက်နိုင်ပြီး စာစီစာကုံးနှင့် ကဗျာရေးနည်းသင်တန်းသို့ အခြေခံပညာအလယ်တန်းအဆင့်အရွယ်မှစ၍ အသက်အကန့်အသတ်မရှိ တက်ရောက်နိုင်မည်ဖြစ်သည်။

သင်တန်းအားလုံးကို သက်ဆိုင်ရာ ဘာသာရပ်အလိုက် ကျွမ်းကျင်သူများက အခမဲ့ သင်ကြားပို့ချမည့်အပြင် သင်ထောက်ကူပစ္စည်းများပါ ပေးအပ်မည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများ မတ် ၁၅ ရက် နောက်ဆုံးထား၍ ဆရာဇော်ဂျီ ရာပြည့်စာကြည့်တိုက်တွင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**ရန်ကုန် မတ် ၉**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က ၂၀၁၆ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ပြဇာတ်စာပေ ပထမဆုရရှိသည့် စာရေးဆရာ ဇင်မင်း (သမိန်ထော) ၏ "အလွမ်းနွေရိပ် ပန်းလှေဆိပ်" စာအုပ်ကို ဖြန့်ချိရောင်းချထားကြောင်း သိရသည်။




ယင်းစာအုပ်တွင် အငြိမ်းစားဘဝဖြင့် လောကကို အလှဆင်လိုသည့် ဇနီးမောင်နှံတို့က ကလေးလူငယ်များ၏ ဘဝကို စာနာလျက် ပြုစုပျိုးထောင်ပေးပုံ၊ ၎င်းတို့အခြေချ နေထိုင်သည့် အရပ်ဒေသတွင် ဆင်းရဲချို့တဲ့သည့် တံငါသည်မိသားစုမှ ကျောင်းပညာ ဆုံးခန်းတိုင်အောင် မသင်ခဲ့ရသော မိန်းကလေးကို စာပေဂီတထူးချွန်အောင် သင်ပေးရာ ထိုမိန်းကလေးက ဧရာဝတီမြစ်ကမ်းတစ်လျှောက် ကျေးရွာများအထိ ကလေးသူငယ်များ စာဖတ်ခွင့်ရအောင် ကြိုးစားလုပ်ဆောင်ပုံတို့ကို ရေးဖွဲ့ဖော်ကျူးထားသည့်အတွက် စာဖတ်ပရိသတ်များ ဖတ်ရှုချင်စရာကောင်းသည့် စာအုပ်တစ်အုပ်ဖြစ်သည်။

အဆိုပါ စာအုပ်ကို ရောင်းဈေးကျပ် ၁၅၀၀ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင် ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၀၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၄၀၃၀ ၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်းရှိ စာပေဗိမာန်၊ အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၀၄၄၈ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# သတ်မှတ်ဈေးနှင့် မရောင်းချသော ဝက်သားဆိုင်ကို မိုးညှင်းစည်ပင်က ခေါ်ယူသတိပေး

**မိုးညှင်း မတ် ၉**

ကချင်ပြည်နယ် မိုးညှင်းမြို့ မြို့မဈေးကြီးတွင် လေလံရ ဝက်ခုံပိုင်ရှင်အား သတ်မှတ်ဈေးအတိုင်း မရောင်းချသည့်အတွက် စားသုံးသူများက မတ် ၇ ရက်တွင် မိုးညှင်းစည်ပင်ထံ တိုင်ကြားခဲ့သဖြင့် ဝက်သားဆိုင်ပိုင်ရှင်ကို မြို့နယ်စည်ပင်သာယာရေးရုံး၌ မတ် ၇ ရက်က ပထမအကြိမ်အဖြစ် ခေါ်ယူသတိပေးခဲ့သည်။

မြို့နယ်စည်ပင်သာယာရေး ရုံးခန်း၌ လေလံရ ဝက်ခုံပိုင်ရှင်နှင့် ဝက်သားဝယ်ယူစားသုံးသူတို့အား မျက်နှာစုံညီတွေ့ဆုံစေပြီး တစ်ဖက်နှင့်တစ်ဖက် အဆင်ပြေစေရန် ညှိနှိုင်းဆွေးနွေးပေးခဲ့ရာ လိုင်စင်ရ ဝက်ခုံပိုင်ရှင်က နောက်နောင် ဤကဲ့သို့ မရောင်းချတော့ကြောင်း ခံဝန်ကတိ လက်မှတ်ရေးထိုးခြင်းဖြင့် ကာယကံရှင် တိုင်ကြားသူဘက်က ကျေနပ်ခဲ့ကြောင်း မြို့နယ် စည်ပင်အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ပြောကြားသည်။

အဆိုပါ ကိစ္စနှင့်ပတ်သက်၍ လေလံကြမ်းခင်း ဈေးတွင်ပါရှိသည့် သတ်မှတ်တန်ဖိုးထက် ရောင်းချပါက မြို့နယ်စည်ပင်သာရေးရုံးအဖွဲ့ ဖုန်း ၀၇၄-၆၀၀၂၃ သို့ ဆက်သွယ်တိုင်ကြားနိုင်ရန် မိုးညှင်းမြို့မဈေးကြီး၌ ကြော်ငြာဆိုင်းဘုတ် ကပ်ထားကြောင်း၊ သတ်မှတ်ဈေးထက် ကျော်လွန်ရောင်းချပါက ပထမအကြိမ် သတိပေးခြင်း၊ ဒုတိယအကြိမ် ဒဏ်ငွေကျပ် ၁၀ သိန်း ဆောင်ခိုင်းခြင်းနှင့် တတိယအကြိမ် လိုင်စင်ပါ ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း ဝက်ခုံလေလံ ပိုင်ရှင်အား သတိပေးစကား ပြောကြားခဲ့ရာ ပိုင်ရှင် ဖြစ်သူက လက်ခံကြောင်း ကတိခံဝန်လက်မှတ် ရေးထိုးခဲ့ခြင်းဖြစ်သည်။

မြို့နယ်စည်ပင်သာယာရေးရုံး၌ ၂၀၁၈/ ၂၀၁၉ လေလံအိတ်ဖွင့်နှင့် အိတ်ပိတ်တင်ဒါအတွက် ရပ်ကွက်မှူးများမှတစ်ဆင့် အသိပေးခြင်း ယခင်လေလံလိုင်စင်သမားများထံ အသိပေးအကြောင်းကြားခဲ့ခြင်းများ ပြုလုပ်ပေးခဲ့ပြီး ပွင့်လင်းမြင်သာစွာ မိုးညှင်းစည်ပင်ရုံး၌ သားသတ်လုပ်ငန်းလိုင်စင်ကို ခေါ်ယူခဲ့ကြောင်း၊ လေလံဆွဲသောနေ့၌ ကျပ်သိန်း ၂၄၀၀ ဖြင့် တစ်နှစ်စာ သတ်မှတ်ကြမ်းခင်းဈေး အဆိုတင်ထားသော်လည်း မည်သူတစ်ဦးတစ်ယောက်မှ ဝင်ရောက်ဆွဲယူသူမရှိသောကြောင့် ကျပ်သိန်း ၁၅၀၀ဖြင့် တစ်ဦးတည်းက လိုင်စင်ရ လုပ်ကိုင်နေကြောင်း သိရသည်။

**မြန်မာ့အလင်း**

# ဘုရင့်နောင် ပဲအရောင်းအဝယ်များ စာချုပ်မှတ်ပုံတင်ရမည်

**ရန်ကုန် မတ် ၉**

ဘုရင့်နောင် ပဲဈေးကွက်တွင် ပဲအရောင်းအဝယ်ပြုလုပ်သည့် စာချုပ်များကို စာချုပ်ချုပ်ဆိုပြီး ၄၈ နာရီအတွင်း မှတ်ပုံတင်ရမည်ဟု မတ် ၆ ရက် ညနေပိုင်းက ဘုရင့်နောင်ကုန်စည်ဒိုင်တွင် အသိပေးစာကပ်ထားသည်ဟု အစည်းအဝေးတက်ခဲ့သည့် ပဲကုန်သည်တစ်ဦးက ပြောသည်။

မတ် ၆ ရက်က ရန်ကုန်တိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းတွင် ပြုလုပ်ခဲ့သော အသင်းသားများ အစည်းအဝေး ဆုံးဖြတ်ချက်အရ ဘုရင့်နောင် ကုန်စည်ဒိုင်အတွင်း မတ် ၇ ရက်မှစတင်၍ အရောင်းအဝယ် ပြုလုပ်သော လက်ငင်းပဲအရောင်းအဝယ် စာချုပ်များကို ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မှတ်ပုံတင်ရမည်ဟု အသိပေးနှိုးဆော်စာကို မှတ်ပုံတင်ရာတွင် ပါရှိရမည့်ပုံစံများနှင့်အတူ မတ် ၆ ရက် ညနေပိုင်းက ထုတ်ပြန်ထားသည်။

စာချုပ် မှတ်ပုံတင်မည့်သူများသည် ပဲအရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ၄၈ နာရီအတွင်း ပူးတွဲဖော်ပြပါ အရောင်းအဝယ် စာချုပ်မှတ်ပုံတင်ရန် လျှောက်လွှာတွင် ကုန်ရောင်းသူနှင့် ကုန်ဝယ်သူ နှစ်ဦးစလုံးကိုယ်တိုင် လက်မှတ်ရေးထိုးလျက် ပဲအရောင်းအဝယ်စာချုပ်မူရင်းနှင့် အပိုမိတ္တူတစ်စုံတို့ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဟု ဖော်ပြထားသည်။

ယင်းပုံစံတွင် ရောင်းသူ ဝယ်သူတို့၏ အသင်းဝင်အမှတ်များ၊ အမည်များ ရောင်းဝယ်သည့် ပဲအမျိုးအမည်၊ သီးနှံပဲထွက်ရှိသည့်ရာသီနှင့် ပဲအရည်အသွေး ရောင်းဝယ်သည့် ပမာဏ (တန်ချိန်) ဈေးနှုန်းတို့အပြင် ကုန်ပစ္စည်းလွှဲပြောင်း ထုတ်ယူမည့်ရက်တို့ကို ရေးသွင်းဖော်ပြထားရမည်ဟု သိရသည်။

တင်ပြလျှောက်ထားသော စာချုပ်မှတ်ပုံတင်လျှောက်လွှာကို စိစစ်မှတ်ပုံတင် ပြုလုပ်ပေးမည်ဖြစ်ပြီး မှတ်ပုံတင်ပြီးသော အရောင်းအဝယ် စာချုပ်မူရင်းကို မှတ်ပုံတင်သူများအား ပြန်ပေးမည်။

စာချုပ်အရ အရောင်းအဝယ်ပြုလုပ်သည့်ပဲများကို အပြီးအပိုင် ငွေပေးချေပြီး သယ်ယူတင်ပို့ပြီးပါက ၄၈ နာရီအတွင်း မှတ်ပုံတင်ထားသည့် အရောင်းအဝယ်စာချုပ် ငွေအပြေ ပေးချေပြီးကြောင်း ပြေစာနှင့် ကုန်ထုတ်ရယူပြီးကြောင်း ပြေစာများနှင့်အတူ ပူးတွဲ ဖော်ပြ၍ အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ပယ်ဖျက်ရန် လျှောက်လွှာတင်ပြပြီး စာချုပ်မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ရမည်ဟု သိရသည်။ ယင်း ပယ်ဖျက် လျှောက်လွှာတွင်လည်း မှတ်ပုံတင်သည့် လျှောက်လွှာပုံစံကဲ့သို့ အရောင်းအဝယ်နှင့် စပ်လျဉ်းသည့် အချက်အလက်များ ဖြည့်သွင်းရမည်ဟု သိရသည်။

ရန်ကုန်ပဲဈေးကွက်တွင် ပဲအရောင်းအဝယ်စာချုပ်များ မှတ်ပုံတင်ရန် မတ် ၆ ရက်က ထွက်ပေါ်လာပြီးနောက် မတ် ၇ ရက်တွင် မတ်ပဲ RC တစ်တန်လျှင် ငွေကျပ် ၆၇၈၀၀၀ နှုန်းဖြင့် ကုန်သေတ္တာ အလုံးရေ ၄၅ လုံး ပဲစင်းငုံနီ RC တစ်တန်လျှင် ငွေကျပ် ၇၀၅၀၀၀ နှုန်းဖြင့် ကုန်သေတ္တာ ငါးလုံး အရောင်းအဝယ် ဖြစ်ခဲ့သည် ဟု ကုန်စည်ဒိုင် နေ့စဉ် ဈေးနှုန်းစာရင်းများအရ သိရသည်။

ပြည်တွင်း ပဲအရောင်းအဝယ် ဈေးကွက်တွင် ကြိုတင်ဈေးနှုန်းများဖြင့် အရောင်းအဝယ်များရှိခဲ့ရာ ငွေကြေးအရှုပ်အရှင်းများ ဖြစ်ပေါ်တတ်သည်ကို ကြုံတွေ့ရသည်။ ပဲအရောင်းအဝယ်များ ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပြုလုပ်ပါက ကုန်ဖိုးငွေ၏ ၁၀ ရာခိုင်နှုန်းကို ကုန်စည်ဒိုင်အတွင်းရှိ ပုဂ္ဂလိကဘဏ်ခွဲတွင် စပေါ်ငွေပေးသွင်းထားခြင်းကို ပြုလုပ်စေသည်မှာ နှစ်အတန်ကြာလာခဲ့ပြီးနောက် ငွေကြေးပြဿနာဖြစ်ပွားခြင်းမရှိသည်ကို ကြုံတွေ့ရသည်။

ယခု ပဲအရောင်းအဝယ်စာချုပ်များ မှတ်ပုံတင်ခြင်း ကုန်ပစ္စည်းလက်ရောက်ရယူခြင်း ငွေအပြေပေးချေပြီးနောက် စာချုပ်မှတ်ပုံတင်ပယ်ဖျက်ခြင်းများကို ထပ်မံဆောင်ရွက်စေသဖြင့် ပဲလောကအတွင်း ကုန်ပစ္စည်းထုတ်ယူခွင့်စာရွက် DO များဖြင့် ကုန်ပစ္စည်းလက်ရောက်ရယူခြင်းမရှိဘဲ စာရွက်ပေါ်အခြေခံ အရောင်းအဝယ် ပြုလုပ်နေခြင်း လျော့နည်းသွားနိုင်မည်ဟု ပဲကုန်သည်တစ်ဦးက ပြောသည်။

**ခင်ဆိုင်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနလက်အောက်တွင် လစ်လပ်လျက်ရှိသော ဖော်ပြပါရာထူးများ (လစာနှုန်း-၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) အတွက် လျှောက်လွှာများ လျှောက်ထားနိုင်ပါသည်။

| စဉ် | ရာထူး/လစာနှုန်း(ကျပ်) | လစ်လပ် | ပညာအရည်အချင်း |
|---|---|---|---|
| ၁။ | ဆေးဘက်ကျွမ်းကျင်(၂)(ဆေးဝါး) | ၁၁၇ နေရာ | ဆေးဝါးသိပ္ပံဘွဲ့ |

၂။ လျှောက်ထားသူသည်
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့်ရက်တွင် အသက်(၃၀)ထက်မကျော်လွန်သူဖြစ်ရမည်။
(ဂ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismiss)ခြင်း၊ ထုတ်ပယ်(remove)ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာ ပယ်ဖျက်ခြင်းခံထားရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို ပြည့်စုံစွာပူးတွဲပေးပို့ရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ(သို့မဟုတ်)ဘွဲ့ရရှိကြောင်း ထောက်ခံချက်မူရင်းနှင့် အမှတ်စာရင်းမိတ္တူ
(ခ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ
(ဂ) တာဝန်ကျရာမည်သည့်ဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်နိုင်ကြောင်း ကတိပြုလွှာ
(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၊ ရဲစခန်းတို့မှ ထောက်ခံချက်မူရင်း
(င) စိတ်ရောဂါ၊ မူးယစ်စေသောအရက်စွဲ၊ ဆေးစွဲလက္ခဏာမရှိဘဲ ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ကုသရေးဦးစီးဌာနမှူး၏ ဆေးထောက်ခံစာမူရင်း
(စ) လျှောက်လွှာနှင့်အတူ လွန်ခဲ့သည့်(၃)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်အစား ဓာတ်ပုံ(၂)ပုံ
(ဆ) အလုပ်သမားမှတ်ပုံတင်မူရင်း
(ဇ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း

၄။ လစ်လပ်ရာထူးနေရာများတွင် ဆေးဘက်ကျွမ်းကျင်(၂)(ဆေးဝါး)အဖြစ်ခန့်ထားခြင်းခံရသူများသည် တာဝန်ချထားရာ ဆေးရုံ/ဌာနအသီးသီး၌ နိုင်ငံတာဝန်အား အနည်းဆုံး(၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး၊ တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက သတ်မှတ်ထားသော လျော်ကြေးငွေ ကျပ်(၄)သိန်းတိတိကို ပေးလျော်ရမည်။

၅။ လျှောက်လွှာများအား ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့လိပ်မူ၍ ၁၀-၄-၂၀၁၉ ရက် (၁၆း၀၀)နာရီ အရောက် ပေးပို့ရမည် ဖြစ်ပါသည်။ လျှောက်လွှာများပေးပို့ရာတွင် နောက်ဆုံးသတ်မှတ်ရက်တွင် ရောက်ရှိနိုင်ခြင်းမရှိဟု ယူဆပါက ပုဂ္ဂလိကချောပို့ဖြင့်လည်းကောင်း၊ လူကိုယ်တိုင်ဖြင့် လည်းကောင်း ပို့ဆောင်ခြင်းအား လက်ခံမည်ဖြစ်ပါသည်။

(သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ)

၆။ လျှောက်ထားသူ ဆေးဝါးသိပ္ပံဘွဲ့ရများသည် ၂၄-၄-၂၀၁၉ ရက်တွင် လာရောက် သတင်းပေးပို့ရမည်ဖြစ်ပြီး ၂၅-၄-၂၀၁၉ ရက်တွင် ရေးဖြေဖြေဆိုရမည်ဖြစ်ပါသည်။

၇။ ရေးဖြေဖြေဆိုအောင်မြင်သူများသည် ၂-၅-၂၀၁၉ ရက်တွင် လာရောက်သတင်းပို့ရမည်ဖြစ်ပြီး ၃-၅-၂၀၁၉ ရက်တွင် လူတွေ့ဖြေဆိုရမည်။

၈။ လျှောက်ထားသူများသည် ကုသမှုအထောက်အကူပြုဌာနခွဲ၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့ ရုံးချိန်အတွင်း လူကိုယ်တိုင်မပျက်မကွက် လာရောက် သတင်းပို့ရပါမည်။ လူတွေ့စစ်ဆေးခြင်း လာရောက်ဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း(သို့မဟုတ်) ဘွဲ့ထောက်ခံချက်၊ အမှတ်စာရင်းမူရင်း၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ် မူရင်းများကို ယူဆောင်လာရပါမည်။

၉။ အသေးစိတ်သိရှိလိုသည်များကို ကုသရေးဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော် ဖုန်း-၀၆၇-၄၁၁၂၇၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

၁၀။ လူတွေ့စစ်ဆေးမှုအတွက် သီးခြားအကြောင်းကြားစာ ပေးပို့မည်မဟုတ်ပါ။ သတ်မှတ်ချက်နှင့်မကိုက်ညီ၊ မပြည့်စုံသောလျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

**ကုသရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန
## နေပြည်တော်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး
## (ဒုတိယအကြိမ်) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၂၀၁၈- ၂၀၁၉ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့်ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များသည် သတ်မှတ်ချက်နှင့်အညီ တင်ဒါတင်သွင်းနိုင်ရန် (ဒုတိယအကြိမ်) ဖိတ်ခေါ်ပါသည်။

(၁) **နေပြည်တော်ကုသရေးဦးစီးဌာနတွင်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း**
- ဇမ္ဗူသီရိမြို့နယ်၊ ခုတင် (၁၀၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် တိုးချဲ့ နှစ်ထပ်ဆောင်RC (၁၆၈၀၀ စ/ပေ) ဆောက်လုပ်ခြင်းနှင့် ဆက်စပ် လုပ်ငန်းများ ၁ လုံး

(၂) **နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်း**
- ဒက္ခိဏသီရိမြို့နယ်၊ ကျေးစာဥကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံဆောက်လုပ်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ၁ လုံး

**မှတ်ချက်။** ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ကောင်စီ၏ (၂၀၁၈-၂၀၁၉) ဘဏ္ဍာနှစ်တွင်တည်ဆောက်မည့်လုပ်ငန်း (၇၆)ခုနှင့် နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် နေပြည်တော်ကုသရေးဦးစီးဌာနတို့၏ တည်ဆောက်ရေးလုပ်ငန်း (၁၃)ခုတို့တွင် နည်းပညာ (Technical Proposal) အောင်မြင်ထားသည့်လုပ်ငန်းရှင်များသည် နည်းပညာ (Technical Proposal)ထပ်မံ တင်သွင်းရန်မလိုဘဲ ဝင်ရောက်ယှဉ်ပြိုင်လျှောက်ထားနိုင်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်** - ၁၁-၃-၂၀၁၉ရက်
**ရောင်းချမည့် ရက်နှင့်အချိန်** နံနက် ၁၀း၀၀နာရီ
**တင်ဒါလျှောက်လွှာနောက်ဆုံး** - ၂၅-၃-၂၀၁၉ရက်
**တင်သွင်းရမည့်ရက်နှင့်အချိန်** ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များကိုသိရှိလိုပါက ရုံးချိန်အတွင်း ပြည်ထောင်စုနယ်မြေ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဖုန်း-၀၆၇-၅၅၀၀၇၆၊ ၀၆၇-၅၅၀၁၈၄သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**နေပြည်တော်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြောက်ဦးမြို့နယ်၊ တန်းပျဉ်းကြီးကျေးရွာတွင် ဆောက်လုပ်မည့် ချောင်းကူးတံတားငယ်(၁)ခုနှင့် မြောက်ဦး/မင်းပြားရှိ စီမံချက်ကျေးရွာများတွင် ဆောက်လုပ်မည့် Bulletin Board (၁၂)ခုတို့ကို ဆောက်လုပ်ရေးလုပ်ငန်းဆောက်လုပ်ခြင်းအတွက် အိပ်ပိတ်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံ စတင်တင်သွင်း** - ၁၁-၃-၂၀၁၉ ရက်၊
**ရမည့်ရက်နှင့်အချိန်** နံနက်(၁၀း၀၀)နာရီ
**တင်ဒါဖောင်များနောက်ဆုံး** - ၁၄-၃-၂၀၁၉ ရက်၊
**ထုတ်ယူနိုင်မည့်ရက်** ညနေ(၄း၀၀)နာရီ
**တင်ဒါပိတ်မည့်** - ၁၈-၃-၂၀၁၉ ရက်၊
**ရက်နှင့်အချိန်** ညနေ(၄း၀၀)နာရီ
**တင်ဒါရရှိမည့်နေရာ** - မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ထမ္မရာဇ်ရပ်ကွက်၊ ပြည်သူ့ဆေးရုံအနီး မြောက်ဦးမြို့နယ်

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းများအသေးစိတ်ကို သိရှိရန် ဖုန်း-၀၉-၂၅၃၉၃၀၄၅၅၊ ၀၉-၂၅၃၈၃၈၁၉၉ email-(hlaingcho91 @gmail.com) သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (စက်ပစ္စည်း) အသုံးစရိတ်ရန်ပုံငွေဖြင့် အဆောက်အဦသုတေသနဓာတ်ခွဲခန်းများရုံး (အထက်မြန်မာပြည်)တွင် ဘိလပ်မြေ၊ ကျောက်၊ သဲ၊ သံချောင်း အရည်အသွေးစမ်းသပ်ရာတွင် အသုံးပြုမည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၃-၂၀၁၉ ရက်မှ ၃၀-၃-၂၀၁၉ ရက် ညနေ(၄း၃၀နာရီ) အထိ

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - အဆောက်အဦ သုတေသန ဓာတ်ခွဲခန်းများရုံး (အထက်မြန်မာပြည်)

၄။ **တင်ဒါတင်သွင်းမည့်ပစ္စည်း၏ Specification တင်ပြရမည့် ရက်/အချိန်** - ၁-၄-၂၀၁၉ရက်မှ ၁၂-၄-၂၀၁၉ရက် ညနေ(၄း၃၀နာရီ)အထိ

၅။ **အိတ်ဖွင့်တင်ဒါပြုလုပ်မည့် ရက်နှင့်အချိန်** - ၂၃-၄-၂၀၁၉ရက် နံနက်(၁၀း၀၀)နာရီ

၆။ **အိတ်ဖွင့်တင်ဒါ ပြုလုပ်မည့်နေရာ** - (၂)ထပ်ဆောင် အောက်ထပ် အစည်းအဝေးခန်းမ၊ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ်(၄၀)၊နေပြည်တော်

၇။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ဖော်ပြပါဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အဆောက်အဦသုတေသနဓာတ်ခွဲခန်းများရုံး(အထက်မြန်မာပြည်)**
**အဆောက်အဦဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ရုံးဖုန်း-၀၉-၇၆၅၂၃၃၅၀၉**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းများအား မြန်မာကျပ်ငွေ (Kyat) ဖြင့် လုပ်ငန်းအပ်နှံလိုပါသည်-
(က) JICA Phase-II (MY-P17) ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ တာလောကြီးကျေးရွာအုပ်စုရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ၆၆/၃၃ ကေဗွီ၊ ၃၀ အမ်ဗွီအေဓာတ်အားခွဲရုံ၊ 66 kV Switch Bay နှင့် 33 kV Switch Bay တည်ဆောက်ခြင်း လုပ်ငန်းများအား Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း
(ခ) JICA Major Cities (MY-P20) ဖြင့် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ စင်ခန်းကျေးရွာတွင် ၆၆/၁၁ ကေဗွီ၊ ၁၀ အမ်ဗွီအေထရန်စဖော်မာ Switch Bay, 66 kV Incoming Switch Bay နှင့် 66 kV Outgoing Switch Bay တည်ဆောက်ခြင်း လုပ်ငန်းများအား Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်း

**တင်ဒါပိတ်မည့်ရက်** - ၁၁-၄-၂၀၁၈ရက်
**တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် ၁၂း၀၀နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို Web Portal (www.moee.gov.mm) ၌ အသေးစိတ်ကြည့်ရှု၍ Download ဆွဲယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊**
**Fax -၀၆၇-၈၁၀၄၂၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၅၆၀)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးညွန့်ဝင်း (ဘ) ဦးသံချောင်း ၉/လဝန(နိုင်)၀၅၈၃၇၉ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်သင်းခိုင် (ဘ) ဦးသိန်းရွှေ ၈/နမန(နိုင်)၁၄၆၀၂၉မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်း ထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး
## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ ပုဇွန်တောင်မြို့နယ်တွင် နှစ်ခန်းတွဲ လေးထပ်၊ ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ လျှောက်လွှာပုံစံများအား ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး (ပြည်လမ်းနှင့် အလုံလမ်းထောင့်၊ အစိုးရအဖွဲ့ရုံးဝင်း)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ **တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၁၁-၃-၂၀၁၉ရက်
**တင်ဒါဖွင့်ဖောက်မည့် ရက်/အချိန်** - ၁-၄-၂၀၁၉ရက်၊ ၁၃း၀၀နာရီ

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ဖုန်း-၀၁-၈၃၀၂၅၆၃၊ ၀၁-၈၃၀၂၅၆၄**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ရှေးဟောင်းအမွေအနှစ်အဆောက်အအုံစာရင်းဝင် နှစ်ထပ်ရုံးအဆောက်အအုံအား အကြီးစားမွမ်းမံခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ပြည်တွင်းလုပ်ငန်းရှင်များမှ တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၁-၃-၂၀၁၉ရက် (တနင်္လာနေ့)

၃။ **တင်ဒါပိတ်သိမ်းမည့်ရက်** - ၁၀-၄-၂၀၁၉ရက် (ဗုဒ္ဓဟူးနေ့)

၄။ **တင်ဒါပိတ်သိမ်းမည့်အချိန်** - ၁၆း၃၀ နာရီ

၅။ အသေးစိတ်သိရှိလိုပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ စီမံရေးရာဌာနခွဲ၊ အုပ်ချုပ်မှုဌာနစု၊ ဖုန်း-၀၆၇-၃၄၀၈၄၆၄၊ ၀၉-၅၁၈၁၁၁၄သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## အိတ်ဖွင့်(Open Tender)ခေါ်ယူခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ မြိတ်တက္ကသိုလ်တွင် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်တည်ဆောက်ရေးလုပ်ငန်း(၁)ခုဖြစ်သော မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်း (၆၀၀'×၄၀၀')တည်ဆောက်ခြင်းလုပ်ငန်းအား ဆောင်ရွက်ရန်ရှိပါသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရ ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

အိတ်ဖွင့်တင်ဒါလျှောက်လွှာအား ရုံးချိန်အတွင်း မြိတ်တက္ကသိုလ် အင်ဂျင်နီယာဌာနတွင် ဝယ်ယူနိုင်ပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၁-၃-၂၀၁၉ ရက် (တနင်္လာနေ့)
**တင်ဒါပိတ်မည့်ရက်** - ၂၅-၃-၂၀၁၉ ရက် (တနင်္လာနေ့)
**တင်ဒါဖွင့်သည့်နေရာ** - မြိတ်တက္ကသိုလ်

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြိတ်တက္ကသိုလ် အင်ဂျင်နီယာဌာန ဖုန်း-၀၉-၇၉၉၇၅၆၇၂၉၊ ၀၉-၇၉၁၅၈၃၉၇၁၊ ၀၉-၆၈၃၄၃၆၅၇၁ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**မြိတ်တက္ကသိုလ်**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၃၅၄)၊ ဧရိယာ ၀ဒသမ၀၈၂ဧကရှိ ဦးကျော်ဝေ (ဘ)ဦးမြအေး ၉/လဝန(နိုင်)၀၅၀၁၀၀ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်တင်ဇာထွန်း(ဘ)ဦးဆန်းထွန်း ၉/စကတ(နိုင်)၀၇၆၀၅၀မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ မြေကွက်အမှတ် (TZ-၂၀၀၆)၊ ဧရိယာ ၀ဒသမ၂၂၉ ဧကရှိ TZTM ကုမ္ပဏီ အမည်ပေါက် ပါမစ်မြေကွက်အား ဦးခွန်သန်းထူး(ဘ)ဦးစံအေး ၁၃/ဆဆန(နိုင်)၀၁၅၆၂၃မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၄၉၁၁)၊ ဧရိယာ ၀ဒသမ၀၈၂ ဧကရှိ ဦးဇော်ဝင်းစိုး (ဘ) ဦးသိန်းလှ ၉/လဝန(နိုင်)၁၆၇၇၃၈ အမည်ပေါက် ပါမစ်မြေကွက်အား ဦးနေဝင်း (ဘ)ဦးစိုး ၇/ညလပ(နိုင်)၀၉၉၇၄၇မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၃၅၀)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးသန်း (ဘ)ဦးငယ် ၉/လဝန(နိုင်)၀၀၇၁၄၁ အမည်ပေါက် ပါမစ်မြေကွက်အား ဦးမြစံ (ဘ)ဦးဘိုလေး ၉/မလန(နိုင်)၀၆၉၄၂၉ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက် မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ်(ဒ-၃၃၃၃၅)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဒေါ်ဇပြီလဲ့ထွန်း(ဘ) ဦးထွန်းကြည် ၉/ခအဇ(နိုင်)၀၀၄၂၂၄ အမည်ပေါက် ပါမစ်မြေကွက်အား ဦးရုံအား (ခ)သိန်းဝင်း (ဘ)ဦးလီရှင်းကွာ ၁၃/မကန(ပြု)၀၀၀၀၀၆မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၄၇၈၂)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးဘာရှား အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်စိုးနန္ဒာဦး(ဘ) ဦးဝွမ်ဆိုင်(ခ)ကြည်ဦး ၁၂/လမန(နိုင်) ၁၃၅၈၅၇မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ကိုယ်တိုင် ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော် ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း-၂၊ မြေကွက်အမှတ် (၄၇၈၅)၊ ဧရိယာ ၀ဒသမ၀၅၅ ဧကရှိ ဦးဇော်ချစ်ဦး အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်စိုးနန္ဒာဦး(ဘ) ဦးဝွမ်ဆိုင်(ခ)ကြည်ဦး ၁၂/လမန(နိုင်) ၁၃၅၈၅၇မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ရောင်းသူ/ဝယ်သူကျမ်းကျိန်လွှာ၊ လျှောက်ထားသူ၏ ကိုယ်တိုင်ကတိဝန်ခံချက်၊ နှစ်ဦးနှစ်ဖက်သဘောတူကတိဝန်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ်သစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထား ခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံး လုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

ARYU INTERNATIONAL HOSPITAL
GLOBAL CARE within reach

အာယုအင်တာနေရှင်နယ်ဆေးရုံကြီးတွင်
ပြင်ပလူနာဌာနနှင့်အတွင်းလူနာဌာနဝန်ဆောင်မှုများ
ပြီးပြည့်စုံစွာရရှိနိုင်ပြီဖြစ်ပါသည်။



အမှတ် - ၄၀၀၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၀၁-၉၃၇၆၂၀၀ www.aryuhospital.com

PUN HLAING SILOAM HOSPITALS

"နိုင်ငံခြားသို့သွားရောက်ကုသရန်မလိုတော့ပါ"
စင်ကာပူနိုင်ငံမှဆရာဝန်ကြီးလာရောက်ကုသပေးမည့်အစီအစဉ်

နှလုံးသွေးကြောကျဉ်းရောဂါရာဖွေကုသခြင်းပေါင်းများစွာတို့ကိုအောင်မြင်စွာပြုလုပ်ပေးနိုင်ခဲ့သော
နိုင်ငံတကာအတွေ့ အကြုံရှိ မြန်မာနိုင်ငံမှနှလုံးအထူးကုဆရာဝန်ကြီးများနှင့်
စင်ကာပူနိုင်ငံမှဆရာဝန်ကြီးတို့ပူးပေါင်း၍ ကုသပေးနေပါပြီ....



- နှလုံးသွေးကြောပုံရိပ်ဖော်ခြင်း
- နှလုံးသွေးကြောထောက်ကိရိယာ (Stent) ထည့်သွင်းကုသခြင်း

မတ်လ (၁၅) ရက်နေ့မှ (၁၇) ရက်နေ့အထိ

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈၄၃၂၃၊ ၃၆၈၄၃၂၅၊ ၃၆၈၄၃၃၆၊ (၀၉) ၄၂၀၀၄၂၆၇၉၊ (၀၉) ၂၅၄၉၅၀၈၁၇ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁

Like us on facebook Pun Hlaing Siloam Hospitals

MNC
MYANMAR NOBLE COLLEGE




တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုပြီး၍
တန်ဖိုးရှိလှတဲ့နွေရာသီကျောင်းပိတ်ရက်မှာ MNC တွင်
HND Preparatory Course ကိုတက်ရောက်ခြင်းဖြင့်
Higher National Diploma ကိုအချိန်တိုအတွင်း
ငွေကုန်သက်သာစွာဖြင့် သင်ယူနိုင်ပါပြီ. . .

Business/Engineering

University of East London
Pearson

HND PREPARATORY COURSE
တက္ကသိုလ်ဝင်တန်းအောင်လျှင် HND Foundation
တက်ရန်မလိုပဲ HND Year I ကိုတိုက်ရိုက်သင်ယူနိုင်မည့်
အခွင့်အရေး ...

April Intake
Enroll Now

Early Bird Promotion Discount
100,000 ks
Untill 30th March

အမှတ်(၆-က)၊ စိန်ပန်းမြိုင်လမ်းဆုံး ၊ ကြီးစက်ရုံလမ်း ၊ (ခ)ရပ်ကွက် ၊ သုဝဏ္ဏ ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ ။
ဖုန်း - ၀၁ - ၂၃၃၁၂၇၆ ၊ ၂၃၃၁၂၅၇ ၊ ၂၃၃၁၂၆၄ ၊ ၂၃၃၁၂၄၅ ၊ ၀၉ - ၄၄၈၀၆၆၆၆၀

# AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲများ မတ် ၁၂ ရက် ကျင်းပမည်

**ရန်ကုန် မတ် ၉**

မြန်မာကလပ်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်နေသည့် ၂၀၁၉ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုဒုတိယပွဲများကို မတ် ၁၂ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရှမ်းယူနိုက်တက်အသင်းက အိမ်ကွင်း၊ ရန်ကုန်အသင်းက အဝေးကွင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာကလပ်အသင်းနှစ်သင်းစလုံး အဖွင့်ပွဲတွင် အရေးနိမ့်ခဲ့သောကြောင့် နောက်တစ်ဆင့် တက်ရောက်နိုင်ရန် လက်ကျန်ပွဲတိုင်းမှာ အရေးပါနေပြီး ယခုတစ်ပတ်တွင် မဖြစ်မနေ အနိုင်ကစားရမည်ဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် အင်ဒိုနီးရှားကလပ် ပါစီဂျာ ဂျကာတာအသင်းနှင့် အိမ်ကွင်းပွဲ ကစားရမည်ဖြစ်ပြီး ရန်ကုန်အသင်းမှာမူ ကမ္ဘောဒီးယားကလပ် နာဂါဝေါအသင်းနှင့် အဝေးကွင်း ကစားရမည်ဖြစ်သည်။

*စာမျက်နှာ ၁၂ ကော်လံ ၄* ❐



AFC Cup ပြိုင်ပွဲ ယှဉ်ပြိုင်နေသည့် ရှမ်းယူနိုက်တက်အသင်း။ ဓာတ်ပုံ-စိုးညွန့်

## တက္ကသိုလ်ဝင်စာမေးပွဲ စိတ်ကြိုက်မြန်မာစာဘာသာရပ် ယနေ့ဖြေဆို

**နေပြည်တော် မတ် ၉**

တက္ကသိုလ်ဝင်စာမေးပွဲ စိတ်ကြိုက်မြန်မာစာဘာသာရပ်ကို ယနေ့ နံနက်ပိုင်း၌ သက်ဆိုင်ရာစာစစ်ဌာနများ၌ ဖြေဆိုကြသည်။

ယနေ့ဖြေဆိုသည့် စိတ်ကြိုက်မြန်မာစာဘာသာရပ်ကို ရန်ကုန်တိုင်းဒေသကြီးတွင် တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် တစ်ဦး၊ ရခိုင်ပြည်နယ်တွင် တစ်ဦး၊ စုစုပေါင်း (၃)ဦး ဖြေဆိုခဲ့ကြောင်း စာစစ်ဦးစီးဌာနမှ သိရသည်။ **သတင်းစဉ်**

## နိုင်ငံပိုင်သတင်းစာများ ဈေးနှုန်းပြောင်းလဲရောင်းချမည်

**နေပြည်တော် မတ် ၉**

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်ဝေလျက်ရှိသော မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများနှင့် ပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်းထုတ်ဝေလျက်ရှိသော The Global New Light of Myanmar သတင်းစာတို့၏ ပင်ရင်းဈေးနှုန်းများကို တစ်စောင်လျှင် ငွေကျပ် (၅၀) နှုန်းဖြင့် ရောင်းချလျက်ရှိရာမှ ၂၀၁၉ ခုနှစ် ဧပြီ ၁ ရက်မှစတင်၍ ငွေကျပ် (၁၀၀) နှုန်းဖြင့် ပြောင်းလဲရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# နိုင်ငံတကာခြေစမ်းပွဲများအတွက် မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၂၇ ဦးဖြင့် ဖွဲ့စည်း



မြန်မာ့လက်ရွေးစင်အသင်း၌ ပြန်လည်ရွေးချယ်ခံရသည့် တိုက်စစ်မှူး ဇင်မင်းထွန်း။ ဓာတ်ပုံ-စိုးညွန့်

**ရန်ကုန် မတ် ၉**

ယခုလအတွင်း ယှဉ်ပြိုင်ရမည့် နိုင်ငံတကာခြေစမ်းပွဲများအတွက် မြန်မာ့လက်ရွေးစင်အသင်းကို ပဏာမကစားသမား ၂၇ ဦးဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းကို လက်ရှိ MNL အမှတ်ပေးပြိုင်ပွဲတွင် ခြေစွမ်းပြနေသည့် ကစားသမားအများစုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် **အုပ်ချုပ်သူ** - ဦးမြင့်သိန်း(ရန်ကုန်)၊ **နည်းပြချုပ်** - ဦးမျိုးမင်းထွန်း(ရန်ကုန်)၊ **လက်ထောက်နည်းပြ** - ဦးဇော်လင်းထွန်း(စစ်ကိုင်း)၊ ဦးစိုးမိုး(ရောဝတီ)၊ **ကြံ့ခိုင်ရေးနည်းပြ** - ဦးမျိုးလှိုင်ဦး (ရန်ကုန်)၊ **ဂိုးနည်းပြ** - ဦးစိုင်းမောင်မောင်ဦး (ရတနာပုံ)၊ ကစားသမားများအဖြစ် **ဂိုးသမား** - ကျော်ဇင်ထက် (ရန်ကုန်)၊ ကျော်ဇင်ဖြိုး (ရောဝတီ)၊ နိုင်ဇေယျာထွန်း (ဖွဲ့ကပင်)၊ **နောက်တန်း** - ဒေးဗစ်ဒန်း၊

*စာမျက်နှာ ၁၂ ကော်လံ ၅* ◆

# မန္တလေးမြို့၌ ကျင်းပမည့် အာရှ ယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့်ပွဲများထွက်ပေါ်

**မန္တလေး မတ် ၉**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ အာရှယူ- ၁၉ အမျိုးသမီးခြေစစ်ပွဲ ဒုတိယအဆင့် အုပ်စုပွဲများ ထွက်ပေါ်လာပြီဖြစ်ပြီး မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ဥဇဘက်ကစ္စတန်အသင်းနှင့် အဖွင့်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲကို အုပ်စု နှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် သြစတြေးလျ၊ ဥဇဘက်ကစ္စတန်၊ မြန်မာ၊ နီပေါ၊ အုပ်စု (ခ) တွင် တောင်ကိုရီးယား၊ ဗီယက်နမ်၊ အီရန်၊ လက်ဘနွန်အသင်းတို့ ပါဝင်နေသည်။ အုပ်စု (က) ပွဲစဉ်များကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်ပြီး တစ်နေ့လျှင် နှစ်ပွဲနှုန်းဖြင့် ဧပြီ ၂၆ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲများအဖြစ် မြန်မာအသင်းသည် ဧပြီ ၂၆ ရက်တွင် ဥဇဘက်ကစ္စတန်အသင်း၊ ဧပြီ ၂၈ ရက်တွင် သြစတြေးလျအသင်း၊ ဧပြီ ၃၀ ရက်တွင် နီပေါအသင်းနှင့် ယှဉ်ပြိုင် ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲတွင် အုပ်စုတစ်ခုစီမှ နှစ်သင်းစီ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် ဥဇဘက်ကစ္စတန်အသင်းနှင့် အဓိကယှဉ်ပြိုင်ရဖွယ်ရှိနေသည်။

မြန်မာ ယူ-၁၉ အသင်းသည် ဂျပန်-အာဆီယံ ဖိတ်ခေါ်ပြိုင်ပွဲအပြီးတွင် လေ့ကျင့်မှုရပ်နားထားပြီး မတ် ၁၁ ရက်တွင် ပြန်လည်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာအမျိုးသမီးအသင်းသည် ခြေစစ်ပွဲမတိုင်မီ အသင်းကို ပြင်ဆင်မှုများစွာ ပြုလုပ်မည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ခြေစမ်းပွဲများ ထပ်မံကစားမည်ဖြစ်သည်။ ယင်းအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်မည်ဖြစ်ပြီး ပဏာမကစားသမား ၃၀ ဖြင့် လေ့ကျင့်ပြင်ဆင်မည်ဖြစ်သည်။ **သတင်း-ညီမြတ်သော်တာ**

**ဓာတ်ပုံ-စိုးညွန့်**



မြန်မာယူ-၁၉ အမျိုးသမီးအသင်း တိုက်စစ်မှူးစန်းသော်သော်

